The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 25, NO. 2 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | February 3, 2025

# ဝါသီးနှံ စိုက်ပျိုးမှုမှသည် ဝါဂွမ်းနှင့် ဝါစေ့ဆီသို့

စာမျက်နှာ - 11 ➤













## ပြည်ပဝင်ငွေ တိုးမြှင့်ဖို့ ဝဥ သီးနှံ တိုးချဲ့ထုတ်လုပ်စို့

စာမျက်နှာ - 19 ➤

## ပဲစင်းငုံ လွတ်လပ်စွာတင်သွင်းခွင့်အား ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်အထိ အိန္ဒိယအစိုးရ တိုးမြှင့်

စာမျက်နှာ - 24 ➤

## ငွေချေးစာချုပ် ဈေးကွက်နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု (၁)

စာမျက်နှာ - 27 ➤




AUNG THAMARDI
DIAMOND
DIAMOND JEWELLERY
GlobalGROUP
ISO 9001:2015
UKAS
QUALITY MANAGEMENT
039
Registration No. 48Q16376
www.aungthamardigold.com
Aung Thamardi Gold,Jewellery Shops & Refinery
01-8377733 , 02-4071744

# ပို့ကုန်နှစ်ဆ တိုးမြှင့်တင်ပို့နိုင်ရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိသည့် မြိတ်ကုန်သွယ်ရေးစခန်း

မြိတ်ကုန်သွယ်ရေးစခန်းသည် မြန်မာ့ပို့ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ တင်ပို့နိုင်ရေးအတွက် တွန်းအားပေး ဆောင်ရွက်လျက်ရှိသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ နယ်စပ် ကုန်သွယ်ရေးစခန်းတစ်ခု ဖြစ်သည်။ မြိတ်ကုန်သွယ်ရေးစခန်းမှ အများဆုံး တင်ပို့သည့် ပို့ကုန်ပစ္စည်းများမှာ ရော်ဘာကုန်ကြမ်း၊ ကြက်သွန်နီနှင့် ငါးအမှုန့်တို့ဖြစ်သည်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံ၊ ရနောင်းသို့ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်း စသည့် ရေထွက်ကုန်ပစ္စည်းအမျိုးမျိုး တင်ပို့မှုများစွာ ရှိခဲ့သော်လည်း ကော့သောင်းစခန်းအား Check Point အဖြစ် သတ်မှတ်ပြီးနောက်ပိုင်း ရေထွက်လုပ်ငန်းရှင်များအနေဖြင့် မြိတ်မြို့ အနီးဝန်းကျင် ပင်လယ်ပြင်မှ ဖမ်းဆီးရမိသည့် ရေထွက်ပို့ကုန် ပစ္စည်းများအား အချိန်၊ လူ၊ ကုန်ကျစရိတ်၊ စက်သုံးဆီ စသည်တို့ သက်သာစေရေးနှင့် လတ်ဆတ်မှု အရည်အသွေးများ ကျဆင်းမှုမဖြစ်စေရေးအတွက် ငါးဖမ်းပြီး ကော့သောင်းစခန်းတွင် စစ်ဆေးမှု ခံယူကာ ထိုင်းနိုင်ငံ ရနောင်းသို့ တိုက်ရိုက်တင်ပို့ ဆောင်ရွက်လျက်ရှိသည်။ မြိတ်ကုန်သွယ်ရေး စခန်းအနေဖြင့် ကော့သောင်း ပို့ကုန်တိုးမြှင့်ရေးကို သွယ်ဝိုက်သည့် နည်းလမ်းဖြင့် ပံ့ပိုးလျက်ရှိသည်။

မြိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် မြိတ်မြို့ရှိ ငါးအမှုန့်စက်ရုံများမှ ထွက်ရှိသည့် ငါးအမှုန့်များနှင့် ရော်ဘာ ကုန်ကြမ်းစက်ရုံမှ ရော်ဘာကုန်ကြမ်းများကို ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ရေး တွန်းအားပေး စည်းရုံးဆောင်ရွက်နိုင်ခဲ့ပြီး ပြည်ပသို့ စဉ်ဆက်မပြတ် တင်ပို့လျက်ရှိသည်။

ရော်ဘာကုန်ကြမ်းများ ပြည်ပတင်ပို့နိုင်ရေးအတွက် မြိတ်မှ ထိုင်းနိုင်ငံ၊ ရနောင်းသို့ လည်းကောင်း၊ မြိတ်မှ မလေးရှားနိုင်ငံ ပီနံသို့လည်းကောင်း တိုက်ရိုက်တင်ပို့ခြင်းဖြင့် နယ်စပ်ကုန်သွယ်မှု ဆောင်ရွက်သကဲ့သို့ ရော်ဘာကုန်ကြမ်းများကို မြိတ်မြို့ ရော်ဘာစက်ရုံမှ ရန်ကုန်မြို့သို့ သယ်ဆောင်၍ ပင်လယ်ရေကြောင်း ပို့ကုန်အဖြစ် တရုတ်နိုင်ငံသို့ တင်ပို့မှုများလည်းရှိသည်။ နှစ်နှစ်နီးပါးခန့် ဈေးကွက်ဝယ်လိုအား ပျောက်ကွယ်နေသည့် မြန်မာ့တံမြက်စည်း တန် ၃၀ ကို ဇန်နဝါရီလအတွင်းတွင် ထိုင်းနိုင်ငံသို့ပြန်လည်တင်ပို့နိုင်ရေး ချိတ်ဆက် ဆောင်ရွက်နိုင်ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ထွက်ရှိသည့် ကြက်သွန်နီများကို မြိတ်မှရေလမ်းဖြင့် တင်ပို့နိုင်ရေး ကြက်သွန်နီ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်နိုင်ခဲ့သဖြင့် မြိတ်မှ ကြက်သွန်နီကိုလည်း တင်ပို့နိုင်ခဲ့သည်။

မြိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် ယခုကာလတွင် ဈေးကွက် ပျောက်ကွယ်သွားသည့် ပို့ကုန်အမယ်များကို ဖော်ထုတ်၍ ပြန်လည်တင်ပို့နိုင်ရေး ဆောင်ရွက်ခြင်း၊ ပို့ကုန်အမယ်သစ်များ တင်ပို့နိုင်ရေး ဈေးကွက်သစ်များ ရှာဖွေချိတ်ဆက်ခြင်းများကို စဉ်ဆက်မပြတ် တွန်းအားပေး ဆောင်ရွက်ခြင်းတို့ဖြင့် ပို့ကုန်နှစ်ဆ တိုးမြှင့်တင်ပို့နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**မြိတ်ကုန်သွယ်ရေးစခန်း**

## ပြည်ပပို့ကုန် ဝန်ဆောင်ခ လျှော့ချနိုင်ရေး နည်းလမ်းကောင်းများ ရှာဖွေထုတ်လုပ်တင်ပို့

သီးနှံပို့ကုန်တစ်မျိုး ပြည်ပဈေးကွက် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် သီးနှံအရည်အသွေးပြည့်မီပြီး စားသုံးသူဘေး ကင်းလုံခြုံစေရန် လိုအပ်သကဲ့သို့ စိုက်ပျိုးထုတ်လုပ်တင်ပို့မှု ကုန်ကျစရိတ် လျှော့ချနိုင်ရေးသည် စိုက်ပျိုးတောင်သူများအတွက် အဓိကအချက်ဖြစ်သည်။ ထုတ်လုပ်တင်ပို့မှု ကုန်ကျ စရိတ်တွင် သီးနှံတစ်ဧကကုန်ကျစရိတ်နှင့် သယ်ယူပို့ဆောင်မှု ဝန်ဆောင်ခဟူ၍ အချက်များပါဝင်သည်။ ပြည်ပပို့ကုန် အခန်းကဏ္ဍတွင် ကုန်ကျစရိတ်ကြီးမားသဖြင့် သယ်ယူပို့ဆောင်ခ စရိတ်လျှော့ချနိုင်ရေးကို စိုက်ပျိုးထုတ်လုပ်သူလုပ်ငန်းရှင်များမှ နည်းလမ်းကောင်းများ ရှာဖွေကြံဆလာကြသည်ကို တွေ့ရှိလာရသည်။

ကျောက်ဆည်နယ်မှ ဖရဲပျိုးပင်ပေါက်များကို ကျိုင်းတုံ ခရိုင် မိုင်းယောင်းဒေသသို့ တင်ပို့ပြီး မိုင်းယောင်းဒေသတွင် ဧက ၁၂၀ ကျော်ကို ယခင်နှစ်က စမ်းသပ်စိုက်ပျိုးခဲ့သည်။ ထိုသို့ စိုက်ပျိုးထုတ်လုပ်၍ တရုတ်နိုင်ငံသို့ မိုင်းယောင်းဒေသမှ တန်ချိန် ၁၆၀၀ ကျော် တင်ပို့နိုင်ခဲ့သည်။ ဖရဲကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးထားပြီး နှစ်စဉ်တင်ပို့ခဲ့သည်။ ယခုနှစ်တွင်လည်း ဖရဲသီးနှံများ စိုက်ပျိုးထွက်ရှိနေပြီး ပြည်ပဈေးကွက်သို့ စတင်တင်ပို့နေပြီးဖြစ်သည်။ မတ်လမှ ဧပြီလအထိ မြန်မာနိုင်ငံ အလယ်ပိုင်း ဖရဲထွက်ရှိမှုနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းဒေသဖရဲထွက်ရှိမှုကို ချိန်ဆ၍ တင်ပို့မှုကို တိုးမြှင့်နိုင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

ဖရဲသီးတစ်ဧက စိုက်ပျိုးထုတ်လုပ်ရန် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွင် သိန်း ၆၀ ခန့်ကုန်ကျ၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းဒေသတွင် ကျပ်သိန်း ၇၀ ကျော် ကုန်ကျကြောင်း သိရသည်။ ဖရဲတစ်ဧက အထွက်နှုန်းမှာ ၁၅ တန်မှ ၁၇ တန်ထိတွက်ရှိပြီး ယခုပြည်ပဈေးကွက်ပေါက်ဈေးမှာ ဖရဲတစ်တန်လျှင် ယွမ် ၂၅၀၀ ဝန်းကျင်ရှိရာ တစ်တန်လျှင် မြန်မာပေါက်ဈေး ကျပ် ၁၅ သိန်းခွဲမှ ၁၆ သိန်းခန့်ရှိကြောင်း သိရသည်။ တရုတ်ငွေကြေးဈေးကွက်အရ ဈေးနှုန်းပြောင်းလဲနိုင်ကြောင်း သိရသည်။ တစ်ဧကအထွက်နှုန်းမှာ ၁၂ ဘီး ကားတစ်စီး သယ်ယူနိုင်သောတန်ချိန်ထွက်ရှိသော ဖရဲကားတစ်စီး တရုတ်ဈေးကွက် ရောင်းရငွေ ကျပ်သိန်း ၂၅၀ ကျော် ရရှိမည်ဖြစ်သည်။ စစ်ကိုင်း ချောင်းဦးဒေသဈေးကွက်သို့ သယ်ယူစရိတ် ကျပ်သိန်း ၁၀၀ ခန့် ကုန်ကျသော်လည်း၊ မိတ္ထီလာနှင့် နေပြည်တော် ခရိုင်များမှ ပို့ဆောင်လျှင် ကျပ်သိန်း ၆၀ ခန့်သာကုန်ကျသည်။

ထိုကဲ့သို့သော အားနည်းချက်၊ အားသာချက်များကို လေ့လာဆန်းစစ်၍ ဖရဲကုမ္ပဏီတစ်ခုမှ ယခုနှစ်တွင် ထုတ်လုပ်မှုတိုးတက်ရန် ဖရဲပျိုးပင်ပေါက် သုံးသိန်းကျော်မှာယူထား ပြီး ဧက ၁၅၀ မှ ၂၀၀ ခန့်အထိ စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ပျိုးပင်တစ်ပင်လျှင် မိုင်းယောင်းဒေသအရောက် ကျပ် ၁၅၀၀ ခန့်ကျသင့်ကြောင်း သိရသည်။ ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် စိုက်ပျိုးပြီး မတ်လနှင့် ဧပြီလများတွင် ပြည်ပဈေးကွက်သို့ ဖရဲတင်ပို့ ရောင်းချနိုင်မည်ဟု သိရသည်။ ရှမ်းပြည်နယ်သည် စိုက်ပျိုးမြေ ပေါများကျယ်ဝန်းခြင်း၊ စိုက်ပျိုးရေးကျွမ်းကျင် လုပ်သားများ ပေါများခြင်း၊ ပြည်ပဈေးကွက်နှင့် ခရီးလမ်းတိုတောင်းသဖြင့် ပြည်ပဈေးကွက်ဝင် သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့မှု ပြုရာတွင် အားသာချက်များစွာ ရှိနေခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံလိုသူများ ရင်းနှီးမြှုပ်နှံရန်အတွက် သင့်လျော်ကြောင်း အကြံပြုရေးသားအပ်ပါသည်။

**တင်ဌေး (တောင်ကြီး)**

## ပြည်ပ ဘိလပ်မြေများ တင်သွင်းရောက်ရှိမည်

နိုင်ငံတစ်ဝန်း ယခုပွင့်လင်းရာသီချိန်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အချိန်မီ ပြီးစီးနိုင်ရေးအတွက် ဘိလပ်မြေလိုအပ်ချက်များအား ပြည်တွင်း ဘိလပ်မြေစက်ရုံများ၏ ထုတ်လုပ်မှုများအပြင် ပြည်ပမှ ဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါ ပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

## မြဝတီကုန်သွယ်ရေးဇုန်၏ တစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်၏ ဇန်နဝါရီ ၁၈ ရက်မှ ၂၄ ရက်ထိ ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ဒသမ ၃၉၅ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၃ ဒသမ ၅၉၉ သန်းဖြစ်ပြီး ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၉၄ သန်းဖြစ်သည်။ ယခင်တစ်ပတ် လုပ်ငန်းဆောင်ရွက်မှုနှင့်နှိုင်းယှဉ်ပါက ပို့ကုန်တွင် တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၂၂၀ သန်း လျော့နည်းခဲ့ပြီး သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၇၈၄ သန်းပိုမိုခဲ့ခြင်းကြောင့် ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၅၆၄ သန်း ပိုမိုခဲ့ကြောင်း သိရသည်။

ပို့ကုန်ပိုင်းတွင် လျော့နည်းခြင်းမှာ လယ်ယာထွက်ပစ္စည်းအုပ်စု၊ ရေထွက်ပစ္စည်းအုပ်စုနှင့် တိရစ္ဆာန်ထွက်ပစ္စည်းအုပ်စုတို့မှ တင်ပို့မှုလျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။ သွင်းကုန်ပိုင်းတွင် ယခုတစ်ပတ်၌ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စုမှ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၄ သန်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၆၂၆ သန်း၊ လူသုံးကုန်ပ စ္စည်း အုပ်စုတွင် တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၀၉၄သန်း ပိုမိုခဲ့ခြင်းကြောင့်ဖြစ်သည်။

**အိမ့် (DOT)**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
သောင်းနိုင်၊ ခင်မောင်လှိုင်၊ နီနီကျော်

**စာတည်းမှူးချုပ်**
ညီညီအောင်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ကျော်ကျော်

**အုပ်ချုပ်ရေးမှူး**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး

**သတင်းထောက်များ**
သဇင်(မအူပင်)
ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)
သင်းသင်းအေး(မုံရွာ)
မျိုးဝင်းသန်း(မုံရွာ)
စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၀၉၇၇)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
အိမ့်သဇင်ခိုင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။


**Email Address**
commercejournal.editor@gmail.com


MISL
MYANMAR ICT SOLUTIONS LIMITED
DRIVE YOUR BUSINESS FORWARD WITH INNOVATIVE TECH INTEGRATION!
Website Development
Software Development
CCTV and Access Control System
Server and Network Infrastructure
09 765101660
www.misl.com.mm


YOMA LAND
STARCITY
ESTELLA
A Greener Tomorrow Starts Here
09 777 22 33 55, 09 777 22 33 66
sales@yomaland.com

# SHWE WAH YAUNG Agriculture Production Co.,ltd.







Office : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar.

Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251

Warehouse : No(465/A), Corner of Yaw Ah Twin Wun U Pho Hlaing Street & Kannar Street,
Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.

Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251

website : www.swymyanmar.com, Email : eximdept@swymyanmar.com, thaungtike@swymyanmar.com

# ပခုက္ကူ ပဲ၊ နှမ်းဈေးကွက်

မြင့်မြင့်သန်း(ပခုက္ကူ)

### စားတော်ပဲ

ပခုက္ကူမြို့ ပဲဈေးကွက်တွင် ပြည်တွင်းစားသုံးမှုမြင့်မားလျက်ရှိသော စားတော်ပဲများ စက်တင်ဘာလ ဒုတိယပတ်မှစ၍ ဈေးတက်ပြီး အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇန်နဝါရီလ စတုတ္ထပတ်ထိ ဈေးဆက်လက်မြင့်တက်လျက်ရှိကြောင်း၊ ယခုအချိန်တွင် စားတော်ပဲသီးနှံ စိုက်ပျိုးရာသီချိန်ဖြစ်၍ သီးနှံ(အသစ်)ထွက်ပေါ်ခြင်း မရှိသေး၍ ကျွန်းစားတော်ပဲ အဟောင်းများကိုသာ ပွဲရုံဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်သို့ ကျွန်းစားတော်ပဲစိုက်ပျိုးမှုများသော ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထု၊ လောင်းရှည်ဒေသများနှင့် ဆိပ်ဖြူ၊ ရေနံချောင်းမြို့မှ ထွက်ရှိသော စားတော်ပဲများ ပွဲရုံများသို့ ဝင်ရောက်ကြောင်း၊ ထိုမှတစ်ဆင့် ဒေသတွင်း စားသုံးသူများသို့ တစ်ဆင့်ပြန်လည်ရောင်းချကြောင်း သိရှိရသည်။

ဈေးနှုန်းအနေဖြင့် စက်တင်ဘာတွင် ကျွန်းစားတော်ပဲ တစ်တင်းလျှင် ကျပ် ၉၅၀၀၀ ဖြင့် အောက်တိုဘာလတွင် ကျပ် ၁၄၅၀၀၀၊ နိုဝင်ဘာလတွင် ကျပ် ၁၄၆၀၀၀၊ ဒီဇင်ဘာလတွင် ကျပ် ၁၇၀၀၀၀၊ ဇန်နဝါရီလ စတုတ္ထပတ်တွင် ကျပ် ၁၇၅၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ဈေးနှုန်းတရိပ်ရိပ်မြင့်တက်လာကြောင်း သိရသည်။

### ပဲတီစိမ်းသေး

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူဈေးကွက်သို့ ဆီ ထွက်သီးနှံ မြေပဲ၊ နှမ်းနှင့်ပဲမျိုးစုံ နေ့စဉ်ဝင်ရောက်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဩဂုတ်လ ပထမပတ်မှစ၍ ပဲနောက်သီးနှံအသစ်များ ဈေးကွက်သို့ စတင်ဝင်ရောက် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုအချိန်တွင် လှိုင်လှိုင်ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပဲတီစိမ်း(ခေါ်) ပဲနောက်သီးနှံသည် တစ်နှစ်လျှင် မိုး၊ ဆောင်း နှစ်ရာသီ စိုက်ပျိုးကြသည်။ ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူ၊ မြိုင်၊ ပေါက်၊ ရေစကြို၊ ဆိပ်ဖြူနှင့် ထီးလင်း၊ ဂန့်ဂေါမြို့နယ်များတွင် အများဆုံးစိုက်ပျိုးထွက်ရှိသော ပဲနောက်သီးနှံများ အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

ဈေးနှုန်းဈေးကွက်အနေဖြင့် သီးနှံပေါ်စအချိန် ဩဂုတ်လ ပထမပတ်တွင် ပဲနောက်သီးနှံ တစ်တင်းလျှင် ငွေကျပ် ၇၂၅၀၀-၇၃၅၀၀ စက်တင်ဘာလနှင့် အောက်တိုဘာလတွင် ဈေးအတက်အကျမရှိ ဈေးငြိမ်နေပြီး နိုဝင်ဘာနှင့် ဒီဇင်ဘာလတွင် ဈေးမြင့်တက်လာခဲ့သည်။ ဇန်နဝါရီ စတုတ္ထပတ်တွင် ဈေးကွက်သို့ သီးနှံ လှိုင်လှိုင်ဝင်ရောက်ပြီး တစ်တင်းလျှင် ကျပ် ၁၀၀၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ သီးနှံပေါ်စနှင့် ယခုအချိန် ဈေးနှုန်းနှိုင်းယှဉ်ပါက တစ်တင်းလျှင် ငွေကျပ် ၂၆၅၀၀ ခန့်ဈေးတက်ပြီး အရောင်းအဝယ်ဖြစ်ကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်း ဝယ်ယူစားသုံးမှုများအပြင် ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့လျက်ရှိပြီး ထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ပဲတီစိမ်း(ခေါ်)ပဲနောက် သီးနှံကို ပို့ကုန်အဖြစ် ပြည်ပနိုင်ငံသို့ တန်ချိန်အများ ဆုံး တင်ပို့လျက်ရှိကြောင်း သိရသည်။

### ပဲပုပ်

ဇန်နဝါရီလ တတိယပတ်မှစ၍ ဈေးကွက်သို့ ပဲပုပ်သီးနှံ(အသစ်)များ ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် ကျပ် ၁၀၀၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဇန်နဝါရီ စတုတ္ထပတ်တွင် ပဲပုပ်တစ်တင်းလျှင် ကျပ် ၉၈၀၀၀ ဈေးဖြင့် တစ်ပတ်အတွင်း ကျပ် ၂၀၀၀ ခန့် ဈေးကျဆင်းခဲ့သည်။ ဈေးကွက်သို့ တစ်ရက်လျှင် ပဲပုပ်တစ်တင်းခွဲအိတ် ၁၀၀၀ မှ ၁၅၀၀ ထိ ဝင်ရောက်ပြီး တစ်ပတ်အတွင်း အိတ်ရေ ၃၀၀၀ ခန့် ဝင်ရောက်ကြောင်း၊ ပဲပုပ်သီးနှံသည် ကျန်းမာရေးနှင့် ညီညွတ်ပြီး ပြည်တွင်းစားသုံးမှုအနေဖြင့် ပဲပုပ်ပြား၊ ပဲပုန်းရည်(အစိမ့်/အချဉ်) အမျိုးမျိုးအပြင် ပဲပိစပ်စားသုံးဆီအဖြစ်လည်း ကြိတ်ခွဲထုတ်လုပ်ခြင်းအပြင် ပဲပုပ်သီးနှံမှာ အရသာကောင်းပြီး စားသုံးမှုများပြားသော သီးနှံတစ်မျိုးဖြစ်၍ ပြည်တွင်းသုံးစွဲမှုများသည့်အပြင် ပြည်ပနိုင်ငံသို့လည်း တင်ပို့လျက်ရှိ၍ ဈေးကွက်သို့ ကုန်ချိန်ဝင်သလောက် အရောင်းအဝယ်ဖြစ်ကြောင်း၊ ယခု အချိန်တွင် ပခုက္ကူပွဲရုံဈေးကွက်သို့ ဖေဖော်ဝါရီလ ဆန်းပိုင်းတွင် ပဲပုပ်သီးနှံများ ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာမည်ဖြစ်ကြောင်း သိရသည်။

### ကုလားပဲ

ယခုကာလသည် ကုလားပဲစိုက်ပျိုးချိန်ရာသီဖြစ်၍ သီးနှံအဟောင်းများသာ ဈေးကွက်တွင် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ဖေဖော်ဝါရီလကုန်ပိုင်းတွင် သီးနှံအသစ်များ ဈေးကွက်သို့ ဝင်ရောက်လာမည်ဖြစ်ကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ဇန်နဝါရီ စတုတ္ထပတ်တွင် ကုလားပဲ (V2)တစ်တင်းလျှင် ကျပ် ၉၈၀၀၀၊ ကုလားပဲ(HL)တစ်တင်းလျှင် ကျပ် ၉၈၀၀၀၊ ကုလားပဲ(V6)တစ်တင်းလျှင် ကျပ် ၉၂၅၀၀၊ ကုလားပဲ (929) တစ်တင်းလျှင် ကျပ် ၉၅၀၀၀ ဖြစ်ပြီး အရောင်းအဝယ်အေး၍ ဈေးငြိမ်နေကြောင်း သိရသည်။ ပခုက္ကူပွဲရုံဈေးကွက်သို့ ဝင်ရောက်သည့် ကုလားပဲများကို တန်ဖိုးမြှင့်ထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်လျက်ရှိသော မြို့ပေါ်ရှိ ပဲခွဲစက်လုပ်ငန်းရှင်များ၊ ပဲကြော်/ပဲမုန့်(အစိမ်း/အကျက်) ထုတ်လုပ်သော လုပ်ငန်းရှင်များမှ ဝယ်ယူမှုများကြောင်း၊ ယခုအချိန် ပခုက္ကူပဲဈေးကွက်တွင် ပဲလက်ကျန်နည်းပြီး အဟောင်းများသာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ကုလားပဲသီးနှံသည် ကျန်းမာရေးနှင့်ညီညွတ်ခြင်းကြောင့် ပြည်တွင်းစားသုံးမှုများ၍ အရောင်းအဝယ်သွက်ကြောင်း မြို့ပေါ်ရှိ ပဲရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

### မြေပဲ

ယခုအချိန်တွင် ဂန့်ဂေါခရိုင်အတွင်းရှိ ယောနယ်ဒေသများမှ လေးလပင်ပြန့်မြေပဲများ လှိုင်လှိုင်တူးဖော်ရိတ်သိမ်းချိန်ဖြစ်၍ ဈေးကွက်သို့ သီးနှံဝင်ရောက်မှုများကြောင်း၊ မြေပဲအသစ်များ ဝင်ရောက်သော်လည်း ဈေးနှုန်းကျဆင်းခြင်းမရှိဘဲ ဈေးကွက်သို့ ဝင်ရောက်လာသည့် မြေပဲဆန်နှင့် မြေပဲအတောင့်များ ဝယ်လို အားကောင်းပြီး အရောင်းအဝယ်သွက်နေကြောင်း၊ ဈေးကွက်သို့ ဝင်ရောက်လာသော မြေပဲအတောင့်နှင့် အဆန်များကို မြို့ပေါ်ရှိ လှောင်လက်သမားများ၊ ဆီစက်လုပ်ငန်းရှင်များ အဝယ်လိုက်ခြင်းအပြင် ပြည်ပ တရုတ်နိုင်ငံမှလည်း အဝယ်လိုက်၍ ဈေးနှုန်းမြင့်တက်ကြောင်း၊ မြေပဲတောင့်/အဆန် အရည်အသွေးနှင့် ဝယ်လိုအားပေါ်မူတည်၍ ဈေး အနိမ့်၊ အမြင့် ရှိကြောင်း သိရှိရသည်။ ပြည်တွင်းစားသုံးဆီဈေးကွက်တွင် ကျန်းမာရေးနှင့် ညီညွတ်သည့် မြေပဲဆီသန့်သုံးစွဲမှုမြင့်မားလျက်ရှိ၍ ဒေသတွင်းဆုံ/ဆီစက်များ တွင်ကျယ်စွာ ထုတ်လုပ်လျက်ရှိ၍ မြေပဲဆန် ဝယ်လိုအားကောင်းပြီး ဈေးကွက်ကျဆင်းခြင်းမရှိ အရောင်းအဝယ်သွက်လျက်ရှိပြီး ပဲဖတ်ဈေးမှာလည်း ပြည်တွင်း တိရစ္ဆာန်အစားအစာအဖြစ် မြန်မာနိုင်ငံအောက်ပိုင်း ငါးမွေးမြူရေးလုပ်ငန်းများမှ ဝယ်ယူမှုအပြင် ပြည်တွင်းဆီစက် လုပ်ငန်းရှင်များမှလည်း မြေပဲဆုံပဲဖတ်များကို ပြန်လည်ကြိတ်ပြီး ဆီထုတ်လုပ်ခြင်းအတွက် ဝယ်ယူမှုများ၍ အရောင်းအဝယ်သွက်ကြောင်း ဈေးကွက်မှ သိရှိရသည်။

ပခုက္ကူပွဲရုံဈေးကွက်တွင် ဖြစ်ပေါ်နေသော မြေပဲဈေးနှုန်းများမှာ ယခုဇန်နဝါရီစတုတ္ထပတ်တွင် သီးနှံအရည်အသွေးလိုက်၍ မြေပဲအတောင့်(အခြောက်) တစ်ပိဿာလျှင် ကျပ်၆၃၀၀- ၅၈၀၀၊ မြေပဲလုံးဆန်နီ တစ်ပိဿာလျှင် ကျပ်၉၃၅၀-၉၂၀၀-၉၁၀၀၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာလျှင် ကျပ် ၉၃၀၀-၉၁၀၀၊ ဆီဆန် တစ်ပိဿာလျှင် ကျပ်၈၉၀၀-၈၀၀၀၊ မြေပဲဖတ် တစ်ပိဿာလျှင် ၆၂၀၀-၆၁၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့လျက်ရှိကြောင်း သိရသည်။

### နှမ်းနက်

ဇန်နဝါရီစတုတ္ထပတ်တွင် ယောနယ်ဒေသများနှင့် ပခုက္ကူမြစ်ခြေအပြင် မြိုင်မြို့နယ်ဒေသထွက် နှမ်းသီးနှံများ ကုန်ချိန်အများဆုံး ဈေးကွက်သို့ ဝင်ရောက်ရာ မြိုင်မြို့နယ်ဒေသထွက် နှမ်းနက်(စမုန်)များ ကုန်ချိန်အများဆုံးဝင်ရောက်ကြောင်း၊ တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ် ၈၀၀-၁၀၀၀ ခန့် ဝင်ရောက်ကြောင်း၊ ပြည်တွင်းသုံးစွဲမှုအပြင် ပြည်ပအဝယ်လိုက်၍ ကုန်ဝင်သလောက် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်မှ သိရှိရသည်။

ဈေးနှုန်းအနေဖြင့် ဇန်နဝါရီ စတုတ္ထပတ်တွင် နှမ်းအမျိုးအစားနှင့် အရည်အသွေးလိုက်၍ နှမ်းနက်(စမုန်) တစ်တင်းလျှင် ကျပ် ၂၃၃၀၀၀-၂၂၈၀၀၀-၂၂၀၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၁၂၄၀၀၀-၁၁၉၀၀၀-၁၀၈၀၀၀၊ နှမ်းဝါတစ်တင်းလျှင် ကျပ် ၁၀၅၀၀၀-၁၀၃၀၀၀-၁၀၀၀၀၀၊ အရောင်းအဝယ်ဖြစ်ပြီး နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၁၂၆၀၀၀-၁၂၂၀၀၀-၁၁၀၀၀၀၊ နှမ်းဝါ တစ်တင်းလျှင် ကျပ် ၁၁၁၀၀၀-၁၀၉၀၀၀-၁၀၆၀၀၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခင်ဇန်နဝါရီ တတိယပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက နှမ်းနက်(စမုန်) တစ်တင်းလျှင် ကျပ် ၆၀၀၀ ခန့် ဈေးတက်ပြီး ကျန်နှမ်းအမျိုးအစားများမှာ ဈေးငြိမ်၍ အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။ သီးနှံပေါ်ချိန်ဖြစ်၍ ဈေးကွက်သို့ ကုန်ဝင်ရောက်မှုများကြောင်း၊ ဈေးကွက်သို့ရောက်ရှိသည့် နှမ်းများကို မြို့ပေါ်ရှိ ဆီစက်လုပ်ငန်းရှင်များ၊ နှမ်းလှော်လုပ်ငန်းရှင်များနှင့် အခြားစားသောက်ကုန် လုပ်ငန်းရှင်များက ဝယ်ယူမှုများကြောင်း၊ ရန်ကုန်၊ မန္တလေးဈေးကွက်သို့လည်း တင်ပို့လျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် ပြည်ပ တရုတ်နိုင်ငံသို့ တင်ပို့ကြောင်း၊ မြို့ပေါ်ရှိ ဆီထွက်သီးနှံရောင်းဝယ်ရေးဈေးကွက်မှ သိရှိရသည်။

# မွန်ပြည်နယ် ဆန်ဈေးနှုန်းနှင့် စီးဝင်၊ စီးထွက်မှု အခြေအနေ



မွန်ပြည်နယ်အတွင်းသို့ ဆန်အိတ်များ စီးဝင်၊ စီးထွက်လျက်ရှိပြီး ဇန်နဝါရီ နောက်ဆုံးပတ်၌ ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိသည်။ အခြားတိုင်းဒေသကြီးများမှ မွန်ပြည်နယ်သို့ ဆန်စီးဝင်မှုများမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်တွင် ဧရာဝတီမှ ၄၅၀၀ အိတ်ခန့်၊ စစ်ကိုင်းမှ ၁၁၇၂၀ အိတ်ခန့်၊ ပဲခူးမှ ၂၆၈၀ အိတ်ခန့်၊ ရန်ကုန်မှ ၁၆၁၀၀ အိတ်ခန့် စုစုပေါင်း အိတ် ၃၅၀၀၀ ခန့်၊ တန်ချိန်အားဖြင့် ၁၇၅၀ တန်ခန့် စီးဝင်ခဲ့သည်။

ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ဧရာဝတီမှ ၄၁၆၀ အိတ်ခန့်၊ စစ်ကိုင်းမှ ၁၁၈၈၀ အိတ်ခန့်၊ ပဲခူးမှ ၂၆၀၀ အိတ်ခန့်၊ ရန်ကုန်မှ ၁၆၄၄၀ အိတ်ခန့်၊ စုစုပေါင်း ၃၅၀၈၀ အိတ်ခန့်၊ တန်ချိန်အားဖြင့် ၁၇၅၄ တန်ခန့် ဝင်ရောက်ခဲ့ပြီး ဇန်နဝါရီ၊ ဒုတိယပတ်နှင့် နှိုင်းယှဉ်ပါက အနည်းငယ် ပို၍ စီးဝင်ရောက်ခဲ့သည်။

မွန်ပြည်နယ်မှ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ဆန်ထွက်ရှိမှုတွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်တွင် ကရင်ပြည်နယ်သို့ ၂၁၄၀ အိတ်ခန့်၊ တန်ချိန်အားဖြင့် ၁၀၇ တန် ခန့်စီးထွက်ခဲ့ပြီး ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ကရင်ပြည်နယ်သို့ ၁၉၄၀ အိတ်ခန့်၊ တန်ချိန်အားဖြင့် ၉၇ တန်ခန့် စီးထွက်ခဲ့ပြီး ယခင်ဒုတိယပတ်နှင့် နှိုင်းယှဉ်ပါက အနည်းငယ်လျော့၍ စီးထွက်ခဲ့သည်။

မွန်ပြည်နယ်၌ ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ဆန်ဈေးနှုန်းမှာ ၂၄ ပြည်ဝင် ဆန်တစ်အိတ်လျှင် ပေါ်ဆန်း(ဒေသ) ကျပ် ၁၁၀၀၀၀ ခန့်၊ ရွှေဘိုပေါ်ဆန်း ကျပ် ၁၅၈၀၀၀ ခန့်၊ ဧည့်မ ထ(ဒေသ) ကျပ် ၇၂၀၀၀ ခန့်ရှိပြီး ယခုပတ်တွင် ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

**ဖူးဖူး (ချောင်းဆုံ)**

# မန္တလေးကုန်စည်ဒိုင်၏ မြေပဲဆန်၊ ပဲဆီနှင့် ဆီကြိတ်ဖတ် ဈေးနှုန်းဈေးကွက်

မန္တလေးကုန်စည်ဒိုင်အတွင်း ဇန်နဝါရီလ ပထမပတ်တွင် ဧရာဝတီမြစ်ရိုး တစ်လျှောက်နှင့် အညာဒေသများမှ မြေပဲဆန်များ ဝင်ရောက်လျက်ရှိပြီး ဝင်ရောက်သည့် မြေပဲဆန်များကို ဒေသတွင်း စက်ပိုင်များနှင့် မုန့်လုပ်ငန်းများ၊ ပဲကြော်သမားများမှ ဝယ်ယူခြင်းများနှင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ စက်သမားများ ကြိတ်ခဲ့သည့် ပဲဖတ်များကို တိရစ္ဆာန် အစားအစာအတွက် မွေးမြူရေးလုပ်ငန်းများမှ ဝယ်ယူမှုရှိသည်။ မန္တလေးကုန်စည်ဒိုင်တွင် ဇန်နဝါရီ ပထမပတ်နှင့် စတုတ္ထပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် မြေပဲဆန်နှင့် ပဲဖတ်ဈေးနှုန်းများအား စုစည်း ဖော်ပြလိုက်ပါသည်-

ပိဿာ/ကျပ်

| အမျိုးအမည် | ဇန်နဝါရီပထမပတ် | ဇန်နဝါရီစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| ပဲဖတ် | ၆၄၅၀ | ၆၅၀၀-၆၅၅၀ | (+) ၁၅၀ |
| နှမ်းဖတ် | ၄၄၅၀ | ၄၇၀၀ | (+) ၂၅၀ |
| နေကြာဖတ် | ၃၅၀၀ | ၃၆၀၀-၃၇၀၀ | (+) ၁၀၀ |
| မုန်ညင်းဖတ် | ၃၇၀၀-၃၈၀၀ | ၄၃၀၀-၄၄၀၀ | (+) ၆၀၀ |

မန္တလေးမြို့တွင်း၌ ကြိတ်ခဲ့သည့် စားသုံးဆီဖြစ်သည့် ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ မုန်ညင်းဆီများ ဆီကြိတ်ခဲ့ရာမှ ထွက်ရှိသော ဆီကြိတ်ဖတ်များဖြစ်သည့် ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်နှင့် မုန်ညင်းဖတ်များကို မန္တလေးကုန်စည်ဒိုင်အတွင်း နေ့စဉ်ဈေးကွက်တစ်ခုအဖြစ် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ ကုန်ကြမ်းဈေး အနိမ့်အမြင့်နှင့် တိရစ္ဆာန်အစားအစာဈေးကွက်ပေါ်မူတည်၍ ကြိတ်ဖတ်ဈေးနှုန်း အနိမ့်အမြင့်ဖြစ်ပေါ်လျက်ရှိပြီး မွေးမြူရေးအစားအစာစက်ရုံများမှ အများဆုံး ဝယ်ယူကြောင်းသိရသည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ပထမပတ်နှင့် စတုတ္ထပတ်အတွင်း ကုန်စည်ဒိုင်အတွင်း ဖြစ်ပေါ်သည့်ဈေးနှုန်းများအား ဖော်ပြလိုက်ပါသည်-

ပိဿာ/ကျပ်

| အမျိုးအမည် | ဇန်နဝါရီပထမပတ် | ဇန်နဝါရီစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| S1 လုံးဆန်ညာ | ၈၆၀၀-၈၇၀၀ | ၈၆၀၀-၈၈၀၀ | (+) ၁၀၀ |
| S1 ဆီ | ၈၅၀၀-၈၅၅၀ | ၈၆၀၀-၈၇၀၀ | (+) ၁၀၀ |
| M တွဲလုံးဆန် | ၈၈၀၀-၈၉၀၀ | ၉၁၀၀-၉၂၀၀ | (+) ၃၀၀ |
| M တွဲလုံးဆန် | ၈၆၀၀ | ၈၇၀၀ | (+) ၁၀၀ |
| နီလုံးဆန် | ၈၈၀၀-၉၁၀၀ | ၈၃၀၀-၈၅၅၀ | (+) ၅၀၀ |
| နီဆီဆန် | ၈၄၅၀-၈၅၀၀ | ၈၀၀၀-၈၁၀၀ | (+) ၄၅၀ |
| ပြန့်ဆီဆန် | ၈၇၀၀-၈၈၀၀ | ၈၇၀၀-၈၈၀၀ | - |
| ပဲဖတ် | ၆၄၅၀ | ၆၅၀၀-၆၅၅၀ | (+) ၁၀၀ |
| ပဲဆီ | ၁၅၅၀၀-၁၆၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | - |

ယဉ်ယဉ်အေး

# ပြည်ခရိုင် ပဲ၊ နှမ်း ဈေးကွက်



### ဗိုလ်ကိတ်ပဲ

ဗိုလ်ကိတ်ပဲသစ်များ အထွက်လှိုင်လာသည့်အတွက် ပြည်ဈေးကွက်သို့ တစ်ရက်လျှင် အိတ် ၂၀၀မှ ၂၅၀ ကျော် ဝင်ရောက်လာခဲ့သည်။ မင်းတုန်း၊ ကံမ၊ ပန်းတောင်းမြို့နယ်များမှ ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီးဒေသတွင်း လက်လီသမားများသည် နေ့စဉ်အဝယ်ရှိနေသလိုလက်ကားဝယ်ယူမှုများလည်းရှိသည်။ ဈေးနှုန်း အနေဖြင့် တစ်တင်းလျှင် ကျပ် ၈၅၀၀၀ ဖြင့် ရှိပြီး ပဲသစ်ပေါ်စအချိန် ဈေးအနည်းငယ် လျော့နည်းသွားခဲ့သည်။ ပဲသစ်ပေါ်စအချိန်က တစ်တင်းလျှင် ကျပ် ၁၀၀၀၀၀ ကျော် ရရှိခဲ့သည်။ ယခင်နှစ်က ပဲဈေးမှာ တစ်တင်းလျှင် ကျပ် ၇၂၀၀၀ ဖြစ်သည်။

### ပဲစင်းငုံ

ပြည်ပဲဈေးကွက်သို့ ပဲစင်းငုံသီးနှံသစ်များ နေ့စဉ်အဝင်ရှိပြီး တစ်ရက်လျှင် အိတ် ၃၀၀ မှ ၄၀၀ ကျော်ဝင်ရောက်ခဲ့သည်။ ဝယ်လိုအားအနေဖြင့် ရန်ကုန်မှ အဓိကဝယ်ယူမှုရှိပြီး လှောင်ပဲသမားအချို့လည်း ဝယ်ယူမှုရှိသည်။ ပဲသစ်ဈေးမှာ တစ်တင်းလျှင် ကျပ် ၉၉၅၀၀၀ မှ ကျပ် ၉၆၀၀၀ အထိ ပဲအရည်အသွေးလိုက်၍ ဈေးကွာခြားမှုရှိခဲ့သည်။ ပဲစင်းငုံဈေးမှာ ယခင်နှစ်က နှစ်ဆန်းပိုင်း တစ်တင်း ကျပ် ၁၀၉၀၀၀ မှ ကျပ် ၁၁၀၀၀၀ ရရှိခဲ့သည့်အတွက် ယခုနှစ်ဈေးတွင် ဈေးအနည်းငယ်လျော့နည်းခဲ့သည်။

### ကုလားပဲ

ပြည်ဈေးကွက်သို့ အသစ်ဝင်ရောက်ခြင်းမရှိသေးဘဲ ပဲဟောင်း လက်ကျန်များဖြင့်သာ ရောင်းဝယ်နေခဲ့ကြသည်။ ပဲဟောင်းသီးနှံများအား ဒေသတွင်း ပဲခွဲစက်သမားများနေ့စဉ်အဝယ်ရှိခြင်း ကြောင့် တစ်ရက်လျှင် အိတ် ၂၀၀-၃၀၀ ကျော် အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိသည်။ ပဲဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၉၅၀၀၀ ရရှိခဲ့သည့်အတွက် ပဲဈေးကွက်မှာ အခြားပဲများနည်းတူ ဈေးပြိုင်ရရှိခဲ့သည်။ ယခင်နှစ်က ကုလားပဲသီးနှံ တစ်တင်းလျှင် ကျပ် ၁၀၀၀၀၀နှုန်းအထိ ရရှိခဲ့သည့်အတွက် ပဲဈေးကွက်မှာ ဈေးကွက်ဝင် သီးနှံဖြစ်ကြောင်း သိရသည်။

### နှမ်း

ပြည်ခရိုင်အနေဖြင့် ယခုအချိန်သည် ဆောင်းနှမ်းများ စိုက်ပျိုးထားပြီး ထွက်ပေါ်တော့မည်ဖြစ်၍ ဝင်ရောက်မှုနည်းသော်လည်း ယခင်မိုးနှမ်းများ လှိုင်လှိုင်ပေါ်ချိန်တွင် လှောင်ထားသောနှမ်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဈေးနှုန်းအနေဖြင့် ဇန်နဝါရီလ နောက်ဆုံးပတ်တွင် နှမ်းနီ တစ်တင်းလျှင်ကျပ် ၁၂၀၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၁၇၃၀၀၀ နှင့် စမုန်နက်နှမ်း တစ်တင်းလျှင် ကျပ် ၂၁၆၀၀၀ ဖြင့် ပစ္စည်းလက်ကျန်ရှားပါးသဖြင့် ယခင်ဈေး အနည်းငယ်မြင့်တက်လာကြောင်း သိရသည်။ နှမ်းဈေးကွက်အနေဖြင့် ခရိုင်အတွင်း ထွက်ရှိသော နှမ်းများကို ဒေသတွင်း စားသုံးဆီအတွက် ဖူလုံမှုသာ အခြားတိုင်းများဖြစ်သော အောင်လံ၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းဒေသကြီးများသို့ တင်ပို့ ရောင်းချကြသည်။ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် နှမ်းများရှားပါးချိန်တွင် နေ့စဉ် အရောင်းအဝယ်မဖြစ်ဘဲ နှမ်းအထွက်လှိုင်ချိန်တွင် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ အရောင်းအဝယ်ဖြစ်လျှင် နှမ်းများလှိုင်ချိန်တွင် တစ်နေ့လျှင် အိတ်ထောင်ကျော် အရောင်းအဝယ်ဖြစ်သလို အဝင်နည်းပြီး အထွက်ပါးသွားချိန်တွင် တစ်ရက်လျှင် အိတ်ရာကျော်ခန့်သာ အရောင်းအဝယ်ဖြစ်သည်။

### မြေပဲ

ပြည်ခရိုင်တွင် ဆောင်းသီးနှံမြေပဲများ မကြာမီအချိန်ကာလတွင် ထွက်ပေါ်လာတော့မည်ဖြစ်သည်။ ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ပြည်မြို့ရှိပွဲရုံများနှင့် ဈေးကွက်များသို့ ပန်းတောင်း မြို့နယ်ဘက်နှင့် ရွှေတောင်မြို့နယ်ဘက်မှ မြေပဲဆန်များ နေ့စဉ် ပိဿာ ၂၀ ဝင် အိတ် ၄၀၀-၅၀၀ ခန့်ဝင်ရောက်လျက်ရှိသည်။ ဝင်ရောက်လာသော မြေပဲဆန်များမှ ဆီဆန်နှင့် ရွေးဆန်ကို မြို့တွင်းဆီစက်များကအဝယ်ရှိပြီး လုံးဆန်ကို လုပ်ငန်းရှင်သမားများနှင့် ရန်ကုန်ဝယ်လက်များ ကဝယ်ယူမှုရှိ၍ အရောင်းအဝယ် နေ့စဉ်ဖြစ်လျက်ရှိသည်။ ဈေးနှုန်းများအနေဖြင့် မြေပဲဆီဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၈၅၀၀၊ (အနီ)တစ်ပိဿာလျှင် ကျပ် ၈၄၀၀ နှင့် မြေပဲလုံးဆန်(အဖြူ) တစ်ပိ ဿာလျှင် ကျပ် ၈၈၀၀၊ (အနီ) တစ်ပိဿာလျှင် ကျပ် ၈၇၀၀ ဖြင့် ဇန်နဝါရီနောက်ဆုံးပတ်တွင် ပြည်မြို့ရှိ ပွဲရုံများနှင့် ဈေးကွက်များတွင် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဒီဇင်ဘာလနောက်ဆုံးပတ်နှင့် နှိုင်းယှဉ်ကြည့်လျှင် တစ်ပိဿာလျှင် ကျပ် ၅၀၀ ခန့်ဈေး အနည်းငယ်မြင့်တက်လာသည်။ ဈေးနှုန်းအနည်းငယ်မြင့်တက်လာရခြင်းမှာ ဆောင်းမြေပဲများ ပေါ်ခါနီး၍ ဈေးကွက်တွင် ဝင်ရောက်မှု နည်းသွားသဖြင့် မြင့်တက်လာရခြင်းဖြစ်ကြောင်း သိရသည်။

ဝေဝေမင်း၊ ခင်ဆွေဝင်း (ပြည်)

# မန္တလေးကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ပဲစင်းငုံ၊ မတ်ပဲနှင့် ကုလားပဲ ဈေးကွက်အခြေအနေ

### ပဲစင်းငုံ(နီ)

မန္တလေးတိုင်းဒေသကြီးအတွင်း ပဲစင်းငုံကို မိုးသီးနှံအဖြစ် စိုက်ပျိုးကြပြီး ယခင်နှစ် ဧပြီလနှင့် မေလများအတွင်းက စတင် စိုက်ပျိုးသည့် ပဲစင်းငုံများ ယခုဇန်နဝါရီလဆန်းပိုင်းစ၍ ကုန်စည်ဒိုင်ဈေးကွက်သို့ စတင်ဝင်ရောက်လာပြီး ဇန်နဝါရီ နောက်ဆုံးပတ်တွင် လှိုင်လှိုင်ဝင်ရောက်လာကြောင်း သိရသည်။

လတ်တလောတွင် မြင်းခြံခရိုင်အတွင်းရှိ ပုဂံ၊ ညောင်ဦး၊ ပုပ္ပားနှင့် ကျောက်ပန်းတောင်းနယ်တို့မှ ပဲစင်းငုံအသစ်များ ဝင်ရောက်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှု သက်တမ်းကို ၂၀၂၆ ခုနှစ်အထိ သက်တမ်းတိုးမြှင့်ပေးလိုက်ခြင်းကြောင့် အရောင်း အဝယ်သွက်၊ ဈေးကောင်းရလာကြောင်း မန္တလေး ကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

မန္တလေးကုန်စည်ဒိုင်တွင် ဖြစ်ပေါ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်းများအနက်မှ ဇန်နဝါရီလ ပထမပတ်တွင် ပဲစင်းငုံ(နီ) ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ကျပ် ၂၇၅၀၀၀ ဖြစ်ပြီး နောက်ဆုံးပတ်တွင် ကျပ် ၂၈၀၀၀၀ မှ ၂၈၁၀၀၀ ဖြစ်သည်။ ပထမပတ်နှင့် နှိုင်းယှဉ်ပါက ကျပ် ၅၀၀၀ မှ ကျပ် ၆၀၀၀ မြင့်တက်လာသည်။

### မတ်ပဲ

အိန္ဒိယနိုင်ငံမှ ဝယ်ယူသည့် ပဲတစ်မျိုးဖြစ်သည့် မတ်ပဲမှာလည်း အရောင်းအဝယ်သွက်လာပြီး မတ်ပဲ ၆၀ ပိဿာဝင် သုံးတင်း တစ်အိတ်လျှင် ဇန်နဝါရီနောက်ဆုံးပတ်တွင် ကျပ် ၂၅၀၀၀၀ မှ ၂၇၀၀၀၀ ခန့် ဖြစ်ပေါ်ခဲ့ပြီး မတ်ပဲဈေးအနည်းငယ်ကျ/တက်ဆင်းခဲ့ကြောင်း သိရသည်။

### ကုလားပဲ

ဇန်နဝါရီလ နောက်ဆုံးပတ်တွင် မန္တလေးကုန်စည်ဒိုင်သို့ ကုလားပဲအသစ်များ သဲတော၊ ဝမ်းတွင်း၊ ကျောက်ဆည်၊ ကူမဲနှင့် စစ်ကိုင်းတို့မှ စတင်ဝင်ရောက်နေပြီး ကြိတ်ခွဲရန်သင့်တော်သည့် အစိုဓာတ်မရောက်သေးခြင်းကြောင့် ပဲခွဲစက်များဝယ်ယူမှုအေး၍ ဈေးကွက်အေးကာ ဈေးနိမ့်နေကြောင်း သိရသည်။

ကုလားပဲဖြူကြီး(V-2) ၅၇ ဒသမ ၂၅ ပိဿာဝင် သုံးတင်း တစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၃၂၀၀၀မှ ၂၃၃၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၇၀၀၀၀၊ ယခင်လ ကျပ် ၂၉၃၀၀၀မှ ၂၉၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၃၇၀၀၀ မှ ၃၈၀၀၀၊ ယခင်လထက် ကျပ် ၆၁၀၀၀ မှ ၆၂၀၀၀ နိမ့်ကျလာသည်။

ကုလားပဲဖြူကြီး(V-7) ၅၇ ဒသမ ၂၅ ပိဿာဝင် သုံးတင်း တစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၃၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၇၂၀၀၀မှ ၂၇၃၀၀၀၊ ယခင်လ ကျပ် ၂၉၃၀၀၀မှ ၂၉၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၃၇၀၀၀မှ ၃၈၀၀၀၊ ယခင်လထက် ကျပ် ၅၈၀၀၀မှ ၆၀၀၀၀ နိမ့်ကျလာသည်။

ကုလားပဲဖြူကြီး(ထိုင်ဝမ်) ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်း တစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၃၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၅၈၀၀၀မှ ၂၆၀၀၀၀၊ ယခင်လ ကျပ် ၂၇၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၃၀၀၀မှ ၂၅၀၀၀၊ ယခင်လထက် ကျပ် ၄၀၀၀၀ နိမ့်ကျလာသည်။

ကုလားပဲဖြူကြီး(929) ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်း တစ်အိတ်လျှင် ယခုတစ်ပတ် ၂၃၈၀၀၀ ၂၃၉၀၀၀ကျပ်၊ ယခင်တစ်ပတ် ကျပ် ၂၆၀၀၀၀၊ ယခင်လ ကျပ် ၂၈၀၀၀၀မှ ၂၈၂၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၁၀၀၀မှ ၂၂၀၀၀၊ ယခင်လထက် ကျပ် ၄၂၀၀၀မှ ၄၃၀၀၀ နိမ့်ကျလာကြောင်းသိရသည်။

Myantrade(မန္တလေး)

Vol: 25, No.2 Monday February 3 2025

## ကြော်ငြာစာ

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင်၊ ရန်ကုန်တိုင်းဒေသကြီးရှိ အောက်ဖော်ပြပါ မရမ်းကုန်းမြို့နယ်၊ နာဂဝင်းရှိ သိုလှောင်ရုံအမှတ်(၃) (၁)လုံးအား (၃)နှစ်သက်တမ်း (၁)နှစ် တစ်ကြိမ်စာချုပ်ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသည်-

Lot(1) (က) မရမ်းကုန်းမြို့နယ်၊ နာဂဝင်းရှိသိုရုံအမှတ်(၃)(၁၂၀'x၃၀'x၁၄')(သွပ်၊သွပ်၊ကွန်)

၂။ အဆိုပါ သိုလှောင်ရုံ (၁)လုံးအား (၃-၂-၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ အဆိုပြုလျှောက်လွှာဝယ်ယူရမည်ဖြစ်ပါသည်။ အဆိုပြုလွှာနှင့်အတူ မိမိဌာနမှ ငွေစာရင်းဖွင့်လှစ်ထားသည့် မြန်မာ့စီးပွားရေးဘဏ်တွင် စဘော်ငွေပေးသွင်းထားသော P.O Cheque ပူးတွဲတင်ပြရပါမည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြုလျှောက်လွှာတင်သွင်းနိုင်ပြီး ၎င်းရက်ထက်ကျော်လွန်ပါက လျှောက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အမှတ်(၂၂၈/၂၄၀) ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူး**
**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့**
**စားသုံးသူရေးရာဦးစီးဌာန**

# ယှဉ်ပြိုင်မှု မြင့်မားလာခြင်းကြောင့် ထိုင်းနိုင်ငံ၏ ပြည်ပဆန်တင်ပို့မှု ၂၄ ရာခိုင်နှုန်း ကျဆင်း

ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် ယခင်နှစ်က ဆန်တန်ချိန် ၁၀ သန်း တင်ပို့နိုင်ခဲ့ပြီး လျာထားချက်ထက် တစ် သန်း ကျော်လွန် တင်ပို့နိုင်ခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် ထိုင်းဆန်တင်ပို့မှုသည် ယခင်နှစ်ကထက် ၁၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဝင်ငွေအားဖြင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၃ ဘီလီယံ ( ထိုင်းဘတ် ၂၂၅ ဘီလီယံ) ၂၇ ရာခိုင်နှုန်း ပိုမိုရရှိခဲ့သည်။

ကမ္ဘာ့ဆန်ထုတ်လုပ်မှု ကျဆင်းခြင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ခိုင်မာစေရန် ဝယ်ယူစုဆောင်းမှု များပြားခြင်းတို့ကြောင့် ခြောက်နှစ်တာကာလအတွင်း ၂၀၂၄ ခုနှစ်သည် ထိုင်းဆန်တင်ပို့မှု ပမာဏအများဆုံး ဖြစ်ခဲ့သည်။ ထိုင်း ဆန်တင်ပို့မှု စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းဖြစ်သည့် ဆန်ဖြူတင်ပို့မှုသည် တန်ချိန် ၆ သန်းခန့် တင်ပို့နိုင်ပြီး ယခင် နှစ်ထက် ၂၃ ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ခဲ့သည်။ ကျန်ဆန်များဖြစ်သည့် ထိုင်းဟုန်မလီဆန် တန်ချိန် ၁ ဒသမ ၇၄ သန်း၊ ပေါင်းဆန် တန်ချိန် ၁ ဒသမ ၂၇ သန်း၊ ထိုင်းဆန်မွှေးတန်ချိန် သုည ဒသမ ၆၃ သန်း၊ ကောက်ညှင်းဆန် တန်ချိန် သုည ဒသမ ၃၀ သန်းနှင့် ဆန်လုံးညို သုည ဒသမ၀၂ သန်း အသီးသီး တင်ပို့ နိုင်ခဲ့သည်။

ယခင်နှစ် ၂၀၂၄ ခုနှစ်တွင် ထိုင်းဆန် တင်သွင်းသည့် နိုင်ငံများအနက် အာဖရိကနိုင်ငံများမှ ၂၀၂၃ ခုနှစ်ထက် ၃၅ ရာခိုင်နှုန်း တန်ချိန် ၃ ဒသမ ၃၇ သန်း၊ အမေရိကတိုက်ရှိ နိုင်ငံများမှ ၃၃ ရာခိုင်နှုန်း တန်ချိန် ၁ ဒသမ ၃၄ သန်း ၊ အရှေ့အလယ်ပိုင်းနိုင်ငံများမှ ၁၆ ရာခိုင်နှုန်း တန်ချိန် ၁ ဒသမ ၃၄ သန်း၊ ဥရောပနိုင်ငံများမှ ၃ ရာခိုင်နှုန်း တန်ချိန် သုည ဒသမ ၃၀ သန်း၊ Oceania နိုင်ငံများမှ ၃၅ ရာခိုင်နှုန်း တန်ချိန် သုည ဒသမ ၂၇ သန်း အသီးသီး ယခင်နှစ်ထက် တိုးမြှင့်တင်ပို့နိုင်ခဲ့ကြသည်။

ယခုနှစ်တွင် ထိုင်းနိုင်ငံသည် ဆန်ထုတ်လုပ်မှု တိုးမြှင့်ပြီး ကမ္ဘာ့ဝယ်လိုအား ကျဆင်းမှုကြောင့် ဆန်တန်ချိန် ၇ ဒသမ ၅ သန်းသာ တင်ပို့နိုင်ပြီး ရာခိုင်နှုန်းအားဖြင့် ၂၄ ရာခိုင်နှုန်းခန့် ကျဆင်းကြောင်း ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံထဲတွင် ပါဝင်သည့် အိန္ဒိယနိုင်ငံအနေဖြင့် ယခုနှစ်တွင် ဆန်တင်ပို့မှု ပြန်လည်တိုးမြှင့် တင်ပို့လာခဲ့ခြင်းကြောင့် ကမ္ဘာ့ဆန်ဝယ်လိုအားတွင် ဆန်တင်ပို့မှု ပမာဏများလာပြီး ယှဉ်ပြိုင်မှု အားကောင်းလာသဖြင့် ယခုနှစ်တွင် ထိုင်းနိုင်ငံအနေဖြင့် ပြည်ပဆန်တင်ပို့မှု လျော့နည်းခဲ့ခြင်းဖြစ်သည်ဟု ဝန်ကြီးဌာန၏ နိုင်ငံခြားကုန်သွယ်မှုဌာန အကြီးအကဲ Arada Fuangtong က မီဒီယာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထို့ပြင် ကမ္ဘာ့ရာသီဥတု အနေအထားအရ မိုးခေါင်ရေရှားမှု အခြေအနေ လျော့နည်းလာခြင်း၊ ဆန်အထွက်နှုန်း ယခင်နှစ်ထက် ပိုမိုကောင်းမွန်လာခြင်းတို့ကြောင့် ထိုင်းဆန်အားတင်သွင်းဝယ်ယူနေသည့် အင်ဒိုနီးရှားနိုင်ငံကဲ့သို့ အဓိကတင်သွင်းသူများ၏ ပြည်တွင်းဆန်ထွက်ရှိမှု အားကောင်းလာပြီး ထိုင်းဆန်ဝယ်လိုအား လျော့နည်းကျဆင်းရခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**Source : https://www.bangkokpost.com**
**မြိတ်ကုန်သွယ်ရေးစခန်း**

## မြန်မာ့ဆိပ်ကမ်းတွင် ၃၁ . ၁ . ၂၀၂၅ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည်မြင်တိုင်ဆိပ်ကမ်း | MT. BAUHINIA | P'Oil(In Bulk) ၅၃၀၀ချဆဲ |
| ထီးတန်းဆီဆိပ်ကမ်း | MT. ROYAL-79 | P'Oil(In Bulk) ၆၀၈၀ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၁) | BL PL FAITH | ကုန်သေတ္တာ ၃၇၂ တင်၁၄၀ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၃) | METHI BHUM | ကုန်သေတ္တာ ၇၁၅ တင် ဂ၁၆ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | ALS SUMIRE | ကုန်သေတ္တာ ဂ၁၄တင် ဂဂချဆဲ(ပူးတွဲလုပ်ဆောင်) |
| | ISEACO FORTUNE | ကုန်သေတ္တာ ၄၃၀တင်၄၄၇ချဆဲ |
| | ISEACO WISDOM | ကုန်သေတ္တာ ၄ဂ၁တင်၁၁၁၉ချဆဲ(ပူးတွဲလုပ်ဆောင်) |
| အလုံဆိပ်ကမ်း အမှတ်(၁) | UNIVERSE KAISA | ပြောင်းတန်ချိန် ၂၁၁၀၀ တန်တင်ဆဲ |
| အလုံဆိပ်ကမ်း အမှတ်(၃) | EVER BRILLIANT | ပြောင်းဝါတန်ချိန် ၂၁၃၄၀ တန်တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၁) | BEYPORE SULTAN | ကုန်သေတ္တာ၆၁တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | ASIAN ACE | ကုန်သေတ္တာ ၂၇၄ တင် ၇၃၅ ချရန်(ပူးတွဲလုပ်ဆောင်) |
| ပိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၁) | PIONEER ELITE | ပြောင်းဝါတန်ချိန် ၁၀ဂ၀၀ တင်ဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၃) | HENG LI | Steel ၃၃၀၆၄ချရန်(ပူးတွဲလုပ်ဆောင်) |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၄) | RESOLUTE BAY | Rice(Top Up) ၃၂၀၀၀/၅၆၁၀ တန်တင်ဆဲ(ရပ်နားထား) |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၅) | BBC KIMBERLEY | (12)Units Rail Cars ၄၄၀ချဆဲ(ပူးတွဲလုပ်ဆောင်) |
| WILMAR JETTY | MT.RM-7 | P'Oil(In Bulk) ၉၃၀၀ချဆဲ |
| Myanmar Kong Hua ဆိပ်ကမ်း | THAI BINH-68 | ပြောင်းဝါ ၁၂၇၀၀ တန်တင်ဆဲ |
| IBTT ဆိပ်ကမ်း(သီလဝါ) | PHOUNG NAM-1 | Urea ၅ဂ၀၀ တန်ချဆဲ |
| မင်းထက်မင်းဆိပ်ကမ်း | MV.MCL-8 | ပြောင်းဝါ ၂၇၀၀ တန်တင်ဆဲ(ရပ်နားထား) |
| | MV.MCL-18 | ပြောင်းဝါ ၂၇၀၀ တန်တင်ဆဲ |
| | MV.MCL-12 | ပြောင်းဝါ ၂၇၀၀ တန်တင်ဆဲ |
| မြန်မာကြယ်ငါးပွင့်ဆိပ်ကမ်း | CITRA | G/C ၂၁၀၀ တန်ချဆဲ(ပူးတွဲလုပ်ဆောင်) |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| BBC KIMBERLEY | (12)Unit Rails Car ၄၄၀ ချရန် | SPAIN | ၂၊ ၂၊ ၂၀၂၅ |
| BUFFLEHEAD | ဆန်တန်ချိန် ၂၉၉၃၀ တင်ရန် | SPAIN,BELGIUM&POLAN | ၂၊ ၂၊ ၂၀၂၅ |
| BEL TIGER | Steel Product တန်ချိန် ၂ဂ၃၇၁ ချရန် | CHINA | ၃၊ ၂၊ ၂၀၂၅ |
| SEA FOREST | ပြောင်းဝါတန်ချိန် ၉၄၀၀တင်ရန် | THAILAND | ၇၊ ၂၊ ၂၀၂၅ |
| JIN HAI HUA | Steel Product တန်၁၆၄၁၆ ချရန် | CHINA | ၁၃၊ ၂၊ ၂၀၂၅ |
| AFRICAN FETREL | ဂျုံတန်ချိန် ၂၇၀၀၀ ချရန် | AUSTRALIA | ၁၄၊ ၂၊ ၂၀၂၅ |
| YOUNG AN | ဆန်တန်ချိန် ၂၃၀၀၀ တင်ရန် | BANGLADESH | ၁၊ ၂၊ ၂၀၂၅ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MATHI BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၊ ၂၊ ၂၀၂၅ |
| BEYPORE SULTAN | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၊ ၂၊ ၂၀၂၅ |
| ALS SUMIRE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၊ ၂၊ ၂၀၂၅ |
| ASIAN ACE | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၃၊ ၂၊ ၂၀၂၅ |
| ISEACO WISDOM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၊ ၂၊ ၂၀၂၅ |
| SITC SHUNDE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၊ ၂၊ ၂၀၂၅ |
| BLPL BLESSING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၊ ၂၊ ၂၀၂၅ |
| ALVAN | SINGAPORE | စက်မှုဆိပ်ကမ်း | ၃၊ ၂၊ ၂၀၂၅ |
| MSC ANOREA F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၊ ၂၊ ၂၀၂၅ |
| SITC WENDE | SINGAPORE | သီလဝါဆိပ်ကမ်း | ၄၊ ၂၊ ၂၀၂၅ |
| SITC YUANMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅၊ ၂၊ ၂၀၂၅ |
| CAPE FELTON | SINGAPORE | စက်မှုဆိပ်ကမ်း | ၅၊ ၂၊ ၂၀၂၅ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅၊ ၂၊ ၂၀၂၅ |
| XO LUCKY | SINGAPORE | စက်မှုဆိပ်ကမ်း | ၆၊ ၂၊ ၂၀၂၅ |
| ST MARY | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၆၊ ၂၊ ၂၀၂၅ |
| HONG JIA-11 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆၊ ၂၊ ၂၀၂၅ |
| MSC SUPARNA F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆၊ ၂၊ ၂၀၂၅ |
| BANGKOK | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇၊ ၂၊ ၂၀၂၅ |
| SITC ZHENGDE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇၊ ၂၊ ၂၀၂၅ |
| UNI-ACTIVE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈၊ ၂၊ ၂၀၂၅ |
| AS SOPHIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၈၊ ၂၊ ၂၀၂၅ |
| SOL PIONEER | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈၊ ၂၊ ၂၀၂၅ |
| SITC ZHI | SINGAPORE | သီလဝါဆိပ်ကမ်း | ၈၊ ၂၊ ၂၀၂၅ |
| HANSA BITBURG | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၁၊ ၂၊ ၂၀၂၅ |
| METHI BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁၊ ၂၊ ၂၀၂၅ |

## ၁-၁-၂၀၂၅ မှ ၃၁-၁-၂၀၂၅ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 1790 | 24 | - | - | 1 | 1815 |
| | Form AANZ | 38 | 1 | - | - | - | 39 |
| | Form AHK | 2 | - | - | - | - | 2 |
| | Form AI | 650 | 14 | - | - | - | 664 |
| | Form AJ | 90 | 2 | - | - | 1 | 93 |
| | Form AK | 539 | 7 | - | - | 1 | 547 |
| | Form CHINA | 121 | - | - | - | - | 121 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 36 | - | - | - | - | 36 |
| | Form E | 1224 | 21 | - | - | - | 1245 |
| | Form Korea | 67 | - | - | - | - | 67 |
| | E Form D | 681 | - | - | - | - | 681 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | **Total** | **5238** | **69** | - | - | **3** | **5310** |

# နိုင်ငံအတွက် အားထားရာ ဆီအိုးကြီး



မြန်မာနိုင်ငံ၏ တောင်ဘက်အကျဆုံး တနင်္သာရီတိုင်းဒေသကြီးသည် ဆီအုန်းစိုက်ပျိုးအောင်မြင်နိုင်သော ရေ၊ မြေ၊ လေ၊ ရာသီဥတု အခြေအနေကောင်းများကို သဘာဝတရားကြီးက ပေးအပ်ထားခဲ့သဖြင့် ပြည်တွင်းသာမက ပြည်ပကုမ္ပဏီများကပါ ဆီအုန်းပင် စိုက်ပျိုးမှုကို လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်ကပင် လာရောက်ရင်းနှီးမြှုပ်နှံ စိုက်ပျိုးခဲ့ကြသည်။ ယခုအခါတွင် တနင်္သာရီတိုင်းဒေသကြီး တစ်ခုလုံးအနေဖြင့် ထားဝယ်ခရိုင်တွင် စိုက်ဧက ၂၁၉၆၈ ဧက၊ မြိတ်ခရိုင်တွင် စိုက်ဧက ၆၁၀၃၈ ဧက၊ ကော့သောင်းခရိုင်တွင် ၁၈၆၇၈၇ ဧက၊ ဘုတ်ပြင်းခရိုင်တွင် ၁၂၅၉၂၈ ဧက၊ စုစုပေါင်းဧက လေးသိန်းနီးပါး စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သိရသည်။

ဆီအုန်းပင်စိုက်ပျိုးမှုအနေဖြင့် စတင်စိုက်ပျိုးပြီး ငါးနှစ်ခန့်အကြာတွင် စီးပွားဖြစ် ဆီသီးခိုင်များ ဆွတ်ခူးနိုင်ပြီး သုံးနှစ်ခန့်အကြာတွင် ကုန်ကျစရိတ် အရင်းကျေကြောင်းနှင့် နှစ် ၂၀ ခန့်အထိ ဆီသီးခိုင်များအား ဆွတ်ခူးအသုံးပြုနိုင်ကြောင်း သိရသည်။

ဆီအုန်းပင်များအနေနှင့် တစ်ပင် ပေ ၃၀ ပတ်လည် စိုက်ပျိုးပါက တစ်ဧက အပင် ၅၆ ပင်၊ တစ်ပင် ၂၈ ပေ ပတ်လည် စိုက်ပျိုးပါက ၆၅ ပင်စိုက်ပျိုးနိုင်ပြီး ရာသီဥတုနှင့် အပင်အနေအထားပေါ် မူတည်ပြီး တစ်ဧကလျှင် ဆီသီးခိုင် သုံးတန်မှ ငါးတန်အထိ နှစ်ပတ်လည် ဆွတ်ခူးနိုင်သည်။ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ဆီအုန်းပင် လေးသိန်းခန့်စိုက်ပျိုးထားရှိရာ ဆီသီးခိုင်အနေဖြင့် တန်သိန်း ၂၀ ခန့် ရရှိမည်ဖြစ်သည်။ ဆီသီးခိုင် တစ်တန်အား ကြိတ်ခွဲပါက ဆီကြမ်း ၁၉ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိရရှိနိုင်ပြီး ဆီကြမ်းတစ်တန်ကို ကြိတ်ခွဲပါက ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ စားသုံးဆီချောရရှိပြီး စက်မှုကုန်ကြမ်းသုံးဆီ ၃၃ရာခိုင်နှုန်းခန့်နှင့် ဆပ်ပြာကုန်ကြမ်းဆီ ၅ ရာခိုင်နှုန်းခန့်ရရှိကာ အဆိုပါ ဆပ်ပြာကုန်ကြမ်းဆီများအား ကုမ္ပဏီပိုင် ဆပ်ပြာစက်ရုံများမှ ဆပ်ပြာထုတ်လုပ်၍ ပြည်တွင်းဈေးကွက်တွင် ရောင်းချလျက်ရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ဆီအုန်းပင် စိုက်ပျိုးသူ ပုဂ္ဂလိကလုပ်ငန်းရှင် ၄၀ ခန့်နှင့် ကုမ္ပဏီပေါင်း ၃၉ ခုမှ စီးပွားဖြစ် စိုက်ပျိုးလျက်ရှိပြီး ဆီသီးခိုင်အများစုကို ထားဝယ်၊ မြိတ်၊ ကော့ သောင်း၊ ဘုတ်ပြင်းခရိုင်များရှိ ဆီကြမ်းစက်ရုံများသို့ ရောင်းချလျက်ရှိကာ ဆီသီးခိုင် တစ်တန်လျှင် ယခုလက်ရှိဈေးနှုန်း ကျပ် ၄၂၈၀၀၀ ခန့်ရရှိနေကာ ဆီအုန်း တစ်ဧကလျှင် ကျပ် ၁၀ သိန်းမှ ကျပ်သိန်း ၂၀ ခန့်အထိ ဝင်ငွေရရှိနေကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ဆီကြမ်းစက်ရုံများအနေဖြင့် ထားဝယ်ခရိုင်တွင် စက်ရုံနှစ်ရုံ၊ မြိတ်ခရိုင်တွင် စက်ရုံလေးရုံ၊ ကော့သောင်းခရိုင်တွင် စက်ရုံသုံးရုံ၊ ဘုတ်ပြင်းခရိုင်တွင် စက်ရုံနှစ်ရုံ၊ စုစုပေါင်း စက်ရုံ ၁၁ ရုံရှိပြီး ဒေသတွင်းဝယ်ယူရရှိသော ဆီသီးခိုင်များကို ကြိတ်ခွဲပြီးရရှိသော ဆီကြမ်းများအား ၎င်းတို့ကုမ္ပဏီများ ပိုင်ဆိုင်သည့် ဆီချောစက်ရုံများသို့ပို့ဆောင်ကာ ဆီချောကြိတ်ခွဲထုတ်လုပ်၍ ရန်ကုန်ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း တိုင်းဒေသကြီးအတွင်း စားသုံးဆီဖူလုံရေးအတွက် ဆီချောစက်ရုံများ လာရောက်ရင်းနှီးမြှုပ်နှံ ထူထောင်တည်ဆောက်နိုင်ရေး စည်းရုံးဆောင်ရွက်လျက်ရှိရာ မြိတ်မြို့နယ်တွင် တစ်ရက်လျှင် တန် ၆၀ ကျ ဆီချောစက်ရုံ တည်ဆောက်နိုင်ရေးနှင့် ဘုတ်ပြင်းမြို့နယ်တွင် တစ်ရက်လျှင် ၂ ဒသမ ၅ တန်ကျ ဆီချောစက်ရုံ တည်ဆောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကုန်ကြမ်း ဆီသီးခိုင်များ အသင့်ရှိပြီးဖြစ်ရာ စားသုံးရန်အတွက် စားသုံးဆီချောစက်ရုံများ လုံလောက်စွာ လာရောက်ရင်းနှီးမြှုပ်နှံ တည်ထောင်နိုင်ပါက ဒေသတွင်း ဆီအုန်းပင်စိုက်ပျိုးသူ တောင်သူများအနေဖြင့် ဆီသီးခိုင်များအား ဈေးနှုန်းပိုမိုရရှိပြီး လွယ်ကူစွာ ရောင်းချနိုင်မည်ဖြစ်သည်။ ထို့ပြင် စားသုံးဆီချော ရရှိမှု လုံလောက်စွာ ရရှိနိုင်မည်ဖြစ်ပြီး ဒေသတွင်း စားသုံးဆီဖူလုံမှုမှသည် ပိုလျှံသည်အထိ ဖြစ်လာမည်ဖြစ်ကာ နိုင်ငံမှ လိုအပ်လျက်ရှိသော စားသုံးဆီများကိုလည်း အပြည့်အဝ ရရှိမည်ဖြစ်သည်။ နိုင်ငံအတွက် ကုန်ကျလျက်ရှိသော နိုင်ငံခြားငွေသုံးစွဲမှုအားလည်း လျှော့ချနိုင်မည်ဖြစ်သဖြင့် တနင်္သာရီတိုင်းဒေသကြီးသည် နိုင်ငံမှလိုအပ်လျက်ရှိသော စားသုံးဆီကဏ္ဍတစ်ခုအား ဖြည့်ဆည်းပေးနိုင်ရန် အသင့်ရှိနေသည့်အတွက် စနစ်တကျ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ရရှိနိုင်ရန် ဆောင်ရွက်နိုင်ပါက မကြာမီကာလတစ်ခုအတွင်း နိုင်ငံအတွက် အားထားရသည့် ဆီအိုးကြီးသည် တိုင်းတနင်္သာရီ ဖြစ်လာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။

**စိုးဗြဲ (ထားဝယ်)**

## ပြည်ပဆန်ဈေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၂၉-၁-၂၀၂၅ မှ ၄-၂-၂၀၂၅) ထိ ဆန်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 440 - 445 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 435 - 440 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 430 - 435 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 410 - 415 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 390 - 400 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 435 - 440 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 430 - 435 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 425 - 430 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 410 - 415 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 430 - 435 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 425 - 430 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 420 - 425 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 410 - 415 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 420 - 425 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 410 - 420 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 405 - 410 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 400 - 405 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 425 - 430 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 410 - 420 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 405 - 410 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 400 - 405 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 620 - 630 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 610 - 620 | |
| 24 | A-1 , 2 (Sortexed) | 355 - 360 | |
| 25 | B-1 , 2 (Sortexed) | 330 - 340 | |
| 26 | B-1,2 (Non-Sortexed) | 285 - 295 | |

**Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**

# ဧရာဝတီတိုင်းဒေသကြီး၏ ဆီထွက်သီးနှံ ပဲပုပ် စိုက်ပျိုးထုတ်လုပ်မှု

ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆန်အိုးကြီးဖြစ်သလို မိုးစပါးစိုက်ပျိုးပြီးချိန်တွင် သီးထပ်အဖြစ် ပဲမျိုးစုံ၊ အစေ့ထုတ်ပြောင်းနှင့် နွေစပါးတိုကိုလည်းစိုက်ပျိုးထုတ်လုပ်သည်။ ပဲမျိုးစုံစိုက်ဧကသည် စပါးပြီးလျှင် အများဆုံးစိုက်ပျိုးသော သီးနှံလည်းဖြစ်သည်။ ပဲမျိုးစုံသည် နှံစားသီးနှံများထက် စိုက်ပျိုးရလွယ်ကူပြီး အရေးပါသည့် အသားဓာတ်များ ပေါကြွယ်ဝကာ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်သော ပြည်ပပို့ကုန်လည်းဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံ စိုက်ဧက ၁၅ သိန်းကျော်ရှိပြီး ပဲပုပ်စိုက်ဧက ၂၇၄၉၉ ဧက စိုက်ပျိုးသည်။

ပဲပုပ်ကို ပဲပြား၊ ပဲပင်ပေါက်၊ ပဲပုပ်ထောင်း၊ ပဲပုပ်စေ့လှော်၊ ဆီတို့ဟူး၊ ပဲငံပြာရည်၊ ပဲမုန့်တို့ ပြုလုပ်စားသုံးကြပြီး ပြည်ပဈေးကွက်သို့လည်း တင်ပို့ရောင်းချကြသည်။ ပဲပုပ်သီးနှံသည် ကမ္ဘာ့အရေးကြီးသီးနှံ ၁၀ မျိုးတွင်ပါဝင်ပြီး နံပါတ်(၆)အဆင့်ရှိသော သီးနှံလည်းဖြစ်သည်။ ပဲပုပ်တွင် ပရိုတင်းဓာတ်၊ သံဓာတ်၊ ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်နှင့် အမျှင်ဓာတ်တို့လည်း ပါဝင်သည်။ ဆီပါရာခိုင်နှုန်းမှာလည်း ၁၈ ရာနှုန်းမှ ၂၂ ရာခိုင်နှုန်းပါရှိသည့်အတွက် ဖျော်ထုတ်သည့် နည်းစဉ် (Extraction Method) ဖြင့် စားသုံးဆီကိုလည်း ထုတ်ယူအသုံးပြုနိုင်သည်။

ပဲပုပ်သီးနှံကို ဧရာဝတီတိုင်းဒေသကြီးတွင် မိုးစပါး စိုက်ပျိုးပြီးချိန် အောက်တိုဘာလဆန်းတွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီလဆန်းတွင် စတင်ထွက်ရှိ၍ တစ်ဧကလျှင် ပျမ်းမျှ တင်း ၂၀မှ ၂၅ ခန့် ထွက်ရှိသည်။ ပဲပုပ်တစ်ဧက ကုန်ကျစရိတ်မှာ ပျမ်းမျှ ခုနစ်သိန်းကျပ်ခန့်ကုန်ကျပြီး တစ်ဧက ပျမ်းမျှထွက်နှုန်း တင်း၂၀ နှင့် ဇန်နဝါရီ ၂၈ ရက် ပဲပုပ်တစ်တင်းဈေး ကျပ် ၁၂၂၅၀၀ ဖြင့် တွက်ချက်ပါက ကျပ် ၂၄၅၀၀၀၀ ခန့်ရရှိနိုင်ပြီး တစ်ဧက အကျိုးအမြတ် ကျပ် ၁၇၅၀၀၀၀ ခန့် ရရှိသည့်အတွက် ပဲပုပ်စိုက်တောင်သူတို့ တွက်ခြေကိုက်အကျိုးရှိသော နှစ်လည်းဖြစ်သည်။ ယခင်နှစ် ကာလတူအချိန်တွင် ပဲပုပ်တစ်တင်းဈေးလျှင် ကျပ် ၆၉၀၀၀ ခန့်သာရှိသည့်အတွက် ယခုနှစ်ပဲပုပ်စိုက်တောင်သူများအနေဖြင့် ယခင်နှစ်ကထက် ၄၀ ရာခိုင်နှုန်းခန့် အကျိုးအမြတ် ပိုမိုရရှိလျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသော ပဲပုပ်များကို ဒေသတွင်းစားသုံးမှုအပြင် အစာစပ် စက်ရုံများသို့ တင်ပို့ရောင်းချခြင်း၊ ရန်ကုန် ဘုရင့်နောင်ဈေးကွက်မှတစ်ဆင့် ပြည်ပသို့လည်း တင်ပို့လျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးမှ ပဲမျိုးစုံစိုက်ပျိုးသောတောင်သူများအနေဖြင့် လာမည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် တစ်ဧက အကျိုးအမြတ် ပိုမိုရရှိလျက်ရှိသော ပဲပုပ်သီးနှံကို တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်းသိရသည်။

**မောင်မောင်မြတ်ခိုင်**

# နေ့စဉ်စားသုံးနေသည့် ဆန်အကြောင်း သိကောင်းစရာ

## မာမာရီ

အာရှတိုက်တွင် နေထိုင်ကြသော လူအများစုတွင် ခန္ဓာကိုယ်အာဟာရနှင့် ဆာလောင်မှုပြေပျောက်စေရန် ဆန်ကို အဓိက အစားအစာ (Staple Food) အဖြစ် သတ်မှတ်ပြီးသားဖြစ်သည်။ အနည်းဆုံး တစ်ရက်လျှင် နှစ်ကြိမ်စားသုံးကြသည်။

ကမ္ဘာတွင် ဆန်အမျိုးအစားပေါင်းများစွာရှိသည်။ အရေအတွက်အားဖြင့် ၁၂၀၀၀ ထက်ပိုသည်ဟု လေ့လာသိရှိရသည်။ မြန်မာနိုင်ငံတွင် ဆန်အမျိုးအစားပေါင်း ၂၀၀၀ နီးပါးခန့်ရှိသည်။ နိုင်ငံအလိုက် ရာသီဥတု၊ ရေ၊ မြေ၊ သဘာဝကိုမှီတည်၍ ဆန်နီ၊ ဆန်နက်၊ ဆန်ခရမ်းရောင်၊ ဆန်ညိုနှင့် ဆန်ဖြူများအဖြစ် ရှိကြသည်။ မြန်မာနိုင်ငံတွင် ဆန်ညို၊ ဆန်ဖြူနှင့် ပေါင်းဆန်များကို အဓိကတွေ့ရသည်။ ဆန်အမျိုးအစားများအနေဖြင့် ထွက်ရှိလာသော စပါးစေ့၊ ထိုစပါးစေ့၏ အခွံချွတ်ပြီး လုံးတီးဆန်၊ ထိုလုံးတီးဆန်အား ကြိတ်ဖွပ်၍ ထွက်ရှိလာသော ဆန်ဖြူစေ့တို့၏ အလျား၊ အနံ၊ အချိုး၊ အရွယ်အစားများကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ကိုက်ညှိခွဲခြားထားပြီးမှသာ လုံးရှည်စပါး (Long)၊ လုံးလယ်စပါး (Medium)၊ လုံးပုစပါး (Short)ဟူ၍ အရွယ်အစားနှင့် ပုံသဏ္ဍာန်ပေါ်မူတည်ပြီး အမျိုးအစား ကွဲပြားသွားကြသည်။

အာရှတိုက်ရှိ နိုင်ငံအသီးသီးတွင် ထွက်ရှိလာသော ဆန်သား၏ အလုံး၊ အဝန်း၊ အရွယ်အစား၊ အနံ့၊ အရသာနှင့်ပါဝင်သော ဩဇာဓာတ်များပေါ်မူတည်ပြီး မြန်မာနိုင်ငံတွင် ပေါ်ဆန်း(Paw San)၊ အိန္ဒိယနိုင်ငံတွင် ဘာစမာတီ (Basmati)၊ ထိုင်းနိုင်ငံတွင် ထိုင်းဂျက်စမင်(Thai Jasmine)၊ တရုတ်နိုင်ငံတွင် ဝူချမ်းဆန် (Wuchang)၊ လာအို၊ ဗီယက်နမ်နိုင်ငံတွင် ဂျက်စမင်ဆန် (Jasmine) စသည်ဖြင့် ထိုအမည်ရှိဆန်များကိုအရည်အသွေး အကောင်းဆုံးဆန်များဟု သတ်မှတ်ထားကြသည်။

ဆန်၏အရည်အသွေးကို အကျိုးအကြေ (Broken) ပါဝင်မှု၊ ဆန်စေ့၏ ဗိုက်ဖြူ(White Belly)၊ ဆန်သား၏ အလယ်ဖြူ(White Center)ပါဝင်မှု၊ မြေဖြူရောင်ဆန်သား(Chalky Kernel)၊ မှည့်ဖွမ်းဆန် (Damanged Kernel) နှင့် ဆန်ဝါအရောင်ပျက် (Yellow Kernel) များ ကင်းစင်ခြင်း ရှိ၊ မရှိပေါ်မူတည်၍ အရည်အသွေး ကွဲပြားသွားကြသည်။

ဆန်များကို ပျက်စီးစေသော အကြောင်းရင်းအနေဖြင့် မည်သည့်သီးနှံ ဟင်းသီးဟင်းရွက်ကိုမဆို ရိတ်သိမ်းခူးဆွတ်ပြီးနောက် သိုလှောင်ထားရှိစဉ် အစိုဓာတ်နှင့် အပူချိန်သည် အဓိကကျနေကြောင်း တွေ့ရသည်။ စပါး၏ အစိုဓာတ်ကို ၁၈ ရာခိုင်နှုန်းထက် မပိုစေရန်နှင့် ကြိတ်ဖွပ်ပြီး ထွက်ရှိလာသော ဆန်၏ အစိုဓာတ်ကို ၁၄-၁၅ ရာခိုင်နှုန်းထက် မကျော်လွန်စေရန်လည်း သတ်မှတ်ထားပြီးဖြစ်သည်။ အစိုဓာတ်မှာ ပတ်ဝန်းကျင်ရှိ စိုထိုင်းဆများအပေါ် လိုက်၍ ပြောင်းလဲတတ်ခြင်းကြောင့် စိုထိုင်းဆများလျှင် အစိုဓာတ်များမည်ဖြစ်ပြီး တစ်ဆက်တည်း သီးနှံမူလရှိရင်း အရည်အသွေးများကို ယိုယွင်းပျက်စီးစေသော အခြေအနေသို့ ရောက်ရန် ဦးတည်သွားမည်ဖြစ်သည်။ ဆိုလိုသည်မှာ သီးနှံ၏ ပိုလျှံအစိုဓာတ်ကြောင့် ဆန်အပေါ် ယံဖွဲ့နုလွှာတွင် မျက်စိဖြင့် မမြင်နိုင်သော အဏုဇီဝ ဘက်တီးရီးယားများနှင့် မှိုများ မျက်စိဖြင့် မြင်နိုင်သော အင်းဆက်ပိုးကောင်များ (Insect) ပေါက်ပွားလာမည်ဖြစ်သည်။ ထိုအင်းဆက်များဖြစ်သည့် ထိုးပိုးများ၊ ဆန်ထွေး ဖလံပိုး၊ ဖောက်ပိုး၊ သီးနှံအစေ့ ဖောက်ပိုးများ၊ ဆန်ဆင်ပိုး စသော အမျိုးအစားများသည် ဆန်၏ အတွင်းအပြင်များတွင် ပေါက်ပွား၍ စားသောက်ဖျက်ဆီးခြင်းကြောင့် သီးနှံအရည်အသွေး ကျဆင်းပျက်စီးလာမည်ဖြစ်သည်။

ထို့အတူ မျက်စိဖြင့်မမြင်ရသော မှို၊ ဘက်တီးရီးယား ပိုးမွှားများအပိုင်းကိုကြည့်လျှင် စားသုံးသူများအား အန္တရာယ်ပေးစေသည့် မှိုဆိပ်များ (Mycotoxin) ကို ထုတ်လုပ်တတ်သော အက်စပါးဂျီလတ်စ် (Aspergillus) ပင်နီဆီလီယမ် (Penicillum) မှိုတို့ကို ပေါက်ပွားစေနိုင်မည်ဖြစ်သည်။ ဆန်သီးနှံအား သိုလှောင်ထားရှိစဉ်တွင် လုပ်ထုံးလုပ်နည်းစနစ်များ၊ ရာသီဥတု ရေမြေသဘာဝ အနေအထားနှင့် ရိတ်သိမ်းစပါးထားရှိသိုလှောင်ရုံ ပုံစံများအပေါ် မူတည်၍ သီးနှံအတွင်း၌ မမြင်ရသော PH, ချဉ်/ငံ ဓာတ်ပါဝင်မှု၊ အချိန် (Time) အောက်စီဂျင် ($O_2$) အနည်းအများ အစိုဓာတ်ရေ၏ လုပ်ဆောင်ချက် (AW)၊ အာဟာရဓာတ်ပါဝင်မှု စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှသာ အဆိုပါပိုးများ ပေါက်ပွားမည်ဖြစ်သည်။ အကယ်၍ ထိုဆန်သိုလှောင်ရုံ အဖျက်ပိုးများပေါက်ပွားခဲ့သည်ရှိသော် ကာကွယ်နှိမ်နင်းရန် သက်ဆိုင်ရာ ပိုးမွှားအမျိုးအစားအလိုက် ပိုးသတ်မှိုင်းတိုက်ခြင်း၊ ဆေးခိုးလွှတ်ခြင်း၊ ဆေးမှုန့်ဖြူးခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုပိုးသတ်မှိုင်းတိုက်ထားသည့် ဆန်များအား စားသုံးသူလက်ဝယ် မရောက်မီ စိုက်ပျိုးရောင်းချသူ၊ ဝယ်ယူသူများက ဓာတုပိုးသတ်ဆေးကြွင်း (Pesticide Residue) ကျန်၊ မကျန် သက်ဆိုင်ရာ ဓာတ်ခွဲခန်းများတွင် စမ်းသပ်စစ်ဆေး အတည်ပြုထောက်ခံချက်ဖြင့်သာ စိတ်ချလက်ချ ရောင်းခြင်း၊ ဝယ်ခြင်း ပြုလုပ်သင့်သည်။

အပူချိန်ကဏ္ဍတွင် ပတ်ဝန်းကျင်၏ အပူချိန်ကြောင့် သတ်မှတ်ချက်ထက် ပိုမိုမြင့်တက်လာခဲ့လျှင် စပါးပုံအတွင်း အောင်းပူဖြစ်ပေါ်လာ၍ စပါးများ အပူကွက်ခြင်း၊ အပူလောင်ခြင်း ဖြစ်စေပြီး ထွက်ရှိလာသော ဆန်သားများတွင် အနည်းနှင့်အများ ဆန်ဖြူအပြင် ဆန်ဝါများထွက်ရှိလာမည်ဖြစ်သည်။ ဆန်များ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် ဓာတ်သဘာဝအရ ဆန်များအား မူလအတိုင်းစား၍မရခြင်းမှာ ဆန်သားများကို ဆဲလ်လူလို့(Cellulose)နံရံများမှ ဝန်းရံထားသဖြင့် ရေများနှင့် အသုံးပြုချက်ပြုတ်မှသာ ပျော့ပျောင်း၍ ဆန်သားအရှည်ထွက်နူးနပ်သည့် သဘောရှိသည်။ ဆဲလ်လူလို့(Cellulose)နံရံဆိုသည်မှာ အဓိကအားဖြင့် ကာဗိုဟိုက်ဒြိတ်ဓာတ်များ ရှုပ်ထွေးပေါင်းစပ်ပါဝင်နေသည့် အပင်ဆဲလ်နံရံများဟု ဆိုထားသည်။ အာဟာရဓာတ်များတွင် (က) ကစီဓာတ် ၇၅ ရာခိုင်နှုန်းခန့်၊ (ခ) အသားဓာတ် ၇-၁၀ ရာခိုင်နှုန်းခန့်၊ (ဂ) အဆီဓာတ် ၂ ရာခိုင်နှုန်း၊ (ဃ) အမိုင်နိုအက်စစ်များ ရှစ်မျိုးပါဝင်၍ အစာချေဖျက်မှုကိုအထောက်အကူပြုစေသည်။ ဥပမာ Valine(Val)၊ Methionine (Met)၊ Theronine(Thr) စသည်ဖြင့် ဆေးပညာရပ်အရ သိရှိနိုင်သည်။ (င) အင်အော်ဂဲနစ်သတ္တုဓာတ်များ အုပ်စုတွင် ဆီလီကွန်(Si)၊ ဆိုဒီယမ် (Na)၊ ကယ်ဆီယမ်(Ca)၊ ဆာလဖာ (S) များပါဝင်နေပြီး (စ) သတ္တုဓာတ်နှင့် သက်စောင့် ဗီတာမင်ဓာတ်များအနေဖြင့် ဗီတာမင် (B1,B6,B12)၊ ဖောလစ်အက်စစ်၊ အိုင်းယွန်း၊ ဇင့်နှင့် ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးသော အမျှင်ဓာတ်(Fiber) တို့ပါဝင်နေပြီး အရေအတွက်မှာ ဆန်အမျိုးအစားနှင့် ကြိတ်ခွဲမှုပုံစံအပေါ် မူတည်၍ ကွဲပြားသွားမည်ဖြစ်သည်။ ဥပမာ ရိုးရိုးအခွံချွတ်ပြီး ဆန်ညိုတွင် Fiber ၁ ဒသမ ၁ ရာခိုင်နှုန်း၊ ဖွဲနုကြိတ်ဖွပ်ပြီး ဆန်ဖြူတွင် သုည ဒသမ ၄၊ သုည ဒသမ ၃၊ သုည ဒသမ ၂ ရာခိုင်နှုန်း စသည်ဖြင့် အရေ အတွက် ရာခိုင်နှုန်းအားဖြင့် ၁ ရာခိုင်နှုန်းအောက် (Less than 1)ပါဝင်နေမည်ဖြစ်သည်။ အမိုင်းလို့ဓာတ် (Amylose) ပါဝင်မှု ၂၂-၂၇ ရာခိုင်နှုန်း ကြားသည် အသင့်အတင့်ဖြစ်သည်ဆိုထားပြီး များနေပါက ထမင်းကြမ်း၍ ဖွယ်စေပြီး အအေးခံသောအခါ မာကြောသော အခြေအနေကို တွေ့ရသည်။ အမိုင်လိုပက်တင်း (Amylopectin)ပါဝင်မှုတွင် ရိုးရိုးသာမန်ဆန်တွင် ၇၇ ဒသမ ၉၃ ရာခိုင်နှုန်းမျှပါဝင်နိုင်ပြီး စေးကပ်ခြင်း၊ ကော်ဖြစ်လွယ်ခြင်း သတ္တိရှိသည်။

အချုပ်အားဖြင့်ဆိုသော် ကျွန်ုပ်တို့နေ့စဉ်ထိတွေ့ စားသုံးနေရသည့် ထမင်းအိုးထဲမှ ဆန်ကလေးများသည် အာဟာရဓာတ်များအပြင် ၎င်းနှင့်ယှဉ်တွဲထွက်လာသည့် ဆန်ကွဲများ၊ ဖွဲနုစသောထွက်ကုန်များနှင့် သက်ဆိုင်သည့် တိရစ္ဆာန်အစာ၊ ဖြည့်စွက်အစာ၊ ဆန်နှင့်ပြုလုပ်သော မုန့်မျိုးစုံနှင့် စပါးခွံမှုန့်များဖြင့် ပြုလုပ်သော ခြင်ဆေးခွေ၊ မီးသွေးတောင့် စသည်ဖြင့် အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းများကို အထောက်အကူပြုနေသည့် အကျိုးကျေးဇူး များစွာရှိသော ဂုဏ်ရည်ကို လေ့လာသိရှိထားသမျှ စားသုံးသူများ ဗဟုသုတရစေရန် ရေးသားလိုက်ရပါသည်။

**ကိုးကား- သီးနှံရူပဓာတ်ခွဲခန်းနှင့်သက်ဆိုင်သော အချက်အလက် (CTQM/လှည်းကူး)**
**အဏုဇီဝပိုးမွှားဓာတ်ခွဲခန်းနှင့်သက်ဆိုင်သော အချက်အလက် (CTQM /လှည်းကူး)**
**Internet**

# မန္တလေးတိုင်းဒေသကြီး၏ မိုးစပါး၊ မြေပဲ၊ ဝါ စိုက်ပျိုးထွက်ရှိမှု အခြေအနေ

### မိုးစပါး

မြင်းခြံခရိုင်တွင် မိုးစပါးစိုက်ဧက ၁၉၈၃၃ ဧကအနက် ၁၃၃၅၅ ဧက ရိတ်သိမ်းခဲ့ပြီး တစ်ဧက အထွက်နှုန်း ၆၇ တင်းနှုန်းဖြင့် အထွက်တင်းပေါင်း ၈၉၄၇၈၅ တင်းထွက်ရှိကာ ကျန်ဧကများကို ဆက်လက်ရိတ်သိမ်းဆဲဖြစ်သည်။ မနောသုခ မိုးစပါးအသစ် တစ်တင်းလျှင် ကျပ် ၂၂၀၀၀ ဈေးဖြင့် ဒေသတွင်းရှိကျေးရွာများတွင် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။ မနောသုခ စပါး အဟောင်း တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ဖြစ်ပြီး မနောသုခဆန် (ဟောင်း) တစ်အိတ်လျှင် ကျပ် ၈၅၀၀၀ မှ ၉၅၀၀၀ ထိရှိကြောင်း သိရသည်။

### မြေပဲ

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် ဆီထွက်သီးနှံဖြစ်သော မြေပဲသီးနှံကို အများဆုံးစိုက်ပျိုးထားပြီး မိုးမြေပဲသီးနှံစိုက်ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။ ညောင်ဦးမြို့နယ်တွင် ယခုနှစ် မြေပဲစိုက်ပျိုးမှုမှာ ၉၃၉၈၇ ဧက စိုက်ပျိုးရန် လျာထားသော်လည်း ၁၁၀၉၂၉ ဧကစိုက်ပျိုးခဲ့သဖြင့် လျာထားချက်ထက် ၁၆၉၄၂ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ ယခုကာလတွင် မြေပဲစိုက်ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်၍ တစ်ဧကအထွက်နှုန်း အနေဖြင့် တင်း ၄၀ ခန့် ထွက်ရှိကြောင်း၊ အထွက်နှုန်းများမှာ နေရာဒေသ၏ မြေကောင်းမွန်မှု၊ ရာသီဥတုပေါ်မူတည်ပြီး အထွက်နှုန်းများလည်း ကွာခြားမှုရှိရာ ဝါခင်းကြီးကျေးရွာ၏ မြေပဲတစ်ဧက အထွက်နှုန်းမှာ တင်း ၃၀ ခန့်၊ သန့်စင်ကြယ်ကျေးရွာ၏ မြေပဲတစ်ဧက အထွက်နှုန်းမှာ ၃၀၊၄၀ တင်းဝန်းကျင်ခန့်ထွက်ရှိကြောင်း သိရသည်။

ဇန်နဝါရီလ စတုတ္ထပတ်တွင် ဖြစ်ပေါ်ခဲ့သော မြေပဲဆန်တစ်ပိဿာ ဈေးနှုန်းများအနေဖြင့် လုံးဆန်တစ်ပိဿာလျှင် ကျပ် ၉၂၀၀၊ ယခင်နှစ်ကာလတူက တစ်ပိဿာလျှင် ကျပ် ၇၅၀၀ ခန့်သာရှိခဲ့သဖြင့် ယခု နှစ်တွင် ဈေးနှုန်းပိုခဲ့ကြောင်းနှင့် ရောင်းဝယ်ဖောက်ကားမှုအနေဖြင့် တစ်ရက်လျှင် ကုန်ချိန်ပိဿာ ၁၀၀၀၀ ဝန်းကျင်ခန့် အရောင်းအဝယ်ဖြစ်ကြောင်းနှင့် ညောင်ဦးဒေသထွက် မြေပဲသီးနှံများကို မြေပဲဆီကြိတ်ခွဲ ရောင်းချခြင်းများလုပ်ကိုင်ကြသည့်အပြင် ပဲဆန်များကိုလည်း မန္တလေးဈေးကွက်သို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

### ဝါ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်သည် ဝါသီးနှံများ စိုက်ပျိုးဖြစ်ထွန်းသော ဒေသဖြစ်ပြီး ယခုနှစ်တွင် မိတ္ထီလာမြို့နယ်တွင် ဧက ၇၁၈၀၊ မလှိုင်မြို့နယ်တွင် ၈၉၈၁ ဧက၊ သာစည်မြို့နယ်တွင် ၉၉၉၅ ဧက၊ ဝမ်းတွင်းမြို့နယ်တွင် ၁၃၁၅၆ ဧက၊ စုစုပေါင်း ၃၉၃၁၂ ဧက စိုက်ပျိုးခဲ့ ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။ ဝါသီးနှံကို မိုးကြို၊ မိုး၊ မိုးနှောင်းဟူ၍ စိုက်ပျိုးကြပြီး မိတ္ထီလာခရိုင်အနေဖြင့် မိုးနှောင်းဝါကို အများဆုံးစိုက်ပျိုးကြောင်း သိရသည်။ စိုက်ပျိုးရာတွင် ချည်မျှင်တိုဝါမှာ အထွက်နှုန်းနည်းသည့်အတွက် အထွက်နှုန်းကောင်းသည့် ချည်မျှင်ရှည်ဝါမျိုးကို စိုက်ပျိုးရေးဦးစီးဌာနက ဖြန့်ဝေရောင်းချသည့် B31၊ ရွှေတောင် ၈/၁၀၊ ငွေချဉ် ၉ တို့အပြင် ရာကာ(အိန္ဒိယ)မျိုးများကို စိုက်ပျိုးကြသည်။

မိတ္ထီလာခရိုင်တွင် မိုးနှောင်းဝါကို ဇူလိုင်လက စိုက်ပျိုးခဲ့ပြီး နိုဝင်ဘာလလယ်မှစ၍ ကောက်သိမ်းခဲ့ရာ လက်ရှိအချိန်ထိကောက်သိမ်းရန် ကျန်ရှိနေသေးကြောင်း သိရသည်။ တောင်သူများအနေဖြင့် ထွက်ရှိလာသောဝါကို တောပွဲစားများအပြင် မြို့ပေါ်ရှိပွဲရုံများ၊ ဝါစက်များသို့ ရောင်းချကြပြီး ပွဲရုံများမှ မြို့ပေါ်ဝါစက်များနှင့် မန္တလေးမြို့ပေါ်ရှိ ကုန်သည်များသို့ ပြန်လည်ရောင်းချကြသည်။ ဝါစက်များမှ ထွက်ရှိလာသော ဂွမ်းကို နိုင်ငံပိုင်ချည်မျှင် စက်များနှင့် မန္တလေးမြို့ရှိ ပုဂ္ဂလိကချည်မျှင်စက်များသို့ ပြန်လည်ရောင်းချကြ သည်။ ဝါဈေးအနေဖြင့် ရာသီပေါ်စက တစ်ပိဿာ ကျပ် ၃၁၀၀-၃၇၀၀ များမှ လက်ရှိဈေးကွက်တွင် ကျပ် ၄၇၀၀-၄၈၀၀ ရရှိသည့်အတွက် တောင်သူများ ယခုနှစ် မိုးများခြင်းကြောင့် အထွက်နှုန်း နည်းသော်လည်း အကျိုးအမြတ် ရရှိကြောင်း ဝါစိုက်တောင်သူများထံမှ သိရသည်။

**သူဇာမိုး၊ တင်မျိုးခိုင်၊ သင်းသင်းမြတ်**

# ဝါသီးနှံစိုက်ပျိုးမှုမှသည် ဝါဂွမ်းနှင့် ဝါစေ့ဆီသို့

ဇော်မင်းလတ်

ဝါသီးနှံအား မြန်မာနိုင်ငံတွင် မိုးကြိုရာသီ၊ မိုးရာသီနှင့် မိုးနှောင်းရာသီများတွင် စိုက်ပျိုးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးများတွင် အများဆုံးစိုက်ပျိုးကြသည်။ မိုးကြိုရာသီတွင် ဖေဖော်ဝါရီလလယ်မှ မတ်လအတွင်း၊ မိုးရာသီအား မေလလယ်မှ ဇွန်လကုန်အတွင်းနှင့် မိုးနှောင်းရာသီတွင် ဇူလိုင်လလယ်မှ ဩဂုတ်လလယ်အတွင်း စိုက်ပျိုးကြပြီး ယခုအချိန်တွင် မိုးနှောင်းဝါများ စတင်ထွက်ပေါ်လျက်ရှိသည်။

ဝါ(မိုးနှောင်း)စိုက်ပျိုးမှုအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၁၆၆၆၆ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၆၆၁၇ ဧကနှင့် မြစ်သားမြို့နယ်တွင် ၁၁၈၆၄ ဧက၊ စုစုပေါင်း ကျောက်ဆည်ခရိုင်အတွင်း ၃၈၁၄၇ဧက စိုက်ပျိုးထားပြီး ၁၀၃၂၀ ဧက ရိတ်သိမ်းပြီးကြောင်း သိရသည်။ ဝါစိုက်ပျိုးရာတွင် တောင်သူများမှာ Raca နှင့် B 31 မျိုးများကို စိုက်ပျိုးကြသော်လည်း အများစုမှာ အထွက်နှုန်းကောင်းမွန်ပြီး ပိုးမွှားအန္တရာယ်ဒဏ်ခံနိုင်ရည်ရှိသည့် Raca မျိုးကို အများဆုံးစိုက်ပျိုးကြသည်။ Raca မျိုးကို အချို့တောင်သူများက ကုမ္ပဏီထံမှဝယ်ယူပြီး စိုက်ပျိုးကြသော်လည်း အချို့မှာ ယခင်နှစ် ဝါသီးနှံပေါ်ချိန်တွင် ဝါကောက်ပြီး မျိုးအဖြစ် ပြန်လည်အသုံးပြုကြသည်။

ဝါစိုက်ပျိုးမှုအနေဖြင့် တစ်ဧကလျှင် ပျိုးထုတ်ဝယ်ယူ၍ စိုက်ပျိုးပါက မျိုးစေ့ထုတ်နှစ်ထုတ်ကုန်ကြပြီး ယခင်ဝါသီးနှံပေါ်ချိန်၌ ကောက်ယူထားသော မျိုးစေ့အား အသုံးပြုပါက ငါးပိဿာခန့် ကုန်ကျကြောင်း၊ မျိုးစေ့တစ်ထုတ်လျှင် ကျပ် ၅၀၀၀၀ နှင့် မျိုးစေ့ တစ်ပိဿာလျှင် ကျပ် ၄၀၀၀ ကုန်ကျကြောင်း၊ မျိုးစေ့ထုတ်ဖြင့် စိုက်ပျိုးပါက တစ်ဧကလျှင် ကျပ် ၁၀၀၀၀၀ ကုန်ကျပြီး ဝါကောက်ပြီး ရယူထားသောမျိုးစေ့ စိုက်ပျိုးပါက တစ်ဧကလျှင် ကျပ် ၂၀၀၀၀ ကုန်ကျသည်။ တစ်ဧက ကုန်ကျစရိတ်အနေဖြင့် မျိုးစေ့၊ သွင်းအားစု၊ နွားရှဉ်းခ၊ လုပ်သားခအပါအဝင် စုစုပေါင်း ကျပ် ၉၃၀၀၀၀မှ ၁၀၂၀၀၀၀ ကုန်ကျသည်။

ဝါဖြစ်ထွန်းမှုအပေါ် မူတည်ပြီး ကုမ္ပဏီမှရောင်းချသော မျိုးစေ့အား အသုံးပြုပါက တစ်ဧကလျှင် ပိဿာ ၇၀၀-၁၀၀၀ ထွက်ရှိပါကြောင်း၊ ယာခင်းမှ ပြန်လည်ကောက်ယူသော မျိုးစေ့အား အသုံးပြုပါက ပိဿာ ၆၀၀-၇၀၀ ထိ ထွက်ရှိကြောင်းသိရသည် ။ ကျောက်ဆည်ခရိုင်အတွင်း ဝါကုန်သည်များစွာရှိပြီး မြစ်သား မြို့နယ် ကူမဲမြို့ရှိဝါပွဲရုံ တောင်သူများမှ ထွက်ရှိလာသည့်ဝါများအားဝယ်ယူပြီး ဝါဂွမ်းနှင့်ဝါစေ့ဆီများ ထုတ်လုပ်လျက်ရှိသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ နတ်မောက်၊ အောင်လံနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နွားထိုးကြီး၊ ရမည်းသင်း၊ တပ်ကုန်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ ဝမ်းတွင်းနှင့် ကျောက်ဆည်ခရိုင်အတွင်းရှိ ဝါစိုက်တောင်သူများထံမှ ဝါများအား တစ်ပိဿာလျှင် ကျပ် ၄၈၀၀ ဈေးနှုန်းဖြင့် ဝယ်ယူလျက်ရှိကြောင်း သိရသည်။ ဝယ်ယူပြီးသောဝါများအား နေလှမ်း၍ ဝါစက်တွင် ကြိတ်ခဲ့သည့်အခါ ဝါအရည်အသွေးပေါ်မူတည်ပြီး ဝါပိဿာ ၁၀၀ လျှင် ဝါဂွမ်း ၃၀မှ ၃၅ ရာခိုင်နှုန်းနှင့် ဝါစေ့ ၆၀ရာခိုင်နှုန်းထွက်ရှိကြောင်း၊ ဝါစေ့ တစ်ပိဿာလျှင်ကျပ် ၂၂၀၀-၂၃၀၀ နှင့် ဝါဂွမ်းအမျိုးအစားပေါ် မူတည်၍ တစ်ပိဿာလျှင် ကျပ် ၁၁၀၀၀ ဈေးနှုန်းရှိကြောင်း၊ ထွက်ရှိလာသော ဝါဂွမ်းများအား တပ်မတော်၊ ချည်မျှင်နှင့် အထည်စက်ရုံများနှင့် စက်မှု(၁)ရှိ ချည်ထည်စက်ရုံများသို့ ရောင်းချလျက်ရှိသည်။

ဝါစေ့အားဆီအဖြစ် ထုတ်လုပ်ပါက ဝါစေ့ အရည်အသွေးပေါ်မူတည်ပြီး ကြိတ်ခွဲလျှင် ဝါစေ့ ပိဿာ ၁၀၀ လျှင် ဝါအခွံ ၂၀ မှ ၃၅ ရာခိုင်နှုန်း၊ ဝါဖတ် ၅၀မှ ၆၀ ရာခိုင် နှုန်းနှင့် ဝါစေ့ဆီ ၁၀မှ၁၅ ရာခိုင်နှုန်းထွက်ရှိပြီး ဝါအခွံများအား နွားမွေးမြူရေးနှင့် မှိုစိုက်ပျိုးရေးလုပ်ငန်းများသို့ တစ်ပိဿာလျှင် ကျပ် ၁၀၀၀ ဖြင့်လည်းကောင်း၊ ဝါဖတ်အား ငါးမွေးမြူရေး လုပ်ငန်းများသို့ တစ်ပိဿာလျှင် ကျပ် ၁၇၀၀-၁၈၀၀ ဖြင့်လည်းကောင်း၊ ဝါစေ့ဆီအချောအား တစ်ပိဿာလျှင် ကျပ် ၁၁၅၀၀ ဖြင့်ရောင်းချကြောင်း သိရသည်။ ကျောက်ဆည်ခရိုင် အတွင်း မြစ်သားမြို့နယ်၊ ကူမဲမြို့တွင် ဝါစေ့ကြိတ်ခဲ့သည့်စက်များရှိပြီးသန့်စင်ပြီး ဝါစေ့ဆီအား ဒေသတွင်း အကြော်အလှော် စားသောက်ကုန်လုပ်ငန်းများမှ စားအုန်းဆီနှင့် ရောနှော အသုံးပြုပြီး မသန့်စင်ရသေးသော ဆီကြမ်းအား စက်မှုကုန်ကြမ်းများတွင် အသုံးပြု၍ ဝါစေ့ဆီကြမ်း တစ်ပိဿာလျှင် ကျပ် ၉၀၀၀-၁၀၀၀၀ ခန့်ရှိကြောင်း သိရသည်။

ကျောက်ဆည်ခရိုင်အတွင်း မြစ်သားမြို့နယ် ကူမဲမြို့တွင် ဝါစေ့ကြိတ်ခဲ့သည့် စက်ရုံများရှိပြီး ဝါသီးနှံသည် တစ်နှစ်ပတ်လုံးစိုက်ပျိုး၍ရသဖြင့် တောင်သူနှင့်ကုန်သည်တွက်ခြေကိုက်သည့် သီးနှံဖြစ်သောကြောင့် စိုက်ပျိုးသင့်သည့် သီးနှံဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

# သားကျင်ရွာက ဂျုံဦးထုပ်

ငါန်းဇွန်မြို့နယ် သားကျင်ကျေးရွာအုပ်စု သားကျင်ရွာတွင် ဂျုံပင်မှရရှိသော ဂျုံရိုးများဖြင့် ဦးထုပ်ရက်လုပ်သည့် လုပ်ငန်းသည် မိရိုးဖလာ သားစဉ်မြေးဆက် လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ဂျုံသီးနှံမှာ ဆောင်းသီးနှံဖြစ်ပြီး တန်ခူး၊ ကဆုန်လများတွင် ရိတ်သိမ်းလေ့ရှိကာ သီးနှံပေါ်ချိန်တွင် ဂျုံရိုးများကို ကုန်ကြမ်းအဖြစ် အသုံးပြုရန် ဝယ်ယူစုဆောင်းလေ့ရှိကြသည်။ ဂျုံရိုး အတို၊ အရှည်၊ အတုတ်၊ အသေးပေါ်မူတည်၍ ဝယ်ယူရသည့် ဈေးနှုန်းလည်း ကွဲပြားမှုရှိကြောင်း သိရသည်။ တောင်သူလုပ်ငန်း အားလပ်ချိန်များတွင် ကလေး၊ လူကြီးမကျန် အိမ်ရှိလူကုန် ဂျုံရိုးများကို ကြိုးကျစ်ရပြီး ဦးထုပ်တစ်လုံးစာအတွက် ကြိုးအတောင် ၄၀ တစ်ခွေနှုန်းဖြင့် ကြိုးကျစ်ရကြောင်း သိရှိရသည်။ ကျွမ်းကျင်မှုအလိုက် တစ်ရက်လျှင် နှစ်ခွေမှ လေးခွေအထိ ကြိုးကျစ်ကြကြောင်း သိရှိရသည်။

ကြိုးကျစ်ပြီးကြိုးခွေများကိုအသုံးပြု၍ အပ်ချုပ်စက်များဖြင့် ဂျုံဦးထုပ်များ ချုပ်လုပ်ရသည်။ ကျွမ်းကျင်သည့် ဦးထုပ်ချုပ်လုပ်သူများအနေဖြင့် တစ်ရက်လျှင် ဦးထုပ် ၂၅ လုံးမှ ၃၀ လုံးထိ ချုပ်လုပ်နိုင်ကြပြီး အချောထည် အနုစိတ်ချုပ်လုပ်ပါက တစ်ရက်လျှင် အလုံး ၂၀ ခန့်သာ ချုပ်လုပ်နိုင်ကြောင်း သိရှိရသည်။ ချုပ်ပြီး ဦးထုပ်များကို ဆေးချွတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ဆေးရေး၊ ဆေးခြယ်၊ မှိုရိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရကြောင်း သိရသည်။

ဈေးနှုန်းများအနေဖြင့် ဦးထုပ်အသေး တစ်လုံးလျှင် ကျပ် ၂၅၀၀၊ ဦးထုပ် အလတ်တစ်လုံးလျှင် ကျပ် ၃၅၀၀၊ ဦးထုပ်အကြီး တစ်လုံးလျှင် ကျပ် ၄၅၀၀ နှင့် ဇာရောင်စုံအနားကွပ်ဖြင့် အလှဆင်ထားသည့် အမျိုးသမီးဆောင်း ဦးထုပ်တစ်လုံးလျှင် ကျပ် ၅၀၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

ဈေးကွက်အနေဖြင့် အခြားမြို့ရွာများရှိ ငွေကြို ထုတ်ပေးထားသည့် ကုန်သည်များမှ ကျေးရွာအရောက် လာရောက်ဝယ်ယူမှုများရှိသကဲ့သို့ ရွာကုန်သည်များမှလည်း နွားထိုးကြီး၊ မြင်းခြံ၊ တောင်သာ၊ မလှိုင်၊ မိတ္ထီလာ၊ မန္တလေးနှင့် ဗန်းမော်မြို့များအထိ တင်ပို့ရောင်းချကြကြောင်း သိရှိရသည်။

ဝင်းထွန်းဦး

# ခါတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး ကျပ် ၅၄ သိန်းကျော်တွင်ရှိနေ

သိပ်သည်းဆ ၁၉ ဒသမ ၂၅ နှင့်အထက်ရှိသော စံချိန်မီရွှေ တစ်ကျပ်သား (၁၆ ဒသမ ၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ကျပ် ၅၄၄၀၀၀၀ ဖြစ်ကြောင်း ခါတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီမှ သတ်မှတ်ထားကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ)အရ ပြည်ထောင်စုအစိုးရအဖွဲ့က အပ်နှင်းသည့် အမိန့်ထုတ်ပြန်နိုင်ခွင့်ကို ကျင့်သုံး၍ ခါတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီး ဝန်ဆောင်မှုအဖြစ် သတ်မှတ်ခဲ့ပြီးနောက် နေ့စဉ် ရွှေရည်ညွှန်းဈေးနှုန်းအား သတ်မှတ်ထုတ်ပြန်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် စံချိန်မီရွှေ ရည်ညွှန်းဈေးအတိုင်း ရောင်းဝယ်ခြင်း မရှိသူများနှင့် ခါတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း လိုင်စင်လျှောက်ထားမှုမရှိသူများ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

ကိုတိုး

# စတော့ရှယ်ယာ တန်ဖိုး ကျပ်သန်း ၁၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် တစ်နှစ်တာကာလအတွင်း စာရင်းဝင် ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်မှု တန်ဖိုး ကျပ်သန်း ၆၀၀၀ ကျော်ရှိခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း (YSX) မှ သိရသည်။

အဆိုပါကာလအတွင်း အရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာ အစောင်ရေ စုစုပေါင်း ၂၁၄၆၈၆၂ စောင်ရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၆၄၀၉ ဒသမ ၂၁၃ သန်း ရှိခဲ့ခြင်းဖြစ်သည်။

ယင်းနှစ်လတာကာလအတွင်း ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာ ရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment(FMI) က အစုရှယ်ယာ ၁၆၁၄၄၇ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၄၀၂ ဒသမ ၃၄၃ သန်း၊ Myanmar Thilawa SEZ Holdings Public (MTSH) က အစုရှယ်ယာ ၇၅၉၄၅၁ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂၃၉၁ ဒသမ ၂၉၆ သန်း ရရှိခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၁၆၄၄၁ စောင်ရောင်းချနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် ကျပ် ၁၃၃ ဒသမ ၈၀၄ သန်း၊ ပထမပုဂ္ဂလိကဘဏ်(FPB) က အစုရှယ်ယာ ၆၆၈၂၃ စောင်ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၁၄၃ ဒသမ ၇၄၂ သန်း ရရှိခဲ့သည်။

ထို့အတူ TMH Telecom Public(TMH) က အစုရှယ်ယာ ၃၈၀၁၇ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၀၆ ဒသမ ၅၀၉ သန်း၊ Ever Flovw River Group Public(EFR) က အစုရှယ်ယာ ၁၇၄၂၁၇ စောင်ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃၀၂ ဒသမ ၉၈၄ သန်း ရရှိခဲ့သည်။

ကိုတိုး

အာရှ နိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ ၃၁-၁-၂၀၂၅

တန်ဖိုး- ဒေါ်လာ

| စဉ် | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၈၆ | ၄၈၃ | ↓ | | | | | | | | | |
| ဆန်ဖြူ ၅% | ၄၇၂ | ၄၆၉ | ↓ | ၄၁၃ | ၄၁၇ | ↑ | ၄၂၉ | ၄၃၃ | ↑ | ၄၄၃ | ၄၄၇ | ↑ |
| ဆန်ဖြူ ၁၀% | | | | | | | | | | | | |
| ဆန်ဖြူ ၂၅ % | ၄၅၃ | ၄၅၁ | — | ၃၈၇ | ၃၈၁ | ↓ | ၄၁၃ | ၄၁၇ | ↑ | ၄၁၃ | ၄၁၇ | ↑ |
| ပေါင်းဆန် | ၅၀၄ | ၅၀၄ | — | | | | ၄၂၄ | ၄၂၈ | ↑ | ၄၅၂ | ၄၅၆ | ↑ |

## ပြည်ကုန်စည်ဒိုင်ပဲမျိုးစုံဈေးနှုန်းဈေးကွက်

တစ်တင်း/ကျပ်

| စဉ် | ပဲအမျိုးအမည် | ဇန်နဝါရီလ ပဲမျိုးစုံဈေးနှုန်း | | | | | | |
|---|---|---|---|---|---|---|---|---|
| | | ပထမ ပတ် | ဒုတိယ ပတ် | တတိယပတ် | စတုတ္ထပတ် | နယ်စုံ | မြို့တွင်း | ရန်ကုန် |
| ၁ | မတ်ပဲ | ၁၀၂၅၀၀ | ၉၉၀၀၀ | ၉၈၀၀၀ | ၉၈၀၀၀ | | | ၂၅၀ |
| ၂ | ပဲတီစိမ်း | ၉၀၀၀၀ | ၉၀၀၀၀ | ၉၉၀၀၀ | ၉၉၀၀၀ | | | ၄၀၀ |
| ၃ | ပဲစဉ်းငုံ | ၉၆၅၀၀ | ၉၀၀၀၀/ | ၉၃၀၀၀ | ၉၆၀၀၀ | | | ၃၀၀ |
| ၄ | ကုလားပဲ(HL) | ၉၈၀၀၀/ | ၉၈၀၀၀ | ၉၅၀၀၀ | ၉၂၀၀၀ | ၁၀၀ | ၁၅၀ | |
| ၅ | ပဲကြီး (ရွှေကျွန်း) | ၈၅၀၀၀ | ၈၅၀၀၀ | ၈၅၀၀၀ | ၈၅၀၀၀ | | ၁၅၀ | |
| | (ကုန်းပဲ) | ၈၀၀၀၀ | ၈၀၀၀၀ | ၈၀၀၀၀ | ၈၀၀၀၀ | | ၁၀၀ | |
| ၆ | စိုလ်ကီတ် | ၈၁၀၀၀ | ၈၁၀၀၀ | ၈၂၀၀၀ | ၈၃၀၀၀ | | ၁၅၀ | |

မိမိအေး (ပြည်)

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ဇန်နဝါရီ ၂၃ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၇၅၂ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ ဇန်နဝါရီ ၂၈ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၇၃၉ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်း ရွှေဈေးသည်လည်း ဇန်နဝါရီ ၂၃ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၆၄၀၀၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ ဇန်နဝါရီ ၂၈ ရက်တွင် ကျပ် ၆၂၇၀၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

Trading Economics တွင် ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် GDP သည် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် USD ၆၄ ဒသမ ၇၅ ဘီလီယံရှိလာရန် မျှော်မှန်းထားကြောင်း Trading Economics global macro model နှင့် ဆန်းစစ်လေ့လာသူများ၏ ခန့်မှန်းချက်အရ သိရှိရသည်။ Econometric Model အရ မြန်မာနိုင်ငံ၏ GDP သည် ၂၀၂၅ ခုနှစ်တွင် USD ၆၆. ၀၅ ဘီလီယံနှင့် ၂၀၂၆ ခုနှစ်တွင် USD ၆၇ ဒသမ ၃၇ ဘီလီယံဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စက်တင်ဘာလ အစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) တိုးတက်မှုနှုန်းသည် ၂ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွက် GDP တိုးတက်မှုနှုန်းသည် ၃ ဒသမ ၂ ရာခိုင်နှုန်း ရှိလာမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်ကို တွေ့ရှိရသည်။

ဇန်နဝါရီ ၂၃ ရက်မှ ဇန်နဝါရီ ၂၈ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၃-၁-၂၀၂၅ | ၂၄-၁-၂၀၂၅ | ၂၇-၁-၂၀၂၅ | ၂၈-၁-၂၀၂၅ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၄.၀၀၃ | ၃၃.၆၄၃ | ၃၃.၇၂၄ | ၃၃.၇၂၄ | -၀.၈၂ | ↓ |
| ၃ | Singapore Dollar | SGD | ၁.၃၅၈ | ၁.၃၄၇ | ၁.၃၄၇ | ၁.၃၅၂ | -၀.၄၄ | ↓ |
| ၄ | Malaysian Ringgit | MYR | ၄.၄၄၈ | ၄.၃၈၄ | ၄.၃၇၅ | ၄.၃၉၃ | -၁.၂၄ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၆၂၇၉ | ၁၆၁၆၆ | ၁၆၁၆၆ | ၁၆၁၆၆ | -၀.၆၉ | ↓ |
| ၆ | Chinese Yuan | CNY | ၇.၂၈၈ | ၇.၂၄၅ | ၇.၂၆၅ | ၇.၂၅၁ | -၀.၅၁ | ↓ |
| ၇ | Indian Rupee | INR | ၈၆.၅၂၇ | ၈၆.၂၀၇ | ၈၆.၄၂၀ | ၈၆.၅၆၂ | ၀.၀၄ | ↑ |
| ၈ | Japanese Yen | JPY | ၁၅၆.၅၅၁ | ၁၅၅.၄၄၅ | ၁၅၅.၂၁၅ | ၁၅၅.၃၃၅ | -၀.၇၈ | ↓ |
| ၉ | Australian Dollar | AUD | ၁.၅၉၈ | ၁.၅၈၃ | ၁.၅၉၁ | ၁.၅၉၉ | ၀.၀၆ | ↑ |
| ၁၀ | Euro | EUR | ၀.၉၆၂ | ၀.၉၅၃ | ၀.၉၅၅ | ၀.၉၅၉ | -၀.၃၁ | ↓ |
| ၁၁ | Pound Sterling | GBP | ၀.၈၁၃ | ၀.၈၀၇ | ၀.၈၀၃ | ၀.၈၀၃ | -၁.၂၃ | ↓ |

Source- Central Bank of Myanmar

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအားပြောင်းလဲမှုပေါ်လိုက်၍ ဇန်နဝါရီ ၂၃ ရက်မှ ဇန်နဝါရီ ၂၈ ရက်ထိ ရက်သတ္တပတ်အတွင်း ၄၅၃၀-၄၅၄၀ ကျပ်ကြား ရှိနေကြောင်း သိရှိရသည်။

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ဇန်နဝါရီ ၂၈ ရက်တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန် ဈေးနှုန်းများမှာ ညှော်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၄၇ ဖြင့် လည်းကောင်း၊ ညှော်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၇ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၃ ဖြင့်လည်းကောင်း၊ ညှော်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၉ ဖြင့်လည်းကောင်း၊ ညှော်မထ ၂၅ ရာခိုင်နှုန်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၁ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၄ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ပြည်ပဆန်ဈေးကွက်သတင်းအနေဖြင့် ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးလုပ်ငန်းဗျူရို၏ နောက်ဆုံးအကြိမ် ပြင်ဆင်ထုတ်ပြန်ခဲ့သော စာရင်းများအရ ၂၀၂၄ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ဆန်တန်ချိန် ၄ ဒသမ ၇၈ သန်းကို စံချိန်တင် တင်သွင်းနိုင်ခဲ့ကြောင်း သိရှိရသည်။ အဆိုပါ ဗျူရိုသည် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် တင်သွင်းခဲ့သည့် စာရင်းများ ပြန်လည်စိစစ်ပြီးနောက် အစောပိုင်းကာလ၌ ထုတ်ပြန်ခဲ့သည့် ပမာဏတန်ချိန် ၄ ဒသမ ၆၈၄ သန်းထက် ၂ ရာခိုင်နှုန်းခန့် ပိုမိုလျက် ၂၀၂၄ ခုနှစ်အတွင်း စုစုပေါင်း ဆန်တန်ချိန် ၄ ဒသမ ၇၈ သန်းကို တင်သွင်းခဲ့သည်ဟု ထုတ်ပြန်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

ဖိလစ်ပိုင်အစိုးရအနေဖြင့် ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင် ဖြစ်ပေါ်ခဲ့သည့် ရာသီဥတု ဆိုးဝါးမှုများကြောင့် ပြည်တွင်းဆန်လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းနိုင်ရေးအတွက် ဆန်တင်သွင်းမှုများကို တိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ဖိလစ်ပိုင်နိုင်ငံသမ္မတ Marcos ၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ခဲ့သည့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၆၂ အရ ဆန်တင်သွင်းမှု အခွန်နှုန်းကို ၃၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိလျှော့ချခဲ့ရာ ပုဂ္ဂလိကလုပ်ငန်းရှင်များအား ပြည်ပမှ ဆန်ပိုမိုဝယ်ယူတင်သွင်းရန် တွန်းအားပေးဖြစ်စေခဲ့ကြောင်း သိရှိရသည်။ ဖိလစ်ပိုင်နိုင်ငံ၏ ဆန်ဈေးနှုန်းဖောင်းပွမှုသည် ၂၀၂၄ ခုနှစ် မတ်လ၌ ၂၄ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံး အနေအထားရှိခဲ့ရာမှ ကျဆင်းမှုလမ်းကြောင်းပေါ်သို့ ရောက်ရှိလာပြီး ဒီဇင်ဘာလတွင် သုည ဒသမ ၈ ရာခိုင်နှုန်းဖြင့် တည်ငြိမ်ခဲ့ကြောင်း၊ သို့ရာတွင် နှစ်အလိုက် ပျမ်းမျှ ဆန်ဈေးနှုန်း ဖောင်းပွမှုမှာ ၂၀၂၃ ခုနှစ်၌ ၈ ဒသမ ၁ ရာခိုင်နှုန်း ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ၁၅ ဒသမ ၈ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ကြောင်း သိရှိရသည်။

ပြည်တွင်းဆန်ဈေးကွက် သတင်းအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်း၏ ဆန်ဈေးကွက်(လက်ကားဈေး) တွင် ပေါ်ဆန်းနယ်စုံ(အဟောင်း) (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ)တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀ မှ ၁၂၅၀၀၀ ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်း(အဟောင်း) ဆန် တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀ မှ ၁၅၀၀၀၀ ပေါက်ဈေးရှိသည်။ ဆန်ကြမ်းဖြစ်သော ညှော်မထ ၂၅ မှတ်တန်ဆန်နှင့် ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ မှ ၇၂၀၀၀ ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။

ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဆန်၊ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၀၁၅၄၄၃ဒသမ ၂၁၂ ကျော် တင်ပို့ခဲ့ပြီး ညှော်မထ ဆန်၊ ပေါင်းဆန်နှင့် ပေါ်ဆန်းဆန် စသည့် အမျိုးအစားတို့ တင်ပို့ခဲ့ကာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၄၃ သန်းကျော် ပိုမိုရရှိသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဇန်နဝါရီ ၃၀ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဆန်ချော တစ်အိတ်လျှင် ၂၇၂ ယွမ် ဝန်းကျင်ရှိပြီး (ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၆၃၂ ကျပ်နှုန်းရှိသောကြောင့် ဆန်တစ်အိတ်လျှင် ကျပ် ၁၇၀၀၀၀ ကျော်) ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း အနေဖြင့် တစ်ဘတ်လျှင် ၁၃၅ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ညှော်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ညှော်မထဆန် တစ်ပြည်လျှင် ကျိုင်းတုံမြို့တွင် ကျပ် ၅၂၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး မော်လမြိုင်၊ ပဲခူးနှင့် ပြည်မြို့တို့တွင် ညှော်မထဆန် တစ်ပြည်လျှင် ကျပ် ၃၀၀၀ ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၈၅ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက် ရှိကြောင်း သိရှိရသည်။

သို့ရာတွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ နောက်ဆုံးပတ် တွင် ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယနှင့် ပါကစ္စ တန်နိုင်ငံတို့၏ ဆန်ဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ပြောင်းလဲမှုများစွာ မရှိသကဲ့သို့ မြန်မာနိုင်ငံ၏ ပြည်တွင်း ဆန်ဈေးနှုန်းများမှာလည်း ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက များစွာပြောင်းလဲမှုများ မရှိကြောင်းကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

# မကွေးတိုင်းဒေသကြီးတွင် ဖြစ်ပေါ်လျက်ရှိသော စပါး၊ ဆန်ဈေးနှုန်းနှင့် စီးဝင်မှုအခြေအနေ

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟု တင်စားရလောက်အောင် ဆီထွက်သီးနှံ နှမ်းနှင့်မြေပဲတို့အား အဓိကစိုက်ပျိုးကြသော်လည်း စပါးကို ဆည်ရေရရှိသော တောင်တွင်း၊ မြို့သစ်နှင့် မြစ်အနောက်ဘက်ရှိ ပွင့်ဖြူနှင့် စလင်းမြို့များတွင်သာ အများအပြားစိုက်ပျိုးကြသည်။ ဆန်လိုတိုင်းဒေသကြီးဖြစ်၍ စပါး အဓိကစိုက်ပျိုးထွက်ရှိရာ အခြားတိုင်း/ပြည်နယ်များမှ တင်သွင်းရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဧရာပဒေသာစပါးကို အဓိကစိုက်ပျိုးကြပြီး ဇန်နဝါရီ နောက်ဆုံးပတ်တွင် ဖြစ်ပေါ်နေသော စပါးဈေးနှုန်းများမှာ ညှော်မထနွေ(ဟောင်း) တစ်တင်းလျှင် ကျပ် ၁၈၅၀၀၊ ဆန်ဈေးနှုန်းများမှာ မကွေးခရိုင်တွင် ပေါ်ဆန်းမွှေး (၂၄)ပြည် တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၉၀၀၀၊ မနောသုခ ကျပ် ၁၀၃၀၀၀၊ ရတနာတိုး ကျပ် ၇၅၀၀၀၊ မင်းဘူးခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၂၀၀၀၊ မနောသုခ ကျပ် ၉၇၀၀၀၊ သရက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၅၀၀၀၊ ဧရာ ပဒေသာ ကျပ် ၁၁၂၀၀၀၊ မနောသုခ ကျပ် ၈၅၀၀၀၊ အောင်လံခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၆၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၅၀၀၀၊ မနောသုခ ကျပ် ၁၀၀၀၀၀၊ ရတနာတိုး ကျပ် ၈၁၅၀၀၊ ချောက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၆၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၉၀၀၀၊ မနောသုခ ကျပ် ၉၀၀၀၀၊ ရတနာတိုး ကျပ် ၇၈၀၀၀၊ ပခုက္ကူခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၆၀၀၀၊ မနောသုခ ကျပ် ၉၃၀၀၀၊ ရတနာတိုး ကျပ် ၇၈၀၀၀၊ ဂန့်ဂေါခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၉၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၅၀၀၀၊ မနောသုခ ကျပ် ၉၅၀၀၀ တို့ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ယခင်လထက် ယခုလတွင် အောင်လံခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၃၀၀၀ လျော့ကျခဲ့ပြီး ရတနာတိုး ကျပ် ၅၀၀ ဈေးနှုန်းမြင့်တက်ခဲ့ပြီး ချောက်ခရိုင်တွင် မနောသုခ ကျပ် ၅၀၀၀ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၁ ရက်မှ ၂၇ ရက်အထိ မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ အခြားတိုင်းဒေသကြီး/ပြည်နယ်များမှ ဆန်စီးဝင်မှုမှာ စပါးအဓိကစိုက်ပျိုးထွက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ ဆန် ၃၁၂၇၅ အိတ်၊ မန္တလေးတိုင်းဒေသကြီးမှ ဆန် ၅၉၃၃ အိတ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆန်အိတ် ၁၈၅၀၊ ပဲခူးတိုင်းဒေသကြီးမှ ဆန် ၃၇၅ အိတ်၊ စုစုပေါင်း ဆန် ၃၉၄၃၃ အိတ်၊ ၁၉၇၁ ဒသမ ၆၅ တန် စီးဝင်ခဲ့ကြောင်း သိရသည်။

ရဲမင်းသာ (မကွေး)

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ဇန်နဝါရီ ၂၇ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၁ နိုင်ငံအနက် အာဖဂန်နစ္စတန်နိုင်ငံသည် ယခုတစ်ပတ်တွင် ၄ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဆူရီနမ်နိုင်ငံတွင် ၃ ဒသမ ၂၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၂ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် ဩစတြေးလျနိုင်ငံတို့တွင် ၂ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၁ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ယခုတစ်ပတ်အတွက် ဇန်နဝါရီ ၂၇ ရက် ဖော်ပြချက်၌ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ ပါကစ္စတန်၊ ထိုင်ဝမ်၊ ဘာဗေဒို၊ ဘယ်လ်ဂျီယံ၊ ဘူလ်တန်၊ ဒိန်းမတ်၊ ကင်ညာနှင့် ဇင်ဘာဘွေ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၁ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် လာအို၊ ဗီယက်နမ်၊ ထိုင်း၊ ဆွစ်ဇာလန်၊ နော်ဝေ၊ စပိန်၊ ဆွီဒင်၊ ပေါ်တူဂီ၊ လူဇင်ဘတ်၊ ကနေဒါနှင့် မိုနာကို စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၁၉ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၂၀ ရာခိုင်နှုန်းမှ ၆ ဒသမ ၄၀ ရာခိုင်နှုန်းထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ဇန်နဝါရီ ၂၇ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၂ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်း မြင့်တက်ခဲ့ပြီး လာအိုနိုင်ငံတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် သုည ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ဇန်နဝါရီ ၂၇ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၁ နိုင်ငံအနက် အာဖဂန်နစ္စတန်နိုင်ငံသည် ယခုတစ်ပတ်တွင် ၆ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံများ ဖြစ်ခဲ့ပြီး ပနားမားနိုင်ငံတွင် ၅ ဒသမ ၇၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၄ ဒသမ ၆၀ ရာခိုင်နှုန်း နှင့် မြန်မာနိုင်ငံတွင် ၃ ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၂ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်း၊ တရုတ်၊ ဟောင်ကောင်၊ ပါကစ္စတန်၊ ကိုလံဘီယာ၊ ဂျော်ဒန်၊ ကင်ညာ၊ နီပေါ၊ ပီရူး၊ သီရိလင်္ကာနှင့် ဇင်ဘာဘွေ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၀ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဆွစ်ဇာလန်၊ ကနေဒါ၊ နယူးဇီလန်၊ ဆွီဒင်၊ နော်ဝေ၊ ဘယ်လ်ဂျီယံ၊ ဩစတြီးယား၊ ကာဂျစ္စတန်နှင့် မိုနာကို စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၉ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၄ ဒသမ ၅၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ဇန်နဝါရီ ၂၇ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၃ ဒသမ ၉၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၄ ဒသမ ၆၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် ၂ ဒသမ ၁၀ ရာခိုင်နှုန်း၊ လာအိုနိုင်ငံတွင် ၂ ရာခိုင်နှုန်းနှင့် မလေးရှားနိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၀၂ | ၀.၉၁ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၉ | ၀.၈၆ |
| ၃ | ထိုင်း | လီတာ | ၁.၃၄ | ၀.၉၇ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၆ | ၀.၈၁ |
| ၅ | စင်ကာပူ | လီတာ | ၂.၀၆ | ၁.၈၉ |
| ၆ | မလေးရှား | လီတာ | ၀.၄၇ | ၀.၇၀ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၁၅ | ၁.၀၅ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၁၆ | ၁.၀၁ |
| ၉ | လာအို | လီတာ | ၁.၃၈ | ၀.၉၄ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၅ | ၁.၀၃ |
| ၂ | ဂျပန် | လီတာ | ၁.၁၉ | ၁.၀၆ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၇ | ၁.၀၅ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ဇန်နဝါရီ ၃၀ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၃၁၃၀၊ အောက်တိန်း -95 တစ်လီတာလျှင် ကျပ် ၃၂၀၀၊ ဒီဇယ် တစ်လီတာလျှင် ၂၈၆၅ ကျပ်နှင့် ပရီမီယံ ဒီဇယ် တစ်လီတာလျှင် ၃၅၂၅ ကျပ် အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကလေးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၄၃၅၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၄၀၂၀၊ ဟားခါးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၆၀၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၂၇၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ကျပ် ၃၂၀၀၊ ဒီဇယ် တစ်လီတာလျှင် ၂၈၆၅ ကျပ်၊ ပြည်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၂၀၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၇၈၆ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဓာတ်ဆီ တစ်လီတာလျှင် ၅၅ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၁၅၀ ကျပ် ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

# ဧရာဝတီတိုင်းဒေသထွက်ကုန် နာမည်ကြီး ပုသိမ်ဟာလဝါ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၏ ဒေသထွက်စားသောက်ကုန် ပုသိမ်ဟာလဝါ လုပ်ငန်းသည် နှစ်ပေါင်း ၉၀ ခန့်က စတင်ထုတ်လုပ် ရောင်းချလျက်ရှိရာ ယခုထက်တိုင် နာမည်ကြီး ရပ်တည်နေဆဲဖြစ်သည်။ နိုင်ငံအတွင်းရှိ မြို့အလိုက် နာမည်ကြီးထင်ရှားကျော်ကြားလျက်ရှိသော မြန်မာ့ရိုးရာ မုန့်များတွင် မန္တလေးမှာ ထိုးမုန့်၊ ပုသိမ်မှာ ဟာလဝါဟု ပြောစမှတ်ပြုရလောက်အောင် ပုသိမ်ဟာလဝါကို မြန်မာတစ်နိုင်ငံလုံး ကြိုက်နှစ်သက်ကြပြီး အခါကြီးရက်ကြီး ပွဲတော်ကာလများတွင် ရဟန်း သံဃာတော်များကို လှူဒါန်းခြင်း၊ သက်ကြီးဝါကြီး ဘိုးဘွားဆွေမျိုးမိတ်သင်္ဂဟတို့ကို ပေးကမ်းလှူဒါန်းခြင်းအပြင် အလှူပွဲများ၊ နေရာယူလွှမ်းမိုးထားသော မြန်မာ့ရိုးရာမုန့်တစ်ခုဖြစ်ပြီး ပုသိမ်မြို့ဒေသခံများအတွက်လည်း ဟာလဝါပြုလုပ်ရောင်းချခြင်းမှာ အဓိကစီးပွားရေးတစ်ခုဟု ဆိုရမည်ဖြစ်သည်။

ပုသိမ်မြို့တွင် နာမည်ကြီးသည့် ဟာလဝါဆိုင်ကို လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော် ၁၉၇၀ ပြည့်နှစ်တွင် စတင်ထုတ်လုပ်ရောင်းချပြီး ယခုအချိန်ထိအောင် ပုသိမ်မြို့သို့ လာရောက်လည်ပတ်သော ဧည့်သည်များ၊ ဘုရားဖူးများ၊ ပင်လယ်ကမ်းခြေသို့ လာရောက်သည့် ခရီးသွားများ အများဆုံး တန်ဖိုးထား ဝယ်ယူလျက်ရှိသည့် ဒေသထွက်ကုန် လက်ဆောင်ပစ္စည်းအဖြစ်လည်း နာမည်ကြီးနေသည်။ ပုသိမ်ဟာလဝါပြုလုပ်ရန်အတွက် အဓိက ကောက်ညှင်းဆန်၊ ပေါ်ဆန်းဆန်၊ သကြား၊ ထောပတ်၊ ပဲဆီသန့်၊ အုန်းသီး၊ ရှမ်းနှမ်းတို့ကို အသုံးပြု၍ ရှမ်းနှမ်း တစ်မျိုး တည်းသာ ရန်ကုန်မှ ဝယ်ယူရပြီး ကျန်ပစ္စည်းများမှာ ပုသိမ်မြို့တွင်း၌ပင် ဝယ်ယူ ရရှိသော ဒေသထွက်ကုန်များနှင့်သာ ပြုလုပ် ရခြင်းဖြစ်ကြောင်း ဟာလဝါဆိုင်မှ တစ်ရက်လျှင် လုပ်သား အင်အား ၈၀ ခန့်နှင့် နေ့စဉ်ဟာလဝါများ ထုတ်လုပ်လျက်ရှိပြီး လူတစ်ဦး တစ်ရက်လုပ်အားခ ကျပ် ၆၀၀၀ မှ ကျပ် ၈၀၀၀ အထိ ပေးရကြောင်း သိရသည်။

ဟာလဝါပြုလုပ်ရာတွင် အရည်အသွေးမီ စစ်မှန်သော ကုန်ကြမ်းပစ္စည်းများကို အသုံးပြုပြီး သန့်ရှင်းလတ်ဆတ်သော မုန့်ဖြစ်အောင်လည်း စနစ်တကျပြုလုပ်ရောင်းချသောကြောင့် ပုသိမ်မြို့ရှိ ဟာလဝါဆိုင်များအနက် ပုသိမ်ဟာလဝါဆိုင်မှာ နာမည်ကြီးရခြင်းဖြစ်သည်။ ပုသိမ်ဟာလဝါကို ၁၀ ရက်အတွင်း စားသုံးနိုင်သော်လည်း ဟာလဝါဆိုင်မှ ခုနစ်ရက်သာ အာမခံထား ရှိကြောင်း ရက်လွန်လျှင် စားသုံးရန် မသင့်ကြောင်းနှင့် ဟာလဝါ ပြုလုပ်ရာတွင်လည်း ကြာရှည်ခံနိုင်အောင် ဓာတုဗေဒပစ္စည်းများ အသုံးပြုခြင်း၊ အရောင်ကိုလည်း ဓာတုဗေဒဆေးများ အသုံးပြုခြင်း မရှိကြောင်း သိရသည်။

မိုးတွင်းရာသီ၌ ခရီးသွားများနည်းပါးချိန်ဖြစ်၍ အရောင်းအဝယ် အနည်းငယ်အေးသော်လည်း ပွင့်လင်း ရာသီတွင် အရောင်းအဝယ်သွက်ကြောင်းနှင့် မတ်၊ ဧပြီလများတွင် အရောင်းအဝယ်အကောင်းဆုံး အချိန်ဟု သိရသည်။ ဝယ်လိုအားအလိုက် လုံလောက်အောင် ထုတ်လုပ်ထားရှိပြီး ဟာလဝါဆိုင်မှ ဝယ်ယူသူများအတွက် ရေအေး၊ ရေနွေး၊ ကျား၊ မ သန့်စင်ခန်းများ စီစဉ်ထားရှိပြီး ခရီးသွားဝယ်ယူသူများအတွက် ပစ္စည်းများကို ကားပေါ်သို့ ပို့ဆောင်ပေး၍ ဘုရားဖူးကား၊ ဧည့်ကား၊ ယာဉ်မောင်းများအတွက်လည်း ပုသိမ်ဟာလဝါနှင့် ရေသန့်ဘူးများပါ လက်ဆောင်ပေးကြောင်း သိရသည်။

ပုသိမ်မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှ လုပ်ငန်းခွင်ကျန်းမာရေးဆိုင်ရာ စစ်ဆေးချက်မှတ်တမ်းနှစ်စဉ်ပြုလုပ်ပြီး မြို့နယ်ကျန်းမာရေးမှူးမှလည်း နှစ်စဉ်စစ်ဆေးခြင်းနှင့် ရှောင်တခင်စစ်ဆေးခြင်းတို့ကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။ ယခင်က မြို့တွင်း၌သာ ရောင်းချမှုရှိသော်လည်း ဆိုင်ခွဲများ ထပ်မံတိုးချဲ့လျက်ရှိရာ ပုသိမ်မြို့တွင်း ကုန်သည်လမ်းတွင် တစ်ဆိုင်၊ အမှတ်(၁)ကြိုးတံတားအနီး ပုသိမ်-ချောင်းသာလမ်း၊ ကမ်းနီကျေးရွာတွင်တ စ်ဆိုင်၊ ပုသိမ်-မုံရွာ (ရေဦး) လမ်းမြတ်တိုရပ်ကွက်တွင် တစ်ဆိုင်၊ ပုသိမ်-မုံရွာ (ရေဦး) လမ်း လေယာဉ်ကွင်းရှေ့တွင် တစ်ဆိုင်၊ ပုသိမ်-ချောင်းသာလမ်း မြို့ဝင်ဂိတ်အနီး ချောင်းသာမြို့တွင်းတွင် တစ်ဆိုင်၊ စုစုပေါင်း ငါးဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သိရသည်။

ဟာလဝါမှာ ကောက်ညှင်းကို အခြေခံပြီး ပြုလုပ်ထားသော မြန်မာ့ရိုးရာ မုန့်တစ်ခုဖြစ်ပြီး အလှူပွဲများ၊ ကန်တော့ပွဲများတွင် အမြဲတမ်းပါဝင်နေသော မုန့်အမျိုးအစားတစ်ခုဖြစ်သည်။ မြန်မာ့ရိုးရာ ပုသိမ်ဟာလဝါမှာ ပုသိမ်မြို့ ကြီးနှင့်အတူ ရှင်သန်ရပ်တည်နေမည်ဖြစ်သလို ပုသိမ်မြို့၏ ဂုဏ်ဆောင် ဟာလဝါမုန့်ကို လက်ဆင့်ကမ်းထိန်းသိမ်းရန် လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။ **မင်းမင်းဦး (ပသ)**


Dewi Nan Co., Ltd.
ဒေဝီနန်း ကုမ္ပဏီလီမိတက်မှ အဆင့်မြင့် တန်းမြင့်ဆန်များအား ကြိတ်ခွဲ၍
ပြည်တွင်း/ပြည်ပသို့ တင်ပို့ ရောင်းချပေးလျက်ရှိပါသည်...
+959 789 383394, +959 421 021070
info@dewinan.com
No (17), Tapin Shwe Htwee Street, Ward (10), East Dagon.


S&Z
International Co., Ltd.
FOR ALL THE BEST
အကောင်းဆုံးတွေအတွက်
“ အက်စ်အန်ဇက် ”
“သီးနှံအထွက်တိုး မြေဩဇာ များ”
DAP
Nitro-K
www.snzinternational.com
Ph-09 953 142 882


abc
LOGISTICS
ONE STOP LOGISTICS SOLUTION
OUR SERVICES
Import & Export Handling Services
Customs Clearance Handling Services
Warehouse & Inventory Management
Supply Chain Consulting Services
Value Added Services
Purchasing Management
Project Operation Management
Local Distribution Services
PH: 09-740 921 179
www.facebook.com/abclogisticsmyanmar
Address: No.174(B),
Phan Chat Woun U Shwe Ooe Street,
East Dagon Industry Zone,Yangon.


The Effective & Rational Combination of Enzymes in
ENZYSTAL
PANCREATIN 192MG, HEMICELLULASE 50MG, EXTRACT FELLIS BOVIS 25MG
IMPROVE DIGESTION
REDUCE DISCOMFORT
အစာခြေဖျက်မှုကောင်းသည့်
ENZYSTAL(အန်ဇိုင်စတယ်)နဲ့ဆို
စားချင်တာစားလို့ရပြီလေ
DIGESTIVE ENZYME TABLETS
(အစာခြေအင်ဇိုင်းဆေးပြား)
ENZYSTAL
Manufactured by: torrent TORRENT PHARMACEUTICALS LTD.


Thy nol TRADING CO., LTD
Your Nature of Life
အသည်းရောဂါ ကြိုတင်ကာကွယ်ဖို့
LIVONOL FORTE
Phosphotidylcholine, Vitamin B1, Vitamin B6, Vitamin B12 Soft Gelatin Capsules
LIVONOL FORTE
Support in Liver Health
3 x 10 Softgel Capsules
09 730 23349, 09765 452 874
thynoltradingmyanmar@gmail.com
No.6/187(B), Innwa 20 Street,South Okkalapa Township, Yangon, Myanmar.


Partners' Link Co., Ltd.
အရိုးအဆစ်များ နာကျင်ကင်းဝေး
MOVADAY
MOVADAY
Collagen peptide with Vitamin C, Sodium hyaluronate & Chondroitin
30 Tablets
09 7974 11771, 09 7974 11771
officead.plc@gmai.com
No. 148 (A) , Innwa 20th Street , Ward (6), South Okkalapa, Yangon.

# MUST

Myanmar United Society Trading Co.,Ltd

## Wherever you carry we are ready!

OUR SERVICE

- Sea Freight Forwarding.
- Cross Border Service.
- Customs Clearance Service.
- Logistics & Transportation Service.

ADDRESS : Nawarat Condo (M1) Bet. Aung Chan Thar (1) Street & Yadanar Mying Street., (1) Ward, Kamayaut Tsp.

Ph No : 09782782500, 09964041092, 09970562054

Email : musttrading@gmail.com

# ASIA WORLD PORT TERMINAL

**Myanmar's Marine Gateway to the World**

www.asiaworldport.com







စံပယ်ဖြူ
စားသောက်ကုန်မျိုးစုံ
ရောင်းဝယ်ရေး
Contact:
09 - 960 350 792
09 - 405 052 233
09 - 405 052 255




MTC
MYANMAR TRADE CENTER
CAR SALES CENTER
SHOP NOW
09894077766 , 09894077767
No.9, Pyay Road, Northern Htauk Kyant Quarter, Mingalardon Township, Yangon, Myanmar.




MONO HORIZON SERVICES CO.,LTD
Departure
LICENSE NO : 012/2024
OFFICE ADDRESS
09 881190904, 09 795345100, 09 880034541, 09 5173920
mhsc.manpower@gmail.com
No.169, 1st Floor, 37th Street (Middle) Block, Kyauktada Township, Yangon, Myanmar.
MONO HORIZON
Language & Training Center
အမှတ် ၁၂၈၊ ဓမ္မပါလလမ်း၊ (၅) ရပ်ကွက် မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

CROWLEY MARITIME CO.,LTD
ISO 9001
BUREAU VERITAS
Certification
Office Phone : 01 8550192
Mobile : 09 795987418
297 Yankin Street, Laydaungkan Block, Thingangyun Township, Yangon, Myanmar.
www.crowleyship.com
marine@crowleyship.com, crowleymyanmar@gmail.com

# ပြည်ပဝင်ငွေ တိုးမြှင့်ဖို့ ဝဥ သီးနှံတိုးချဲ့ထုတ်လုပ်စို့

**မိုးမိုး (မွန်)**

ဝဥ၏ မူရင်းဒေသသည် အရှေ့တောင်အာရှဖြစ်ပြီး အပူပိုင်း အာရှနှင့် အာဖရိကဒေသများတွင် သဘာဝအလျောက် ပေါက်ရောက်သည်။ မျိုးရင်း Araceae ၊ မျိုးစုသည် Amorphophallus ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Amorphophallus companulatus ဖြစ်သည်။ အင်္ဂလိပ်အမည်မှာ Elephant Foot Yam (or) White Yam (or) Telingo ဟု ခေါ်သည်။ ကမ္ဘာပေါ်တွင် ဝဥမျိုးစိတ် ပေါင်း ၁၃၀ ခန့်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတွင် ဝဥပင်သည် ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများရှိ သစ်ရိပ်၊ ဝါးရိပ်ကောင်း၊ အစိုဓာတ်ကောင်းသည့်နေရာများတွင် သဘာဝအလျောက် အမြောက်အမြား ပေါက်ရောက်လျက်ရှိသည်။ ယခင်က သဘာဝအလျောက် ပေါက်ရောက်သော ဝဥများကို တူးဖော်ခဲ့ရာမှ ယခုအခါ ပြည်ပဝယ်လိုအား ကောင်းလာသဖြင့် စိုက်ခင်းများဖြင့် စနစ်တကျ စိုက်ပျိုးလာကြပြီး ပြည်ပတင်ပို့မှုလည်း များပြားလျက်ရှိကာ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ဒေသအလိုက် ပေါက်ရောက်သော ဝဥမျိုးများမှာ ပဲခူးတိုင်းဒေသကြီး သာယာဝတီနှင့် မွန်ပြည်နယ် မော်လမြိုင်ဒေသများမှာ Amorphophallus purpuraceans မျိုးစိတ် ပေါက်ရောက်ပြီး မြစ်ကြီးနား၊ ကသာဒေသတွင် A. bulbifer နှင့် A. karamsis မျိုးများ၊ သာယာဝတီမြို့နယ်နှင့် စစ်တောင်းမြစ်ဝှမ်းဒေသများတွင် A. cholorospathus မျိုးစိတ်၊ ကရင်ပြည်နယ်နှင့် တောင်တန်းဒေသများတွင် A. oneo- phyllum နှင့် A. burmaicus မျိုးစိတ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်(မြောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် A. campanulatus နှင့် A. conjak ဝဥမျိုးစိတ်များ ပေါက်ရောက်ဖြစ်ထွန်းကြောင်း သိရသည်။

မြန်မာပြည်ဈေးကွက်တွင် အရောင်းအဝယ် ပြုလုပ်နေသော ဝဥအမျိုးအစားမှာ သုံးမျိုးခန့်ရှိပြီး အဝါ၊ အနီနှင့် အဖြူရောင်တို့ဖြစ်ရာ အဝါရောင်မှာ ပထမတန်းစား၊ အနီရောင်မှာ ဒုတိယတန်းစား၊ အဖြူရောင်မှာ တတိယတန်းစားတို့ ဖြစ်သည်။ မွန်ပြည်နယ်မှ ထွက်ရှိသော ဝဥအဝါမျိုးသည် အမှုန့်ထွက် အားကောင်းပြီး အစေးဓာတ် ကောင်းသောကြောင့် ပြည်ပဝယ်လက်များမှ ဈေးကောင်းပေးဝယ်ယူမှုများရှိပြီး ဈေးကွက်ဝယ်လိုအားများစွာရရှိကြောင်း သိရသည်။



ဝဥကို နွေအကုန် မိုးဦးကျမှ စတင်စိုက်ပျိုးပြီး မိုးကုန်ဆောင်းဦးရာသီ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် မြေပေါ်ပင်ပိုင်း ညှိုးခြောက်သွားချိန်မှသာ တူးဖော်ရိတ်သိမ်းရသည်။ မွန်ပြည်နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် (စက်တင် ဘာလကုန်ထိ) အတွင်း ဝဥစိုက်ဧက ၈၄၄ ဧကရှိပြီး ပိဿာချိန် ၁၀၃၁၇၅၂ ပိဿာထွက်ရှိကြောင်း သက်ဆိုင်ရာဌာနများ၏ စာရင်းများအရ သိရှိရသည်။

ယခင်က ဝဥကို တောထဲတွင် အလေ့ကျပေါက်ရောက်သည့် ဝဥပင်များမှ တူးဖော်၍ မိရိုးဖလာအတိုင်း ဓားဖြင့် လွှာကာ အခြောက်လှန်း၍ ရောင်းချကြရာ ဝဥအလွှာများမှာ အရောင်မလှခြင်း၊ အခြောက်မညီညာခြင်း စသည့် အားနည်းချက်များရှိသည်။ နောက်ပိုင်းတွင် ဝဥပင်များကို စနစ်တကျ စိုက်ခင်းများဖြင့် စိုက်ပျိုးလာကြပြီး ခေတ်မီစက်ကိရိယာများဖြင့် ဝဥ အလွှာခြောက်စက်ရုံ၊ ဝဥအမှုန့်စက်ရုံများ တည်ထောင်ကာ အရည်အသွေး ကောင်းသည့် ဝဥများကို ထုတ်လုပ်လာကြသည်။

ဝဥခြောက် ထုတ်လုပ်ရန်အတွက် ပထမဦးစွာ ဝဥကို စက်ဖြင့် အကြိမ်ကြိမ် ရေဆေးသန့်စင်ခြင်း၊ အခွံခွာခြင်း၊ စက်ဖြင့် အပါးလွှာခြင်း၊ အခြောက် ခံခြင်းတို့ကို အဆင့်ဆင့် ပြုလုပ်ရသည်။ ဝဥအလွှာခြောက်တစ်ပိဿာ ထုတ်လုပ်ရန် ဝဥအစို ခုနှစ် ပိဿာ အသုံးပြုရကြောင်း သိရှိရသည်။ ယခုနှစ် ဝဥရာသီတွင် ဝဥအစိုဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၂၃၀၀ ရရှိကြောင်း သိရသည်။

မွန်ပြည်နယ်၌ ဝဥစက်ရုံ ငါးရုံရှိရာ အဆိုပါ ဝဥစက်ရုံများမှ မွန်၊ ကရင်၊ တနင်္သာရီဒေသတို့မှ ထွက်ရှိသော ဝဥအစိုများကို ဝယ်ယူ၍ ဝဥအခြောက်များကို ထုတ်လုပ်သည်။ ဝဥစက်ရုံ ငါးရုံမှ ဝဥအစို သုံးစွဲမှုမှာ ၂၀၂၄ ခုနှစ် ဝဥရာသီတွင် ဝဥအစို ပိဿာချိန် သိန်းပေါင်း ၂၃၀ ခန့်သုံးစွဲခဲ့ပြီး ဝဥခြောက် တန်ချိန် ၅၀၀၀ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ လေးသန်းကျော်ဖိုးထုတ်လုပ်ကာ တရုတ်၊ ထိုင်းနှင့် အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့ရောင်းချကြောင်း သိရသည်။ ဝဥခြောက် FOB တစ်တန်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၉၀၀ ရရှိကြောင်း သိရှိရသည်။

နိုင်ငံတကာတွင် ဝဥကို ခေါက်ဆွဲ၊ ကြာဆန်၊ အသားတုံ၊ ဂျယ်လီအစရှိသော စားသောက်ကုန်များ၊ စက်မှုကုန်ကြမ်းအနေဖြင့် ဆေးဆိုးပန်းရိုက်လုပ်ငန်း၊ စာရေးကိရိယာများတွင် အသုံးပြုသည့် ကော်ပြုလုပ်ခြင်း၊ အလှကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်မှုအပြင် ကျန်းမာရေးအတွက် အထူးသင့်လျော်သော သဘာဝလက်ဆောင်ဖြစ်သည့်အတွက် တိုင်းရင်းဆေးနှင့် ခေတ်မီဆေးဝါးများတွင်လည်း ထုတ်လုပ်လာကြသည်။ ကျန်းမာရေးအတွက် အကျိုးပြုမှုများစွာရှိသော ဝဥကို ပြည်တွင်း၌ စားသုံးမှုနည်းနေကြောင်း တွေ့ရသည်။

ဝဥကို ပြည်တွင်း၌ အသုံးပြုမှုအနေဖြင့် ဝဥတုံးပြုလုပ်ခြင်း၊ ဝဥကြာဆန်ပြုလုပ်ခြင်းနှင့် တိရစ္ဆာန် အစာတောင့် စက်ရုံများတွင်သာ အသုံးပြုမှုရှိသည်ကို တွေ့ရှိရသည်။ ဝဥမှ တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်သော စားသောက်ကုန်၊ အလှကုန်၊ ဆေးဝါး စသည်တို့ကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်အတွက် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရပေမည်။

သို့ဖြစ်ပါ၍ ပြည်ပသွင်းကုန်အစားထိုးနိုင်ရန်၊ တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်၊ နိုင်ငံပို့ကုန် မြှင့်တင်ရန်နှင့် နိုင်ငံခြား ဝင်ငွေရှာဖွေရန်အတွက် ဈေးကွက်ဝင်သီးနှံဖြစ်သည့် ဝဥကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

# သတိပြုသင့်သည့် စားသောက်ကုန်များ၏ သက်တမ်းလွန်ရက်စွဲများ

**အိအိထွေး (မန္တလေး)**

ခေတ်မီတိုးတက်လာသော ယနေ့ခေတ်တွင် အစားအစာများကို ရာသီအချိန်မရွေး အလွယ်တကူ စားသုံးနိုင်ရန်အတွက် ခေတ်မီနည်းစနစ်များ အသုံးပြုကာ ထုတ်လုပ်လာကြသည်။ မည်သို့ပင် နည်းပညာများအသုံးပြုစေကာမူ အချိန်ကာလတစ်ခုသို့ ရောက်ရှိပါက မူလအရည်အသွေးများ ပျက်စီးပြီး စားသုံးရန်မသင့်သည့် အခြေအနေသို့ရောက်ရှိလာသည်။ အဆိုပါ အခြေအနေကို စားသောက်ကုန်များ သက်တမ်းကုန်ဆုံးခြင်း (expired) ဟု ခေါ်ဆိုကြသည်။

စားသောက်ကုန် သက်တမ်းဟုဆိုရာတွင် ဈေးကွက်သို့ တင်သွင်းရောင်းချရန် ထုပ်ပိုးပြီးသော စားသောက်ကုန်များ၏ သဘောသဘာဝအရ ရေခဲသေတ္တာတွင်လည်းကောင်း၊ အခန်းအပူချိန်တွင်လည်းကောင်း သိုလှောင်ထားနိုင်ပြီး မိမိတို့သတ်မှတ်ထားသည့် အခြေအနေအောက်တွင် မူလအရည်အသွေး အတိုင်း ထိန်းသိမ်းထားနိုင်သည့် ကာလတစ်ခုဟုဆိုသည်။ စားသောက်ကုန်သက်တမ်းကို ပါဝင်ပစ္စည်းများ၊ ထုတ်လုပ်မှုနည်းစဉ်များ၊ ထုတ်ပိုးပစ္စည်းများနှင့် ထားသို သိမ်းဆည်းသည့် အခြေအနေ များပေါ်မူတည်၍ သတ်မှတ်ပေးနိုင်သည်။ မိမိတို့သတ်မှတ်ပေးထားသော သက်တမ်းကာလအတွင်း မူလအရသာ၊ ပုံသဏ္ဍာန်၊ အနံ့၊ အရောင်နှင့် အာဟာရတန်ဖိုးများ ပြောင်းလဲသွားခြင်းမရှိရပါ။ သက်ဆိုင်ရာ ထုတ်ကုန်အလိုက် အသုံးပြုရန် သတ်မှတ်ထားသော ကာလအတွင်း အရည်အသွေး ပြောင်းလဲသွားပြီး စားသုံးသူကို ဘေးအန္တရာယ် မဖြစ်ပေါ်စေရန် အရေးကြီးသကဲ့သို့ မိမိတို့လုပ်ငန်း၏ နာမည် ဂုဏ်သတင်းကျော်စောမှုအတွက်လည်း စားသောက်ကုန်သက်တမ်းကို တိတိကျကျ သတ်မှတ်ပေးရန်မှာ လုပ်ငန်းရှင်တိုင်း၏ အဓိက တာဝန်တစ်ရပ် ဖြစ်သည်။

စားသုံးသူရေးရာဦးစီးဌာန၏ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ ဥပဒေတွင်လည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အသင့်ထုပ်ပိုးထားသော အစားအသောက်များ အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် (၈/၂၂)အရ လည်းကောင်း အစားအစာများတွင် အမှတ်တံဆိပ်ဖော်ပြရာ၌ ပါဝင်ရမည့် အချက်များကို အတိအလင်းဖော်ပြလျက်ရှိရာ စားသောက်ကုန်သက်တမ်းဖော်ပြချက်သည် တစ်ချက်အပါအဝင်ဖြစ်ပေသည်။

စားသောက်ကုန်သက်တမ်းအတိအလင်းဖော်ပြခြင်းဖြင့် မိမိကုန်အမှတ်တံဆိပ်ကို ထိန်းသိမ်းနိုင်ခြင်း၊ မိမိတို့ထုတ်လုပ်သည့်စားသောက်ကုန်နှင့်ပတ်သက်ပြီး အာမခံချက်ပေးနိုင်ခြင်း၊ ဥပဒေကို လိုက်နာခြင်း စသည့် အကျိုးကျေးဇူးများရှိနိုင်သလို စားသုံးသူများကိုလည်း ဘေးအန္တရာယ်ကင်းရှင်းစွာ သုံးစွဲစေနိုင်ခြင်း၊ အစားအစာများ လေလွင့်ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ခြင်း၊ စားသုံးသူ၏ ယုံကြည်မှုများပိုမို ရရှိနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

စားသောက်ကုန်သက်တမ်းသည် ထုတ်လုပ်သူအတွက်သာမက စားသုံးသူအတွက်ပါ အရေးပါသည့်အချက်ဖြစ်သည်။ ဥပမာ-သွင်းကုန်သိုလှောင်သူများအနေဖြင့်လည်း စားသောက်ကုန်၏ သက်တမ်းကို စိစစ်ပြီး First In First Out စနစ်ကို လိုက်နာခြင်းဖြင့် ကုန်ပစ္စည်း၏အရည်အသွေးကို ထိန်းသိမ်းနိုင်သကဲ့သို့ချက်ချင်း အသုံးမပြုသေးဘဲ သိုလှောင်ထားမိပါက ပုပ်သိုးဆွေးမြည့်ပြီး လေလွင့်ပျက်စီးဆုံးရှုံးမှုမှလည်း ကာကွယ်နိုင်မည်ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်။)

# ဆေးဖက်ဝင် ဈေးကွက်ဝင်နေသော ရှားစောင်းလက်ပပ်ပင်

နတ်ဆေးပင်(ခေါ်) ရှားစောင်းလက်ပပ်အပင်ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများ၊ နေအိမ်များတွင် အများအပြား စိုက်ပျိုးလာကြသည်ကို တွေ့ရှိရသည်။ ရှားစောင်းလက်ပပ်အပင်သည် မြေကြီးအစိုဓာတ် အသင့်အတင့်ရရှိရုံဖြင့် စိုက်ပျိုးနိုင်ပြီး နေ့စဉ်လုပ်အားခမကုန်၊ ရင်းနှီးစရိတ်မကုန်ဘဲ ဝင်ငွေရရှိနိုင်သည့် အပင်လည်းဖြစ်သည်။ အိမ်တိုင်းအိမ်တိုင်းတွင် စိုက်ထားသင့်သည့် အပင်ဖြစ်ပြီး နတ်ဆေးပင်(ခေါ်) ရှားစောင်းလက်ပပ် အစွမ်း အံ့မခန်းပုံကို တွေ့ရှိရမည်ဖြစ်သည်။

### ရှားစောင်းလက်ပပ် စိုက်ပျိုးသင့်သည့်မြေမျိုး

ရှားစောင်းလက်ပပ်အပင်ကို အဓိကအားဖြင့် ပြုစုပျိုးထောင်နေရောင်ခြည် လုံလုံလောက်လောက်ရရှိရပါမည်။ ရေလောင်းသည့်အခါ အကြိမ်ရေကို လျှော့လောင်းရမည်၊ ရှားစောင်းလက်ပပ် စိုက်ပျိုးသင့်သည့် မြေအမျိုးအစားမှာ လေဝင်လေထွက် ကောင်းစေသည့် မြေအမျိုးအစား၊ ရေစီးဆင်းမှုလွယ်စေပြီး ရေဓာတ်သိုမှီးထားနိုင်သည့် မြေမျိုးဖြစ်ရမည်။ အိမ်တွင် အိုးနှင့် စိုက်မည်။ ဆိုင်ဈေးကွက်မှာ အလွယ်တကူ ဝယ်ယူနိုင်သည့် အဆင်သင့်မြေကို မြေဆွေးများနှင့် ရောမွှေ၍ စိုက်ပျိုး၍လည်းရသည်။ ရှားစောင်းလက်ပပ်အပင်ကို မြေနီ၊ မြေကျစ်၊ မြေပွများတွင် အစိုဓာတ် အသင့်အတင့်ရရှိရုံနှင့် စိုက်ပျိုးနိုင်သည်။ စိုက်ပျိုးမည်ဆိုလျှင် မြေထဲသို့ သဲကြမ်းနည်းနည်း၊ သစ်ရွက်ဆွေး နည်းနည်း၊ မီးသွေးမှုန့် နည်းနည်း ဖြည့်စွက်ရောနှော စိုက်ပျိုး၍လည်းရသည်။

### ရှားစောင်းလက်ပပ်အပင် စိုက်ပျိုးနည်းများ

မြေကြီးတွင် ချစိုက်သည့် ရှားစောင်းလက်ပပ်အပင်က ပန်းအိုးထဲထည့်စိုက်သည့် အပင်ထက် အပေါက်မြန်ပြီး အကြီးထွား သန်မာစေသည်။ ရှားစောင်းလက်ပပ်အပင်ကို တစ်ပင်နှင့် တစ်ပင် (၅)ပေခြား စိုက်ပျိုးရပြီး စိုက်ပျိုးပြီး တစ်နှစ်သားအရွယ်တွင် အပင်အလက်များ သန်မာထွားကျိုင်းကာ ဖြစ်ထွန်းအောင်မြင်လာမည်ဖြစ်သည်။ ရှားစောင်းလက်ပပ်အပင်လက်များသည် နွေဥတုတွင် အတွင်းအနှစ်က အနည်းငယ်သာရှိပြီး မိုးဥတုနှင့် ဆောင်းဥတုတွင် အတွင်းအနှစ်များသည် ဂျယ်လီကဲ့သို့ ဖောင်းနေပြီး အပင်အလက်ကို ဓားဖြင့်လှီးဖြတ်လျှင် အတွင်း အနှစ်များသည် ဂျယ်လီသဏ္ဍာန် အိတွဲတွဲဖြင့် ဆေးဖက်ဝင်သည်။ ရှားစောင်းလက်ပပ် စိုက်ပျိုးရန် အချိန်အခါကောင်းမှာ ဆောင်းကုန်ပြီး မြူနှင်းကင်းစင်သည့် မတ်လဖြစ်ကြောင်း သိရသည်။

ရှားစောင်းလက်ပပ်ကို ယခုအခါ လူများပိုမို အသုံးပြုလာကြသည်။ စားသောက်ကုန်များ၊ လူသုံးကုန်များကို ဥပဒေနှင့်အညီ ထုတ်လုပ်လာကြသည်။ ရှားစောင်းလက်ပပ်နှင့် ပြုလုပ်ထားသော စားသောက်ကုန်များမှာ ရှားစောင်းလက်ပပ် သကြားလုံး၊ လက်ဖက်ခြောက်၊ ရှားစားလက်ပပ် အမှုန့်၊ ရှားစောင်းလက်ပပ် လျက်ဆား၊ ရှားစောင်း လက်ပပ်ယို၊ ရှားစောင်း လက်ပပ်ခေါက်ဆွဲ၊ အုန်းတစ်လုံးဆေး၊ ရှားစောင်းလက်ပပ် အချိုရည် အစရှိသည့် ပစ္စည်းများကို ဈေးကွက်ထဲတွင် ဝယ်ယူ၍ ရရှိနေပြီဖြစ်သည်။

အခြားလူသုံးကုန် အလှကုန် ပစ္စည်းအနေဖြင့် ရှားစောင်းလက်ပပ်ခေါင်းလျှော်ရည်၊ ရှားစောင်းလက်ပပ် ဆံပင်သန်ဆေး၊ အလှဆီ၊ ကိုယ်တိုက်ဆပ်ပြာ၊ ရှားစောင်းလက်ပတ်မျက်နှာသစ်၊ မျက်နှာပေါင်းတင်ဆေး၊ ဆံပင်လိမ်းသည့်ဂျယ်၊ စနိုး၊ မိတ်ကပ်၊ ကိုယ်လိမ်းပေါင်ဒါ၊ လိုးရှင်း၊တိုနာ စသည့် နေ့စဉ်သုံးပစ္စည်းအလှကုန် တွေမျိုးစုံကိုလည်း ထုတ်လုပ်လာကြသည်။

### တစ်ဖက်တစ်လမ်းက ဝင်ငွေတိုး

ရှားစောင်းလက်ပတ်ပင်များကို ယခင်နှစ်များထက် ယခုနှစ်များတွင် တစ်ပိုင်တစ်နိုင် ပိုမိုစိုက်ပျိုးလာကြသည်။ ဈေးကွက်တွင်လည်း ယခင်နှစ်ထက် ဈေးပိုရလာသည်။ စိုက်ပျိုးသူအနေနှင့် ရှားစောင်းလက်ပပ်ကို အပင်လိုက်လည်းကောင်း၊ အလှပန်းအိုးနှင့်လည်းကောင်းရောင်းချကြသည်။ စီးပွားရေးလုပ်ငန်းရှင်များ၊ တိုင်းရင်းဆေးဆရာများ၊၊ ယိုထိုးပြီးရောင်းချသူများ၊ ကုန်ကြမ်း အဆင့်မှ ကုန်ချောအဆင့်သို့ အလှကုန်၊ စားသောက်ကုန်၊ လူသုံးကုန် ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များက ရှားစောင်းလက်ပပ် အပင်ကို ဝယ်ယူရာ ယခုနှစ်တွင် အလျားပေ ၄၀ မှ ၆၀ ဝန်းကျင်ရှိ စိုက်ခင်းတစ်ခုကို ကျပ် ၃၀၀၀၀ ဝန်းကျင်ပေါက်ဈေးရှိပြီး အနိမ့်ဆုံး စိုက်ခင်းတစ်ခုကို အပင်ကိုကြည့်ပြီး ကျပ် ၄၀၀၀၀ ခွဲမှ ၄၅၀၀၀ ကျပ် ပေးဝယ်ကြောင်း၊ ယခင်နှစ်က အလျားပေ ၄၀ မှ ၆၀ ဝန်းကျင်ရှိ စိုက်ခင်းတစ်ခုကို ကျပ် ၂၀၀၀၀၊ အနိမ့်ဆုံးစိုက်ခင်းတစ်ခုကို ကျပ် ၃၀၀၀၀ မှ၃၅၀၀၀ ဖြင့်ရောင်းချကြောင်း သိရသည်။ ဧကအလိုက် မဟုတ်ဘဲနှင့်သာရောင်းချကြောင်း၊ ယခင်နှစ်နှင့် ယခုနှစ် နှိုင်းယှဉ်ပါက ဈေးပိုမိုရလာကြောင်း သိရသည်။ များသောအားဖြင့် ခြံဝင်းများကို အလဟဿမထားဘဲ တစ်ဖက်တစ်လမ်းက မိသားစုဝင်ငွေရရန် ရှားစောင်းလက်ပပ်အပင်ကို ဆားလင်းကြီးမြို့နယ်တွင် ပိုမိုစိုက်ပျိုးလာကြကြောင်း သိရသည်။

### ရှားစောင်းလက်ပပ်ကို Value added ပြုလုပ်၍ စားသုံးနိုင်သည့် နည်းလမ်းများ

ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သည့် လုပ်ငန်းရှင်များသည် ရှားစောင်းလက်ပပ်ကို ရှားစောင်းလက်ပပ်ယို၊ အုန်းတစ်လုံးဆေး၊ ဆီးဆေး၊ ဝမ်းမှန်ဆေး၊ ပန်းနာရင်ကျပ်သမားများ၊ အစာအိမ်နာခြင်း အောင့်ခြင်းများအတွက် အထူးသက်သာပျောက်ကင်းစေသည့်ဆေး၊ ဆီးပူခြင်း၊ အပူကန်ခြင်းအတွက်လည်း တကယ့်ဆေးစွမ်းကောင်းတစ်လက်ဖြစ်သလို ကျန်းမာရေးနှင့် ကိုက်ညီသည့် လူသုံးကုန်၊ အလှကုန်၊ စားသောက်ကုန်များစသည့် Value added များ အမျိုးမျိုးပြုလုပ်၍ ထုတ်လုပ်လာကြသည်။ ရှားစောင်းလက်ပပ်ကို သဘာဝပစ္စည်းများဖြစ်သော ပျားရည်တို့ဖြင့် ကျိုချက်စားသုံးပါက အမျိုးသမီးများအတွက် အသားအရေလှပကာ ကျန်းမာဝဖြိုး အလှတိုးစေသည်။ ရှားစောင်းလက်ပပ်သည် လူတို့၏ကျန်းမာရေးအတွက် အထောက်အကူရသဖြင့် ကိုဗစ် (၁၉) ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း ရှားစောင်းလက်ပပ်အပင်ကို ဆေးအဖြစ် အသုံးများလာကြသည်ကို တွေ့ရှိရသည်။ ရှားစောင်းလက်ပပ်အပင်သည် အောက်ဆီဂျင်ဓာတ်ကို ပေးနိုင်သဖြင့် သုံးစွဲသူများပြားလာပြီး တစ်နှစ်ထက်တစ်နှစ် ဈေးပိုမိုရရှိလာကြောင်း ရေးသားလိုက်ရသည်။

**သင်းသင်းအေး (မုံရွာ)**

# ရန်ကုန်မြို့တွင်းရှိ ဈေးများ၏ အခြေခံစားသောက်ကုန်ဈေးနှုန်းများ



ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင်၊ ပုဇွန်တောင်ဈေးအတွင်း အခြေခံ စားသောက်ကုန်ဈေးနှုန်းများ ဖြစ်သော ဆန်ကြမ်း၊ ဆန်ချော အမျိုးအစားများအလိုက် ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ဧည့်မထတစ်ပြည်လျှင် ကျပ် ၃၄၀၀ မှ ၄၀၀၀ ထိ၊ ငစိန်တစ်ပြည်လျှင် ကျပ် ၂၆၀၀ မှ ၂၈၀၀ ထိ၊ ဇီယာ တစ်ပြည်လျှင်ကျပ် ၃၂၀၀ မှ ၃၅၀၀ ထိ၊ ပေါ်ကျွဲတစ်ပြည်လျှင် ကျပ် ၄၉၀၀၊ ပုသိမ်ပေါ်ဆန်း တစ်ပြည်လျှင် ကျပ် ၅၇၀၀၊ ဖျာပုံပေါ်ဆန်းတစ်ပြည်လျှင် ကျပ် ၅၅၀၀၊ ရွှေဘိုပေါ်ဆန်းမွှေး တစ်ပြည်လျှင် ကျပ် ၆၇၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

စားဖိုဆောင်သုံး စားသောက်ကုန်များတွင် စားအုန်းဆီ တစ်ပိဿာ ကျပ် ၇၇၀၀၊ ပဲဆီ တစ်ပိဿာ ကျပ် ၁၉၀၀၀၊ ကြက်သွန်နီ တစ်ပိ သာ ကျပ် ၅၀၀၀၊ ကြက်သွန်ဖြူ(ရှမ်း)တစ်ပိဿာ ကျပ် ၂၂၀၀၀၊ (အမြွှာ) တစ်ပိဿာ ကျပ် ၂၀၀၀၀၊ (ဥတစ်လုံး) တစ်ပိဿာ ကျပ် ၂၅၀၀၀ တို့ဖြစ်ပြီး အာလူး တစ်ပိဿာ ကျပ် ၇၀၀၀၊ နနွင်းမှုန့် တစ်ပိဿာ ကျပ် ၁၄၀၀၀၊ နနွင်းတက် တစ်ပိဿာ ကျပ် ၈၀၀၀၊ မန်ကျည်းသီးမှည့် တစ်ပိဿာ ကျပ် ၁၀၀၀၀ မှ ၁၆၀၀၀၊ ချင်း တစ်ပိဿာ ကျပ် ၇၀၀၀ မှ ၉၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

အသား၊ ငါးဈေးနှုန်းများမှာလည်း မွေးမြူရေးကြက် တစ်ပိဿာ ကျပ် ၁၉၀၀၀၊ မြန်မာကြက် တစ်ပိဿာကျပ် ၃၁၀၀၀၊ ဝက်သားတစ်ပိဿာ ကျပ် ၃၀၀၀၀၊ ဘဲသားတစ်ပိဿာ ကျပ် ၃၀၀၀၀၊ ဆိတ်သား တစ်ပိဿာ ကျပ် ၃၁၀၀၀၊ အမဲသား တစ်ပိဿာ ကျပ် ၂၆၀၀၀၊ ငါးကြင်း တစ်ပိဿာ ကျပ် ၁၉၀၀၀၊ ငါးမြစ်ချင်းတစ်ပိဿာ ကျပ် ၉၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

ကော့မှူးမြို့နယ်၌ အခြေခံစားသောက်ကုန်ဈေးနှုန်းများဖြစ်သော ဆန်ကြမ်း၊ဆန်ချောအမျိုးအစားအလိုက် (ထိပ်စ၊ လတ်စ၊ နိမ့်စ) များတွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၃၃၀၀-၃၄၀၀၊ ငစိန်ဆန် တစ်ပြည်လျှင် ကျပ် ၃၀၀၀၊ ၃၁၀၀၊ ကြားပျံ့ဆန် ရိုးရိုးတစ်ပြည်လျှင် ကျပ် ၅၃၀၀-၅၄၀၀ တို့ဖြင့်လည်းကောင်း၊ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၇၆၀၀ဖြင့် ပဲဆီတစ်ပိဿာလျှင် ကျပ် ၂၀၀၀၀၊ ကြက်သွန်နီဆိုဒ်စုံ တစ်ပိဿာလျှင် ကျပ် ၃၀၀၀-၃၅၀၀-၄၀၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်) တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀-၂၀၀၀၀၊ ငရုတ်တောင့်ရှည် တစ်ပိဿာလျှင် ကျပ် ၉၀၀၀၊ မန်ကျည်းသီးမှည့်တစ်ပိဿာလျှင် ကျပ် ၇၅၀၀၊ ငါးရံ့ခြောက် တစ်ပိဿာလျှင် ကျပ် ၆၅၀၀၀၊ ကြက်ဥ (CP)တစ်လုံးလျှင် ကျပ် ၃၈၀-၄၀၀၊ ဘဲဥတစ်လုံးလျှင် ကျပ် ၅၀၀-၅၅၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ခရမ်းမြို့နယ်၌ အခြေခံစားသောက်ကုန်များဖြစ်သော ဆန်ကြမ်း၊ ဆန်ချော အမျိုးအစားလိုက် ဧည့်မထအုပ်စုတစ်ပြည်လျှင် ကျပ် ၃၅၀၀-၃၈၀၀၊ ဧရာဝတီပေါ်ဆန်းဆန်နှင့် ကျားပျံ့ဆန် တစ်ပြည်လျှင် ကျပ် ၅၆၀၀-၅၈၀၊ ငစိန်အုပ်စု ပုသိမ်ရာကျော်ဆန် တစ်ပြည်လျှင် ကျပ် ၂၉၀၀-၃၀၀၀ဖြင့်လည်းကောင်း၊ စားအုန်းဆီတစ်ပိဿာလျှင် ယခုတစ်ပတ်ဈေးနှုန်းမှာ ကျပ် ၇၇၅၀ ဖြင့် ဈေးနှုန်းအနည်းငယ် ကျဆင်းလျက်ရှိကြောင်း သိရသည်။

မြေပဲဆီ တစ်ပိဿာလျှင် ကျပ် ၁၉၀၀၀ ဖြင့်လည်းကောင်း၊ ကြက်သွန်နီ(အသစ်)ဆိုဒ်စုံ တစ်ပိဿာလျှင် ကျပ် ၃၅၀၀မှ၅၀၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်)တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀၊ ဆားကြမ်း တစ်ပိဿာလျှင် ကျပ် ၇၀၀၊ ငရုတ်တောင့်အရှည် တစ်ပိဿာလျှင် ကျပ် ၉၀၀၀မှ၁၂၀၀၀၊ ကုလားပဲခြမ်း တစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ အာလူး တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ မျှင်ငါးပိ တစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ ကြက်ဥတစ်လုံးလျှင် ကျပ် ၃၆၀ မှ ၄၀၀ နှင့် ဘဲဥတစ်လုံး ကျပ် ၅၀၀ မှ ၆၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက် ရှိသည်။

သန်လျင်မြို့နယ်၌ အခြေခံစားသောက်ကုန်များဖြစ်သော ဆန်ကြမ်း၊ ဆန်ချော အမျိုးအစားအလိုက် ဧည့်မထ တစ်ပြည်လျှင် ကျပ် ၃၅၀၀-၄၀၀၀ ထိ၊ ဧရာဝတီပေါ်ဆန်း တစ်ပြည်လျှင် ကျပ် ၆၀၀၀-၆၈၀၀၊ ငစိန်အုပ်စု ပုသိမ်ရာကျော်တစ်ပြည်လျှင် ကျပ် ၃၂၀၀-၃၅၀၀၊ စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၇၅၅၀ ဖြင့် ဈေးနှုန်းအနည်းငယ်ကျဆင်းလျက်ရှိပြီး၊ ပဲဆီတစ်ပိဿာ လျှင် ကျပ် ၂၂၀၀၀ ၊ ကြက်သွန်နီအသစ် ဆိုဒ်ဆုံ တစ်ပိဿာလျှင် ကျပ် ၃၀၀၀-၃၅၀၀၊ ကြက်သွန်ဖြူ (ကြက်ကုတ်)တစ်ပိဿာလျှင် ကျပ် ၂၅၀၀၀ ဖြစ်သည်။

အင်းစိန်မြို့နယ်ရှိ တညင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ညောင်တုန်း၊ မှော်ဘီ၊သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော်၊ တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံး ဝင်ရောက် ရောင်းချနေကြောင်း သိရသည်။

**ငြိမ်းငြိမ်းဝင်း ၊ တင်မင်း၊ ကျော့ကေခိုင်၊ လဲ့လဲ့ဌေး၊ ဇော်မင်းဦး**

# “ဒီလိုမျိုး ပြည်တွင်းထုတ်ကုန်တွေကို နိုင်ငံခြားသားတွေလည်း အရမ်းကြိုက်ကြတယ်”

## ငွေကြိုးကြာ အာလူးကြော်လုပ်ငန်းပိုင်ရှင် ဒေါ်အေးအေးသိမ့်နှင့် တွေ့ဆုံမေးမြန်းခြင်း

**ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းသည် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်ပြီး ပုဂ္ဂလိက စီးပွားရေးကဏ္ဍတွင်လည်း အသေးစား၊ အလတ်စား လုပ်ငန်းများ အများဆုံး ပါဝင်လျက်ရှိသည်။ သို့ဖြစ်ရာ အသေးစား၊ အလတ်စားလုပ်ငန်းများ လတ်တလော ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့်စပ်လျဉ်း၍ ပြည်တွင်းဈေးကွက်ထဲတွင် စားသောက်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည့် အသေးစား၊ အလတ်စားလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ငွေကြိုးကြာ အာလူးကြော်လုပ်ငန်းပိုင်ရှင် ဒေါ်အေးအေးသိမ့်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**ငွေကြိုးကြာ အာလူးကြော် ထုတ်ကုန်လုပ်ငန်းအကြောင်းနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦး။**

အမိကတော့ ရှမ်းပြည်နယ်ဒေသကထွက်တဲ့ အောင်ပန်းအာလူးနဲ့ ဟဲဟိုးအာလူးကို အခြေခံပြီးတော့ အာလူးကြော်ခြောက်မျိုးထုတ်လုပ်ပါတယ်။ လက်ဖက်ခြောက်တွေလည်း ထုတ်လုပ်ပါတယ်။ လက်ဖက်ခြောက်ဆိုရင်လည်း မိရိုးဖလာအတိုင်း လုပ်ထားတယ်။ လက်ဖက်ခြောက်ဆိုရင် နှစ်ပေါင်းရာချီလောက်ကြာတဲ့ အပင်ကထွက်တာဖြစ်တဲ့အတွက်ကြောင့်မို့ သောက်လို့ကောင်းတယ်။ စက်နဲ့ လုပ်ထားတာ မဟုတ်ဘဲ တောင်သူတွေက လက်နဲ့ လုပ်ထားတာဖြစ်တဲ့အတွက် အနံ့အရသာက မတူကွဲပြားပါတယ်။ ဒီလိုမျိုး ပြည်တွင်းထုတ်ကုန်တွေကို နိုင်ငံခြားသားတွေလည်း အရမ်းကြိုက်ကြတယ်။

**ကုန်ကြမ်းရရှိမှု အခြေအနေလေး ပြောပြပေးပါဦး။**

ကျွန်မတို့အနေနဲ့ ပထမဦးဆုံး ထုတ်လုပ်တာကတော့ လက်ဖက်ခြောက်ပါ။ ရှမ်းပြည်နယ်က တောင်သူတွေနဲ့လက်တွဲပြီးစလုပ်ဖြစ်တာပါ။ အဲဒီမှာ တောင်သူတွေက ပွဲရုံတွေကို ရောင်းတဲ့အချိန်မှာ ပစ္စည်းဈေးကောင်းကောင်း မရဘူး။ အကြွေးကျတယ်။ ကျွန်မတို့ကလည်း ပွဲရုံထဲက ပစ္စည်းကောင်းကောင်းတွေမရဘူး။အရောအနှောတွေများတယ်။ အဓိကတော့ တောင်သူတွေနဲ့ ကျွန်မတို့အကြား Win to Win သွားချင်တာပေါ့။ အဲလိုမျိုး လက်ဖက်ခြောက်လေး စလုပ်ရင်းနဲ့ ဈေးကွက်ရလာတဲ့အချိန်မှာ အာလူးကြော်ကို စလုပ်ဖြစ်တာပါ။ အဓိကတော့ စားသောက်ကုန် ပိုမိုကျယ်ပြန့်ပြီးတော့ ဈေးကွက်ထဲ ပစ္စည်းကောင်းလေးတွေ ရောက်စေချင်လို့ပါ။ ကုန်ကြမ်းအနေနဲ့ကတော့ ရှမ်းပြည်နယ်ကထွက်တဲ့ ကုန်ကြမ်းတွေကို အဓိကမှာယူပါတယ်။ ရှမ်းပြည်နယ်က အသီးအနှံတွေအားလုံးက မြေဆီမြေဩဇာကောင်းတယ်။ မြေဆီမြေသား ကောင်းသလို သဘာဝအချိုဓာတ်ရှိတယ်။ အဲဒီမှာ ရှမ်းအာလူးကို စပြီးတော့ လေးငါးခြောက်ခါလောက် လေ့လာစမ်းသပ်ပြီးတော့ စလုပ်ဖြစ်တာပေါ့။ ထုပ်ပိုးမှုပုံစံတွေကအစ အကုန်လုံးလုပ်ပြီးတဲ့အချိန်ကျမှ ဈေးကွက်ကို စပြီးတော့ ဖြန့်ချိတာဖြစ်ပါတယ်။






**ရှမ်းပြည်နယ်ဘက်မှာဆို အာလူးကြမ်းခင်းဈေးက ဘယ်လောက်ရှိနေပါပြီလဲ။**

အခု အာလူးကြမ်းခင်းဈေးတွေက အရမ်းတက်နေတယ်။ သီတင်းကျွတ်၊ တန်ဆောင်မုန်း အလှူအတန်းတွေနဲ့ဆိုတော့ ဝယ်လက်က အရမ်းများပြီး ဈေးက အများကြီးတက်သွားတာပါ။ အဲလိုမျိုး ဈေးက ကွာသွားပြီး ကုန်ကြမ်းဈေးတက်သွားတော့ ကုန်ချောဈေး မတက်နိုင်တော့ဘူး။ ကုန်ကြမ်းကတော့ ရှိပါတယ်။ဒါပေမယ့် အညာသီးကျတော့ ဈေးသက်သာတယ်။ ဒါပေမယ့် အလုံးသေးတယ်။ နွာလို့မကောင်းဘူး။ အစင်းမှာ ပိုးပါတာတွေရှိတော့ အဲဒါတွေကို ဖယ်ထုတ်ပစ်ရတော့ စွန့်ပစ်ရတာပေါ့နော်။ အဲဒါကြောင့်မို့ ရှမ်းသီးကိုပဲ သုံးဖြစ်တယ်။ ရှမ်းပြည်ကတော့ မြေဆီ မြေဩဇာကောင်းတဲ့ အတွက်ကြောင့်မို့ အရသာမှာ အသီးအရွက်တွေကအစ ဂေါ်ရခါးညွှန့်၊ ပဲညွှန့်တို့ကအစ ရှမ်းပြည်နယ်က ပိုကောင်းတယ်။ အရသာကောင်းတဲ့အတွက်ကြောင့် စားလို့ အရမ်းကောင်းတယ်။ သူ့မှာက အချိုဓာတ်ရှိပြီးသားဖြစ်တဲ့အတွက် အချိုမှုန့် မသုံးဘူး။ နိုင်ငံခြားသားတွေက အများဆုံး ဝယ်ယူအားပေးကြတယ်။အစပ်ဆိုရင် အချိုမှုန့် မသုံးချင်တဲ့အတွက် နည်းနည်းလေး အသားမှုန့် အရသာ ထည့်ရတာပေါ့နော်။

**အသေးစား၊ အလတ်စားလုပ်ငန်းရှင်တစ်ယောက်အနေနဲ့ ကြုံတွေ့ရတဲ့ အခက်အခဲတွေရှိရင် ပြောပြပေးပါဦး။**

အခက်အခဲကတော့ ကုန်ကြမ်းဈေးတက်တာကြောင့် ကုန်ချောကို ဈေးတက်လို့ရပေမယ့် ခဏခဏ ဈေးမတက်ချင်ဘူး။ နောက်ပြီး စားသုံးဆီနဲ့ပတ်သက်တဲ့ အခက်အခဲလေးတွေတော့ရှိပါတယ်။ အခြားအခက်အခဲကတော့ ကုန်ကြမ်းဈေးတက်တာရယ်၊ သယ်ယူပို့ဆောင်ခက အရင်တုန်းကဆို တစ်ပိဿာကို ကျပ် ၁၇၀၊ ကျပ် ၁၈၀ လောက် ကုန်တင်ခပေးရတယ်။ အခုက တစ်ပိဿာကို ကျပ် ၃၈၀၊ ကျပ် ၄၀၀ လောက်ပေးရတယ်။ ကုန်တင်ခဈေးတက်တော့ အခြားကုန်ကျစရိတ်တွေက ပိုများသွားတာပေါ့။ နောက် Import သွင်းတဲ့ ပစ္စည်းတွေက နည်းနည်းလေးဈေးတက်တဲ့အတွက်ကြောင့် အချိန်ကြန့်ကြာမှုလေးတွေရှိတယ်။ ကျွန်မတို့အနေနဲ့က နည်းပညာပိုင်းအားနည်းတဲ့အတွက် နည်းပညာပိုင်းနဲ့ပတ်သက်ပြီး အားကောင်းလာအောင် လုပ်ဆောင်လျက်ရှိပါတယ်။ အာလူးကတော့ အခုရာသီမှာ ပေါပေါလှိုင်လှိုင် ရနေပါတယ်။ နယ်တွေမှာက အလှူအတန်းလုပ်ကြရင် ငါးခြောက်၊ ကြက်သားဆိုရင်လည်း အာလူးထည့်တယ်။ မင်္ဂလာဆောင်တို့ ရှင်ပြုနားသ၊ အလှူမင်္ဂလာ၊

တိပ္ပ

စတုဒိသာဆိုရင်လည်း အာလူးထည့်ကြတော့ သူတို့ဒေသမှာ မရှိမဖြစ် အရေးပါတဲ့ စားသောက်ကုန်ပစ္စည်း ဖြစ်တယ်။ ဆိုတော့ အာလူးက ပေါပေါများများရတဲ့ ရာသီဖြစ်ပေမယ့်လည်း ဈေးကတက်နေတယ်။ မိုးတွင်းဘက်ကကျတော့ ပစ္စည်းက နည်းနည်းတော့ရှားတယ်။ အလုံး သိပ်မကြီးတော့ဘူး။ အဲအချိန်က ပစ္စည်းပြတ်တဲ့အချိန်ဆိုတော့ ရှားရှားပါးပါး ရှာဝယ်ရတယ်။ နောက်ကြက်သွန်နီတို့လိုမျိုး အကြာကြီး လှောင်ထားလို့လည်း မရဘူး။ ကျွန်မတို့အနေနဲ့ကတော့ ဆရာ၊ ဆရာမတွေ လမ်းညွှန်ထားတဲ့အတိုင်း မြေကျင်း နည်းနည်းပါးပါးတူးပြီး အဲဒီအထဲ ထည့်ထားတော့ သက်သာတယ်။ အိမ်မှာ ဒီအတိုင်းထားရင်တော့ ၁၀ ရက်၊ ၁၅ ရက်ဆိုရင် အညှောင့်ထွက်လာတယ်။ အဲဒါ့ကြောင့်မို့ ကုန်ကို လနဲ့ချီပြီးလှောင်လို့မရဘူး။ ထားရင် အလွန်ဆုံး ၁၀ ရက်လောက်ပဲ ထားလို့ရတယ်။ လိုရင်တော့ ကြိုပြီးထပ်မှာရတာပေါ့။ အဲဒီလို အခက်အခဲလေးတွေတော့ရှိတယ်။ ကျန်တာတွေတော့ အကုန်လုံး အဆင်ပြေပါတယ်။ အခုလောလောဆယ်မှာ စင်ကာပူ၊ ထိုင်းဘက်က မှာတာတွေကို ပို့ဆောင်ပေးနေတာတွေ ရှိပါတယ်။ ကျွန်မတို့ ထုတ်ကုန်တွေ ကတော့ ဈေးကွက်ထဲလည်း တော်တော်ပေါက်ရောက်တယ်။ အော်ဒါတွေဆိုလည်း လက်မလည်ဘူး။ အခုကတော့ ဈေးတက်တဲ့အတွက်ကြောင့် အော်ဒါလေးတွေကို နည်းနည်း လျှော့ပေးတာပေါ့။

**ဈေးကွက်ဝေစု ရရှိဖို့အတွက် ပြည်တွင်းဈေးကွက်ထဲ ထိုးဖောက်နေမှု အခြေအနေလေး သိပါရစေ။**

လက်ရှိမှာ အော်ဒါတွေကတော့ တောက်လျှောက်တက်နေပါတယ်။ ဒါပေမယ့် အခုတလော အော်ဒါတွေ တက်ပေမယ့် နည်းနည်းလျှော့ပေးနေရတယ်။ အာလူးကြော်ဆိုတော့ ဆီဈေးတက်လာတဲ့အတွက် ဈေးနှုန်းက အပြောင်းအလဲတော့ရှိပါတယ်။ အဲဒီတော့ အော်ဒါတက်တဲ့အတွက် ရောင်းရတာမှန်ပေမယ့် အမြတ်အစွန်းကတော့ နည်းပါတယ်။ အဲဒါကြောင့်မို့ အာလူးနဲ့ ပတ်သက်ပြီး နည်းပညာပိုင်းတောင်းခံထားတာ ရှိပါတယ်။နည်းပညာရရှိပြီဆိုရင်တော့ ကြော်လှော်တဲ့ အပိုင်းအပြင် အေးခဲနည်းပညာပိုင်းနဲ့ ပတ်သက်ပြီး စားသောက်ဆိုင်တွေ ဟိုတယ်တွေ စူပါမားကတ်တွေအပြင် ပြည်ပဈေးကွက်ကို ထိုးဖောက်ဖို့ ရည်ရွယ်ထားပါတယ်။ နောက်ပြီး မြန်မာနိုင်ငံမှာ ပြည်တွင်းထုတ်ကုန်အနေနဲ့ အာလူးအစိုလိုင်းက အားနည်းနေသေးတယ်။ အဲဒါကြောင့်မို့ နည်းပညာတောင်းခံတာရပြီဆိုလို့ရှိရင်တော့ အာလူးအစိုထုတ်လုပ်နိုင်ရေးနဲ့ပတ်သက်ပြီး ဆက်လက်အကောင်အထည်ဖော် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ အဲလိုလုပ်ဆောင်မယ်ဆိုရင် နည်းပညာမြင့်စက်ကြီးတွေနဲ့ လုပ်ဆောင်မှာဆိုတော့ ထုတ်လုပ်မှုက ပိဿာချိန် တစ်ရာလောက် နေ့စဉ်ထုတ်လုပ်နိုင်မယ်လို့ မျှော်မှန်းထားပါတယ်။

**ဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

အခုဆိုရင်တော့ ထုတ်ကုန်တွေက ဈေးကွက်ထဲ တော်တော်လေး ပေါက်ရောက်နေပြီဖြစ်ပါတယ်။ ထုတ်ကုန်တွေကိုလည်း ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ကပါ အော်ဒါတွေ လက်ခံရရှိ နေပါတယ်။ ဆက်လက်ပြီးတော့ ပြည်တွင်းထုတ်ကုန်တွေကို ပြည်တွင်းတင်မကဘဲ နိုင်ငံတကာက ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်အောင် ကြိုးပမ်းလုပ်ဆောင်သွားပါမယ်လို့ ပြောလိုပါတယ်။

## (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ကျင်းပမည်

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စု အဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်းတွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်။

အဆိုပါ ပြပွဲပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပေးမည့်အပြင် ဂီတဖျော်ဖြေပွဲများလည်း ပါဝင်မည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပါဝင်ကြမည့် MSME လုပ်ငန်းရှင်များအနေဖြင့် ပြိုင်ပွဲအမျိုးအစား ခြောက်မျိုး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသေးစား(Micro) ထုတ်ကုန်ဆု၊ အငယ်စား (Small) ထုတ်ကုန်ဆု၊ အလတ်စား(Medium) ထုတ်ကုန်ဆု၊ ကုန်ထုတ်သမဝါယမ အသင်းများ၏ စွမ်းဆောင်ရည်ဆုများ ချီးမြှင့်မည်ဖြစ်ပြီး ပထမဆု ငွေကျပ်သိန်း ၃၀၊ ဒုတိယဆု ငွေကျပ်သိန်း ၂၀၊ တတိယဆု ငွေကျပ် ၁၀ သိန်း သတ်မှတ်ထားသည်။

အသေးစား စက်မှုလက်မှုလုပ်ငန်းထုတ်ကုန်ဆုတွင် စားသောက်ကုန် စံပြထုတ်ကုန်ဆု၊ လူသုံးကုန် စံပြထုတ်ကုန်ဆု၊ ရက်ကန်း စံပြထုတ်ကုန်ဆု၊ လက်မှုထည် စံပြထုတ်ကုန်ဆုဖြင့် လေးမျိုး သတ်မှတ်ထားကြောင်း သိရသည်။

ယင်း ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို ဒေသတွင်း MSME လုပ်ငန်းများ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ စဉ်ဆက်မပြတ် မြှင့်တင်နိုင်စေရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်အမယ်သစ်များ ပြည်တွင်းတွင် ပိုမိုသုံးစွဲနိုင်ရေး၊ ပြည်ပသို့ ဈေးကွက်တိုးချဲ့တင်ပို့နိုင်ရေး၊ ဒေသအလိုက် ဒေသတစ်ခု ထုတ်ကုန်တစ်ခု(OROP) အောင်မြင်ရေးအတွက် အားပေးမြှင့်တင်နိုင်ရေး၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုချိတ်ဆက်လာစေရေး၊ MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ရည်ရွယ်ကာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုတိုး**

## ရန်ကုန်တိုင်းဒေသကြီးတွင် အလုပ်အကိုင်အခွင့်အလမ်း ၁၀၁၆ နေရာအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံးခု ခွင့်ပြုပေးနိုင်ခဲ့

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ယခုနှစ်အတွင်း အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၀၀၀ ကျော်ရရှိမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စုစုပေါင်း သုံးခု ခွင့်ပြုပေးနိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့ပြီး ယင်းအစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် ရာနှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှစ်ခုတို့ဖြစ်သည့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ အဆင်သင့်ဖျော်စပ်ပြီးသော ကွန်ကရစ်များ ရောင်းချသည့် ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းနှင့် CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းတို့ကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံးခု၏ မတည်ငွေရင်း ပမာဏမှာ ငွေကျပ်သန်း ၈၀၀၊ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၃၁ သန်းဖြစ်ကာ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၀၁၆ နေရာ ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။ **ကိုတိုး**

# မအူပင်ခရိုင်တွင် စိုက်ပျိုးသည့် ဈေးကွက်ဝင် အုန်းချိုမွှေး



မအူပင်ခရိုင် မအူပင်မြို့နယ်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် မြို့နယ်တစ်ခုဖြစ်ပြီး စပါးနှင့် ပဲမျိုးစုံကိုလည်း စိုက်ပျိုးကြသည်။ မအူပင်မြို့နယ်သည် ရေခံမြေခံကောင်းမွန်ပြီး မွေးမြူရေးလုပ်ငန်းများလည်းရှိ၍ ရေထွက်ကုန်များကို ပြည်ပတင်ပို့လျက်ရှိသည်။ မအူပင်မြို့မှ ငှက်ပျောသီး၊ အုန်းသီး၊ ကွမ်းသီးနှင့် ဟင်းသီးဟင်းရွက်နှင့် ပုစွန်၊ ငါး၊ ငါးသလောက် စသည့် ငါးများ ရန်ကုန်သို့ အဓိကထားတင်ပို့ရောင်းချသည်။ ငါးပိ၊ ငါးခြောက်လုပ်ငန်းများ တစ်ပိုင်တစ်နိုင် MSME စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်နေပြီး ဒေသထွက် သီးနှံများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

မအူပင်ခရိုင်တွင် မြို့နယ် လေးမြို့နယ်ရှိပြီး မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့တို့ဖြစ်ပြီး မအူပင်မြို့နယ်တွင် အုန်းသီးစိုက်ဧက ၁၈၈၃ စိုက်ပျိုးပြီး ဧက ၈၀၀ ထွက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ မအူပင်မြို့နယ် ညောင်ဝိုင်းကျေးရွာတွင် အုန်းချိုမွှေးကို ဥယျာဉ်ခြံမြေတွင် စိုက်ပျိုးလျက်ရှိပြီး၊ မင်းဘောကျေးရွာတွင် အုန်းချိုမွှေး ၁၇ဧက၊ ဓနုဖြူမြို့နယ်တွင် အုန်းချိုမွှေးဧက ၁၈၀ နှင့် မအူပင် အလန်းငါးကန်များတွင် အပင် ၂၅၀၀ကို ကန်ဘောင်ဘေးတွင် စိုက်ပျိုးထားပြီး မအူပင်ခရိုင်တွင် အုန်းချိုမွှေး စိုက်ပျိုးသူ များပြားလာကြောင်း သိရသည်။

မအူပင် မင်းဘောကျေးရွာတွင် အုန်းချိုမွှေး စိုက်ပျိုးမှုအနေဖြင့် ၂၀၂၁ ခုနှစ် ခြောက်လပိုင်းကတည်းက ၁၇ဧကတွင် အပင်ပေါင်း ၁၅၃၀ ပင် စိုက်ပျိုးထားသည်။ ၂၀၂၁ ခုနှစ်က မျိုးတစ်ပင်ကို ကျပ် ၅၀၀၀- ၆၀၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးရပြီး ယခုစိုက်ပျိုးသော အုန်းချိုမွှေး၏ သက်တမ်းမှာ သုံးနှစ်သားကျော်ကျော်ရှိပြီဖြစ်၍ အသီးများ စတင်သီး၍ ခူးနေရပြီဖြစ်ကြောင်း၊ တစ်လလျှင် အလုံး ၅၀ ခန့် ထွက်ရှိနေပြီး ခူးယူသည့်ကာလမှာ လေးလသာရှိ၍ အုန်းသီး အလုံးရေ ၂၀၀-၄၀၀ ထွက်ရှိနေပြီဖြစ်သည်။ ၁၇ ဧက ကုန်ကျစရိတ်အနေဖြင့် လက်ရှိအချိန်ထိ သိန်းနှစ်ထောင် ကျော် ရင်းနှီးမြှုပ်နှံထားပြီး ကြားနှပ်သီးနှံမျိုးစုံလဲ စိုက်ပျိုးထားကြောင်း သိရသည်။

မအူပင် ညောင်ဝိုင်းကျေးရွာ ဥယျာဉ်ခြံမြေတွင် အုန်းချိုမွှေး အပင်ရေ ၅၀၀ ကျော်ကို ၂၀၂၂ခုနှစ် ဇူလိုင်လက စိုက်ပျိုးထားကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ကျပ်သိန်း ၉၀၀ နီးပါး ကုန်ကျကြောင်းနှင့် အပင်သက်တမ်း နှစ်နှစ်သာရှိသေး၍ အသီးမထွက်သေးကြောင်း သိရသည်။ ၎င်းစိုက်ပျိုးရေးခြံမှ စိုက်ပျိုးသူသည် မအူပင် မင်းဘော စိုက်တောင်သူထံမှ နည်းယူ၍ စိုက်ပျိုးထားခြင်းဖြစ်ကြောင်း သိရသည်။ ဥယျာဉ်ခြံမြေဖြစ်၍ ရေတွင်းတူးရခြင်း၊ မြောင်းဘောင်ဖော်ရခြင်းတို့ရှိသည့်အတွက် ကုန်ကျစရိတ်ပိုများကြောင်း သိရသည်။

ဓနုဖြူမြို့နယ်တွင် ဧက ၁၈၀ ခန့်တွင် အပင်ပေါင်း ၁၆၅၀၀ ခန့် စိုက်ပျိုးထားကြောင်း၊ ယခင်စတင်စိုက်ပျိုးချိန် ၂၀၂၁ ခုနှစ်က မျိုးတစ်ပင်ကို ကျပ် ၆၀၀၀ ခန့်ပေးရပြီးစိုက်ပျိုးခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် မျိုးတစ်ပင်ကို ငွေကျပ် ၉၀၀၀-၁၀၀၀၀ ထိ မြင့်တက်လာပြီး ယခုအချိန်တွင် မျိုးတစ်ပင်ကို ကျပ် ၁၂၀၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း သိရသည်။

၂၀၂၁ ခုနှစ် စတင်စိုက်ပျိုးချိန်မှ ယနေ့အထိ အုန်းချိုမွှေး သက်တမ်း သုံးနှစ်ခွဲ၊ နှစ်နှစ်ခွဲနှင့် တစ်နှစ်ကျော်ကျော် အပင်များ စိုက်ပျိုးပြီး သုံးနှစ်ခွဲ အပင်များမှ အသီး၊ အဖူး ၂၀၀၀ ကျော် ထွက်ရှိနေပြီး ဈေးကွက်အနေဖြင့် အုန်းချိုမွှေး ဈေးကွက်ထွက်ရှိမှု စမ်းသပ်ကာလဖြစ်နေ၍ အုန်းသီးများကို ရန်ကုန်သို့ တင်ပို့ကြောင်း သိရသည်။

ဒေသပေါက်ဈေးအနေဖြင့် အုန်းချိုမွှေး တစ်လုံးကို ငွေကျပ် ၄၀၀၀ ဖြင့် ရောင်းချနေပြီး ရန်ကုန် City Mark များတွင် ပါကင်ပိတ် တံဆိပ်ကပ် ပြီး ငွေကျပ် ၉၀၀၀ ဖြင့် ရောင်းချကြောင်း၊ ရန်ကုန်မှတစ်ဆင့် ရှမ်းပြည်နယ်၊ မန္တလေးနှင့်အခြား မြို့ကြီးများသို့ တင်ပို့ရောင်းချသွားရန် ဆက်သွယ်ဆောင်ရွက်ထားကြောင်း၊ ပြည်တွင်းတွင် အုန်းချိုမွှေး သီးသန့်ဈေးကွက် မရှိသေးဘဲ အသီးများလည်း လှိုင်လှိုင်ထွက်ပေါ်မှု မရှိသေးသောကြောင့် အုန်းချိုမွှေး ဈေးကွက်ကို စမ်းသပ်ကာလ ရောင်းချ၍ ဈေးကွက်ဖော်ဆောင်နေကြောင်း သိရသည်။

ထိုင်း အုန်းချိုမွှေး မျိုးပင်သည် အုန်းသီးပေါ် အပင်ထွက်မျိုး၊ တစ်နှစ်သားမျိုး နှစ်နှစ်သားမျိုးဟူ၍ ရှိပြီး အပင်သက်တမ်းကြီးလေ မျိုးပင်ဈေးနှုန်းကြီးလေဖြစ်သည်။ လက်ရှိထွက်ရှိနေသော အုန်းသီးများကို တစ်လုံးလျှင် ကျပ် ၅၀၀၀ ဖြင့် ရန်ကုန်တွင် စမ်းသပ်ရောင်းချပေးနေကြောင်း အုန်းချိုမွှေး စိုက်ပျိုးသူ တာဝန်ခံထံမှ သိရသည်။

အုန်းချိုမွှေး(ခေါ်)ယိုးဒယား အုန်းသီးသည် လူကြိုက်များသည့်အတွက် အဓိကစိုက်ပျိုးလာခြင်းဖြစ်ရာ နှစ်အနည်းငယ်အတွင်း ဝင်ငွေရရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ အဆိုပါ အုန်းချိုမွှေး အုန်းသီးသည် အနံ့၊ အရသာနှင့်ပြည့်စုံ၍ လူကြိုက်များသည့်အတွက် စားသုံးသူများလာခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်ခြင်းတို့ကြောင့် ရောင်းအားကောင်းနေ၍ စိုက်ပျိုးသူလည်း များပြားလာကြောင်း နှစ်ရှည်အုန်းပင်ကို စိုက်ပျိုးသူနည်းပါးကြောင်း သိရသည်။

**(ကိုးကား- အုန်းချိုမွှေးစိုက်ပျိုးသူ ပညာရှင်တစ်ဦး၏ အုန်းချိုမွှေး ထုတ်လုပ်မှု ဟောပြောပွဲ)**

**သဇင် (မအူပင်)**

# ပြင်ဦးလွင် ဆောင်းရာသီဒေသထွက် စတော်ဘယ်ရီသီး

**နွေးစုနိုင် (Mdy Doca)**

မြန်မာနိုင်ငံ၏ တောင်ပေါ်မြို့တစ်မြို့ဖြစ်သည့် ပြင်ဦးလွင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၃၅၃၈ ပေမြင့်ပြီး သဘာဝတရားမှ ချီးမြှင့်ထားသည့် မြေဆီသြဇာကောင်းမွန်မှုနှင့် သင့်တင့်အေးမြသော ရာသီဥတုတို့ကို ပိုင်ဆိုင်ထားရှိမှုတို့ကြောင့် သစ်သီးဝလံ ပန်းမန်များကို စိုက်ပျိုးထုတ်လုပ်ရောင်းချသူ ဒေသခံ တောင်သူများအတွက် အဖိုးမဖြတ်နိုင်သည့် မြို့တစ်မြို့ဖြစ်သည်။

ယင်းသို့ သစ်သီးဝလံပန်းမန်များ စိုက်ပျိုးကောင်းမွန်သည့်မြေတွင် မြို့ခံလူအများသည် နှစ်ရှည်သီးနှံပင်နှင့် ရာသီစာသီးနှံပင်များကို စိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိရာ ၎င်းသီးနှံများထဲမှ စတော်ဘယ်ရီသီးနှံကိုလည်း စီးပွားဖြစ် စိုက်ပျိုးကြသည်။

မန္တလေးနှင့် ထိုးမုန့်ဆိုသကဲ့သို့ ပြင်ဦးလွင်နှင့်စတော်ဘယ်ရီမှာလည်း ခွဲခြားမရပါ။ စတော်ဘယ်ရီသီး အမျိုးအစားသည် ပြင်ဦးလွင်မြို့၏ ဆောင်းရာသီ ဒေသထွက်ကုန်တစ်ခု ဖြစ်သည်။ ရုက္ခဗေဒမျိုးစုအမည်ရ ‘ဖာဂေးရီးယား’ဟု အမည်တွင်၍ မြန်မာအခေါ်အဝေါ်အရ ‘ရှမ်းဆီး’ဟု အမည်တွင်သည်။ စတော်ဘယ်ရီသီးပင်များသည် အေးမြသော ရာသီဥတုကို အထူးနှစ်သက်ပြီးမြေ ပေါ်တွင်ကပ်၍ ပေါက်ရောက်သောမြေလျှောက်ပင် (Runner) အမျိုးအစားဖြစ်သည်။ ဘောင်များဖြင့်စိုက်ပျိုးနိုင်၍ တစ်ဘောင်လျှင် ပေ ၁၅၀ ရှိပြီး တစ်ဘောင်နှင့် တစ်ဘောင်ကြား ၃ ဒသမ ၅ ပေခြားစိုက်ပျိုးပြီး တစ်ဘောင်လျှင် အပင်ရေ ၂၅၀ ခန့် စိုက်ပျိုးနိုင်သည်။ စတော်ဘယ်ရီသီးပင်များကို အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် စတင်စိုက်ပျိုးကြပြီး ဇန်နဝါရီလမှ ဧပြီလအတွင်း ထွက်ရှိသည်။ လက်ရှိ စတော်ဘယ်ရီသီးများသည် ဇန်နဝါရီလတွင် ထိုင်ဝမ်၊ Royal-1-80 ထိုင်ဝမ် (အကျွတ်)မျိုး ထွက်ရှိပြီး ဖေဖော်ဝါရီလကုန်တွင်ဒေသမျိုးများထွက်ရှိသည်။ အထွက်နှုန်းအနေဖြင့်တစ်ဧကလျှင် ပျမ်းမျှ ပိဿာ ၃၀၀၀မှ ၄၀၀၀ ခန့်ထွက်ရှိသည်။ ဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀၊ အလတ်စားဘူးတစ်ဘူးလျှင် ကျပ် ၅၀၀၀၊ အသေးစားနှီးခြင်းတစ်ခြင်းလျှင် ကျပ် ၂၅၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။ နေရာဒေသနှင့် အရည်အသွေးပေါ် မူတည်၍ ဈေးများ ကွာခြားလျက်ရှိသည်။

စတော်ဘယ်ရီသီးများမှာလည်း နေ့စဉ်ပုံမှန် ဆွတ်ခူးရောင်းချနိုင်သော်လည်း ငါးရက်တစ်ကြိမ် ဆွတ်ခူးပါက ပိုမိုကောင်းမွန်၍ အသင့်လျော်ဆုံး ခူးဆွတ်ချိန်မှာ အသီးများ အနီရောင်မရင့်မှည့်မီ အချိန်တွင် ခူး ဆွတ်ခြင်းက အရောင်အသွေးလှပ၊ အရသာပြည့်စုံ၊ အရည်အသွေးလှပသော အသီးများရ၍ ဈေးကောင်းများရရှိနိုင်သည်။

စတော်ဘယ်ရီသီးနှံမှာ အလွယ်တကူ စားသုံးရသောသီးနှံဖြစ်၍ လူကြိုက်များပြီး ရောင်းအားသွက်လျက်ရှိသည်။နှစ်စဉ် စတော်ဘယ်ရီသီးထွက်ပေါ်စချိန်တွင် ဈေးကောင်းရရှိပြီး သီးနှံလှိုင်လှိုင် ထွက်ပေါ်ချိန်တွင် တောင်သူများ အပြိုင်အဆိုင် ရောင်းချမှုကြောင့် ဝယ်လိုအားထက်ရောင်းလိုအားများ၍ ဈေးကွက်သဘာဝအရ ဈေးနှုန်းများ ကျဆင်းတတ်ကြောင်း သိရသည်။

**စာမျက်နှာ(၂၃)သို့**

# ခြံပိုင်ရှင်များ အကျိုးအမြတ်ရရှိသည့် မွန်ပြည်နယ်၏ နှစ်ရှည်ရော်ဘာ

**ခင်ကြည် (မွန်)**

ရော်ဘာဈေးနှုန်းများသည် ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလတွင် ရော်ဘာတစ်ပေါင်လျှင် ကျပ် ၁၂၄၀၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ကျပ် ၁၆၁၀၊ ၂၀၂၅ခုနှစ် ဇန်နဝါရီလတွင် ကျပ် ၂၇၅၀ သို့ ဈေးနှုန်းမြင့်တက်လာခဲ့သည်။ ၂၀၂၅ ခုနှစ်တွင် မွန်ပြည်နယ်သည် ရော်ဘာကဏ္ဍဖြင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိလာသည်။

မွန်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အများဆုံး ပြည်နယ်ဖြစ်ပြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့မှုသည် စီးပွားရေးကဏ္ဍကို ဦးဆောင်လျက်ရှိသည်။

ရော်ဘာလုပ်ငန်းသည် နိုင်ငံတော်အတွက် အောင်မြင်သော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး စက်မှုကုန်ကြမ်းများ တိုးတက်ရရှိစေရေး၊ အသေးစား၊ အလတ်စား၊ အငယ်စား MSME စီးပွားရေးများကိုလည်း အထောက်အပံ့ပေးလျက်ရှိသည်။ ရော်ဘာစိုက်ပျိုးသူများမှာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ထောက်ပံ့သော မျိုးများကို စိုက်ပျိုးလျက်ရှိပြီး ၎င်းစိုက်ခင်းများမှ ထွက်ရှိမှု၊ ကြီးထွားမှု၊ ရောဂါဒဏ်ခံနိုင်မှုစသည့် အချက်အလက်များနှင့် ပေါင်းစပ်၍ မွန်ပြည်နယ်၏ ရေမြေ သဘာဝရာသီဥတုနှင့်ကိုက်ညီသော မျိုးများကိုသာ စိုက်ပျိုးကြသည်။

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ရော်ဘာအစေ့ ထုတ်ယူမှု၊ ရော်ဘာအပြား ပြုလုပ်ပုံနှင့် ဈေးကွက်အဆင့်ဆင့် ရရှိမှု၊ ဝင်ငွေရရှိမှုတို့အား တွေ့ဆုံမေးမြန်းခဲ့သည်။

ချောင်းဆုံမြို့နယ်ရှိခြံပိုင်ရှင်မှ ပြောကြားရာတွင် ရော်ဘာပင် လေးဧကတွင် အပင်ပေါင်း ၈၈၀ စိုက်ပျိုးထားပြီး ရော်ဘာခြံလုပ်ငန်းကို မိသားစု ငါးဦးဖြင့် လုပ်ကိုင်လျက်ရှိကြောင်း၊ ရော်ဘာအစေးကို ည ၁၂ နာရီမှ နံနက်အရုဏ်တက် ၄ နာရီထိ အစေး ခြစ်ပြီး ရော်ဘာအစေးခြစ်ကို လေးရက်ဆက်တိုက်ခြစ်၍ တစ်ရက်နားကြောင်း၊ နံနက် ၆ နာရီတွင် ရော်ဘာအစေးခွက်များမှ ရော်ဘာအစေးရည်များကို ရေပုံးကြီးသို့ထည့်၍ ပြန်လည်သိမ်းယူကြောင်း၊ ရော်ဘာအစေးများကို အပြားပြုလုပ်ကြောင်း၊ ပြုလုပ်ရာတွင် အစေးရည်ကို လောင်မီး (ဖောမစ်အက်စစ်)နှင့် ရောစပ်၍ ရော်ဘာပြား ပြုလုပ်မည့်ပုံစံခွက်သို့ အစေးလောင်းထည့်၍ အအေးခံရကြောင်း၊ အေးခဲသွားအောင် စောင့်ရပြီး အေးခဲရော်ဘာအစေးကို သံတုတ်ဖြင့်ဖိနှိပ်လိမ့်ပေးရကြောင်း၊ ပြီးနောက် စက်ဖြင့် ထပ်မံ ကြိတ်၍နှစ်ကြိမ်ကြိတ်၊ အကြမ်း တစ်ကြိမ်ကြိတ် ပြုလုပ်ရကြောင်း၊ ထို့နောက် ပြီးစီးသည့်ရော်ဘာပြားကို နေလှန်းပြီးမှ သိမ်းဆည်းရကြောင်း ခြံပိုင်ရှင်၏ ပြောကြားချက်အရ သိရသည်။

နေလှန်းပြီးရော်ဘာပြားကို အဝယ်ဒိုင်မှ အိမ်အရောက်လာရောက်ဝယ်ယူကြပြီး ယခုနှစ် ရော်ဘာတစ်ပေါင်လျှင် ကျပ် ၂၇၅၀ ဈေးပေါက်ကြောင်း သိရသည်။ ရော်ဘာပြားတစ်ပြားလျှင် လေးပေါင်အပြား ပြုလုပ်ထားခြင်းဖြစ်သည်။ ဝင်ငွေအနေဖြင့် တစ်ရက်လျှင် ရော်ဘာပြား( ၄ ပေါင်ရှိ အပြား ၁၀ ချပ်) ရရှိပြီး ကျပ် ၁၁၀၀၀၀ ရရှိသည်။ ရော်ဘာခြံသန့်ရှင်းမှုအနေဖြင့် ရော်ဘာပင်များမှ အရွက်ကြွေများကို သိမ်းဆည်း၍ အပင်အောက်ခြေတွင် စုပုံ၍ ရှင်းလင်းထားရသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရော်ဘာခြံအတွက် မြေသြဇာရရှိပြီး မီးဘေးအန္တရာယ်ကာကွယ်ရာတွင်လည်း အထောက်အကူဖြစ်စေသည်။

ဇန်နဝါရီလ နောက်ဆုံးပတ်သည် ရော်ဘာအရွက်ကြွေချိန်ဖြစ်သည်။ ၎င်းအချိန်တွင် အစေးခြစ်ခြင်းကို ရပ်နားထားရသည်။ အရွက်ကြွေပြီးနောက် ရွက်သစ်ထွက်ရှိသည့်အချိန်ကာလအားဖြင့် တစ်လခန့်ကြာသည်။ ယင်းတစ်လခန့်အကြာ အရွက်သစ်ထွက်ရှိပြီးမှ အစေးပြန်ခြစ်ယူရသည်။

ရော်ဘာလုပ်ငန်းလည်ပတ်မှုအနေဖြင့် မေလ ဒုတိယပတ်မှစ၍ မိုးရာသီချိန်ကုန်သည်အထိ ရော်ဘာအစေးမထွက်သည့် ကာလတွင် အစေးခြစ်ခြင်းကို ရပ်နားထားရကြောင်း ခြံရှင်၏ ပြောပြချက်အရ သိရသည်။

ရော်ဘာကို ပြည်တွင်းရောင်းဝယ်မှုပုံစံဖြင့် အထူပြားများ၊ ခွက်ကပ်၊ ဆွဲဖတ်များကို လုပ်သား စရိတ်လျှော့ချနိုင်ရေးအတွက် စက်ရုံများသို့ ပေးပို့ရောင်းဝယ်ကြသည်။ မွန်ပြည်နယ်ရှိ ရော်ဘာခြံအများစုမှာ မှိုင်းခံရုံမရ၍ ရော်ဘာကိုနေလှန်း အစိမ်းပြားအနေဖြင့်သာ ရောင်းချမှု များပြားသည်။ မှိုင်းခံရုံရှိသည့် ခြံအနည်းအကျဉ်းသာ ရော်ဘာကိုမှိုင်းခံ၍ မှိုင်းခံရော်ဘာအဖြစ် ရောင်းချကြသည်။ ပြည်တွင်းသုံးစွဲမှုအနေဖြင့် တာယာစက်ရုံ၊ ခရမ့်ရော်ဘာစက်ရုံ၊ သရေကွင်း၊ ပူဖောင်း၊ ဘောလုံး၊ ဖိနပ်လုပ်ငန်းများတွင် သုံးစွဲကြသည်။ ထို့အပြင် အစေးထုတ်လုပ်နိုင်မှု သက်တမ်းကျော်သည့် ရော်ဘာပင်စည်ကို ကြိတ်သားသစ်ပြားပြုလုပ်ခြင်း၊ ပရိဘောဂသုံးပြုလုပ်ခြင်း (ပစ္စည်းတင်စင်၊ ဘုရားကျောင်းဆောင်၊ စာအုပ်စင်၊ ဝတ်ရွတ်စင်၊ အဝတ်စင်၊ ဖိနပ်စင်၊ အဝတ်ဗီရို ၊ စာအုပ်ဗီရို၊ ခုတင်၊ ကုလားထိုင်၊ စားပွဲတင်ခုံ) ၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အဆောက်အအုံ ဆောက်လုပ်ရာ၌ အကြမ်းခံ ကျောက်ပုံးပြုလုပ်ရာတွင် အသုံးပြုသည့် သစ်သားချောင်း၊ သစ်သားပြားများ ပြုလုပ်ခြင်း၊ ယာယီဒေါက်တိုင်အဖြစ် အသုံးပြုရန် ပြုလုပ်ခြင်းနှင့် ထင်းသား/ ထင်းခြမ်း၊ လောင်စာတောင့်များအဖြစ်လည်း သုံးစွဲကြသည်။ ထို့ကြောင့် ရော်ဘာပင်သည် တစ်ပင်လုံး အသုံးဝင်ကာ နှစ်ရှည်ဝင်ငွေရရှိသဖြင့် ခြံပိုင်ရှင်များ အကျိုးအမြတ် ရရှိကြောင်း ရေးသားလိုက်ရပါသည်။

**စာမျက်နှာ(၂၂)မှအဆက်**

စားသုံးသူ များမှာလည်း နို့ဆီ၊ သကြား မလိုဘဲ အရသာကောင်းမွန်ပြီး အချိုဓာတ်ပါဝင်မှုများသည့် အကြွပ်မျိုးကိုသာ ပိုမိုကြိုက်နှစ်သက်ကြသည်။ ဒေသမျိုးရင်းမှာ အချဉ်ဓာတ် ပါဝင်မှုများပြား၍ ပြင်ဦးလွင်ဒေသထွက် ဒေသသီးများကို စတော်ဘယ်ရီဖျော်ရည်၊ စတော်ဘယ်ရီဝိုင်လုပ်ငန်း၊ ယိုလုပ်ငန်းများတွင် တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်တွင် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ပြည်တွင်းတွင် မျိုး၊ မြေ၊ နည်း ဟူသော စနစ်များဖြင့် အရည်အသွေးကောင်းသည့် မျိုး၊ ကောင်းမွန်သည့်မြေတွင်မြင့်မားသော နည်းပညာများဖြင့် စိုက်ပျိုးမှုကြောင့် အထွက်နှုန်းနှင့် အရည်အသွေးမြင့်မားလာသည်။ ပြင်ဦးလွင်ဒေသထွက် စတော်ဘယ်ရီ အသီးများကို ပြည်တွင်းတင်ပို့မှုအနေဖြင့်ရန်ကုန်၊ မန္တလေး နီးစပ်ရာ မြို့ကြီးများသို့ တင်ပို့ရောင်းချခြင်း၊ ဒေသတွင်းစားသုံးမှုနှင့် ခရီးသွား လက်ဆောင်အဖြစ် ဝယ်ယူသူများပြားခြင်းတို့ကြောင့် တောင်သူများ စီးပွားဖြစ်ထွန်းလျက်ရှိသည်။

ခရီးသွား ပြည်သူများအနေဖြင့်လည်း ပြင်ဦးလွင်မြို့ စတော်ဘယ်ရီခြံစိုက်ခင်းများတွင် ကိုယ်တိုင်ခူးယူ ဝယ်ယူနိုင်သကဲ့သို့ ပြင်ဦးလွင်မြို့၏ သဘာဝအလှများကို ခံစားနိုင်ရန်အတွက် အလည်လာရန် ဖိတ်ခေါ်လိုက်ရပါသည်။

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၃ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းတိုင်ကြားနိုင်ပါသည်-

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး
ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။
ဖုန်း - ၀၆၇(၃)၄၀၈၅၀၅
အီးမေးလ် - mmcc.office@commerce.gov.mm

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါ်နခြံရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# မလေးရှား စားအုန်းဆီဈေးနှုန်းများ မြင့်တက်မည်ဟု ရိုက်တာစစ်တမ်းက ဖော်ပြ

စားအုန်းဆီ အများဆုံးထုတ်လုပ်သည့် အင်ဒိုနီးရှားသည် စားအုန်းဆီကို အချိုးကျရောနှော အသုံးပြုသည့် ဇီဝဒီဇယ်အသုံးပြုမှုအား မြှင့်တင်ထားသောကြောင့် မလေးရှားစားအုန်းဆီကြမ်း (CPO) ၏ အနာဂတ်အလားအလာမှာ ၂၀၂၅ ခုနှစ်တွင် ပျမ်းမျှ အားဖြင့် ဈေးနှုန်း ပိုမိုမြင့်တက်လာမည်ဟု စစ်တမ်းကောက်ယူမှုအရ သိရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြထားသည်။

စားအုန်းဆီ တစ်တန်၏ ပျမ်းမျှဈေးနှုန်းသည် ယခုနှစ်တွင် ရင်းဂစ် ၄၃၅၀ (အမေရိကန် ဒေါ်လာ ၉၇၂ ဒသမ ၀၇) ရှိပြီး ၂၀၂၄ ခုနှစ်၌ ဖြစ်ပေါ်ခဲ့သောဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ၅ဒသမ၄ ရာခိုင်နှုန်း မြင့်တက်လာမည်ဟု ကုန်သည်များ၊ လေ့လာသုံး သပ်သူများနှင့် စားအုန်းဆီနယ်ပယ်၌ လုပ်ငန်း ပါဝင်ဆောင်ရွက်သူ ၁၁ ဦး၏ ပျမ်းမျှခန့်မှန်းချက်အရ သိရှိရကြောင်း ရိုက်တာက ရေးသားဖော်ပြသည်။

ဆိုးရွားသော ရာသီဥတုက ရောင်းလိုအားကို အနှောင့်အယှက်ဖြစ်စေသောကြောင့် ၂၀၂၄ ခုနှစ်တွင် စားအုန်းဆီကြမ်း ဈေးကွက်အပိတ် ပျမ်းမျှဈေးနှုန်းသည် တစ်တန်လျှင် ၄၁၂၈ ရင်းဂစ် ဖြင့် ယခင်နှစ်ထက် ၈ဒသမ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် နှစ် နှစ်ခွဲတာ ကာလအတွင်း အမြင့်ဆုံး ဈေးနှုန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အင်ဒိုနီးရှား၌ စားအုန်းဆီ ၄၀ ရာခိုင်နှုန်း ရောနှောအသုံးပြုမည့် ဇီဝဒီဇယ် (B40) အစီအစဉ်ကို ခွင့်ပြုခဲ့ပါက ပြည်ပသို့စားအုန်းဆီတင်ပို့နိုင်မှုကို လျော့ကျသွားစေမည်ဖြစ်ပြီး ရလဒ်အနေဖြင့် မလေးရှားစားအုန်းဆီ တင်ပို့မှုကို ပိုမိုအားကောင်းလာစေနိုင်ကြောင်း မွမ်ဘိုင်းအခြေစိုက် စားသုံး ဆီလုပ်ငန်းတစ်ခုဖြစ်သော Sunvin Group မှ သုတေသနအကြီးအကဲ Mr. Anilkumar Bagani က ပြောကြားခဲ့သည်။

အင်ဒိုနီးရှား၏ ဇီဝဒီဇယ်၌ စားအုန်းဆီအချိုးကျရောနှော အသုံးပြုမှုကို ၂၀၂၅ ခုနှစ်တွင် ၄၀ ရာခိုင်နှုန်းအထိ တိုးမြှင့်မည့် အစီအစဉ်သည် စားအုန်းဆီကြမ်း တန်ချိန် ၁ ဒသမ ၂ သန်းမှ ၁ ဒသမ ၇ သန်းအထိ ထပ်မံလိုအပ်မည်ဖြစ်သည်ဟု မလေးရှား စားအုန်းဆီအသင်းမှ အမှုဆောင်အရာရှိချုပ် Mr. Roslin Azmy Hassan က ပြောကြားခဲ့ သည်။ အရှေ့တောင် အာရှဒေသတွင် ဆိုးရွားသည့် ရာသီဥတုနှင့် ရင်ဆိုင်ကြုံတွေ့ရမှုကြောင့် အင်ဒိုနီးရှား၏ စားအုန်းဆီတင်ပို့မှုကို လျော့ကျစေပြီး ဈေးနှုန်းမြင့်တက်မှုကို အထောက်အကူဖြစ်စေလျက်ရှိကြောင်း၊ ထို့အပြင် အင်ဒိုနီးရှားသည် ဇီဝဒီဇယ်မူဝါဒကို အထောက်အပံ့ဖြစ်ရန် ပို့ကုန်အခွန်တိုးမြှင့် ကောက်ခံမည်ဆိုပါက စားအုန်းဆီဈေးနှုန်းကို ထပ်မံတိုးမြှင့်စေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဇီဝဒီဇယ်သုံးစွဲမှု အစီအစဉ်ကို ဘဏ္ဍာငွေ ထောက်ပံ့ပေးနိုင်ရန်အတွက် စားအုန်းဆီကြမ်းတင်ပို့မှုအပေါ် အခွန်စည်းကြပ်မှုအား ၇ ဒသမ ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ရန်စီစဉ်နေသော်လည်း နည်းဥပဒေတစ်ရပ်ချမှတ်ရန် လိုအပ်နေသေးကြောင်း အင်ဒိုနီးရှား တာဝန်ရှိသူများက ပြော ကြားခဲ့သည်။

တောင်အမေရိကမှ ပဲပုပ်ဆီများ၏ ရောင်းလိုအား မြင့်မားလာခြင်းသည် စားအုန်းဆီ ဈေးနှုန်းမြင့်တက်မှုကို ထိန်းချုပ်ဖွယ်ရှိကြောင်း နယူးဒေလီအခြေစိုက် ကုန်သည်တစ်ဦးက ပြောဆိုသည်။ ၂၀၂၅ ခုနှစ်တွင် အင်ဒိုနီးရှားနှင့် မလေးရှားတို့မှ စားအုန်းဆီ အထွက်ပမာဏ အနည်းငယ်တက်လာမည်ဟု မျှော်လင့်ရကြောင်း၊ အင်ဒိုနီးရှား၏ ထုတ်လုပ်မှုသည် ယခင်နှစ်ကထက် ၁ ဒသမ ၉ ရာခိုင်နှုန်း ပိုမိုလျက် ၂၀၂၅ ခုနှစ်တွင် တန်ချိန် ၄၉ ဒသမ ၈ သန်းအထိ တိုးတက်လာမည်ဟု စစ်တမ်းအရ ခန့်မှန်းထားကြောင်း သိရှိရသည်။

ကမ္ဘာ့ဒုတိယအများဆုံး စားအုန်းဆီ ထုတ်လုပ်သည့် မလေးရှားနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် စားအုန်းဆီတန်ချိန် ၁၉ဒသမ၅ သန်း ထုတ်လုပ်မည်ဟု ခန့်မှန်းထားပြီး ယခင်နှစ်ထက် သုညဒသမ ၈၃ ရာခိုင်နှုန်း တိုးတက်လာနိုင်ကြောင်းနှင့် ၂၀၁၉ ခုနှစ်နောက်ပိုင်း ထုတ်လုပ်မှုအများဆုံးနှစ်ဟု ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

ဆိုးရွားသော ရာသီဥတု၊ လုပ်သားရှားပါးမှုနှင့် ဆီအုန်းပြန်လည်စိုက်ပျိုးမှုနည်းပါးခြင်းတို့က မလေးရှားနိုင်ငံ၏ စားအုန်းဆီအထွက်နှုန်းတိုးတက်မှုအလားအလာအပေါ် သက်ရောက်ဆဲဖြစ်သည်ဟု စားအုန်းဆီလုပ်ငန်းဆိုင်ရာ အစိုးရ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း ရိုက်တာစစ်တမ်းအရ ရေးသားဖော်ပြလိုက်ပါသည်။

**Source: Reuters, D Thi, DOCA**

# ပဲစင်းငုံ လွတ်လပ်စွာ တင်သွင်းခွင့်အား ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်အထိ အိန္ဒိယအစိုးရ တိုးမြှင့်

အိန္ဒိယနိုင်ငံတွင် ပဲစင်းငုံများအား အကောက်ခွန်လွတ်တင်သွင်းခွင့်ကို ယခင်က ၂၀၂၅ ခုနှစ် မတ် ၃၁ ရက်အထိ ခွင့်ပြုထားရာမှ ယခုအခါ ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်အထိ သက်တမ်း တိုးမြှင့်လိုက်ကြောင်း ပြည်ပကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန (DGFT) က ဇန်နဝါရီ ၂၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ဖော်ပြခဲ့သည်။

အိန္ဒိယပြည်တွင်း၌ ပဲစင်းငုံ အဓိကစိုက်ပျိုးရာ ပြည်နယ်များဖြစ်သော ကာနာတကာနှင့် မဟာရဌတို့တွင် လက်ရှိအချိန်ကာလအထိ ရိတ်သိမ်းမှုလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်သည်။ သီးနှံအသစ်များ ဈေးကွက်ဝင်ရောက်လာမှုနှင့်အတူ ကုန်အဝယ်ဒိုင်များ၌ ပဲစင်းငုံဈေးနှုန်းများမှာ ကျဆင်းလျက်ရှိပြီး ၂၀၂၄ ခုနှစ် မိုးသီးနှံများ ဈေးကွက်တင်ရောင်းဝယ်မှုရာသီအတွက် အစိုးရက ထုတ်ပြန်ထားသည့် အနိမ့်ဆုံးအခြေခံရည်ညွှန်းဈေးနှုန်း သတ်မှတ်ချက် ၁ ကွမ်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၇၅၅၀ နှုန်း အောက်၌ အရောင်းအဝယ်ဖြစ်ပေါ်လျက်ရှိသည်။

အစိုးရ၏ ပထမအကြိမ် ကနဦးခန့်မှန်းချက်အရ ယခုသီးနှံရာသီ၌ ပဲစင်းငုံထုတ်လုပ်မှုမှာ ယခင်နှစ်ထွက်ရှိခဲ့သော တန်ချိန် ၃၄ ဒသမ၁၇ သိန်းထက် ၂ဒသမ၅ ရာခိုင်နှုန်း ပိုမိုလျက် တန်ချိန် ၃၅ ဒသမ၀၂ သိန်းခန့် ထွက်ရှိနိုင်ကြောင်း သိရှိရသည်။

ယခင်နှစ်တွင် ပဲစင်းငုံ၊ မတ်ပဲနှင့် ကုလားပဲတို့ကဲ့သို့သော ပဲမျိုးများ ထုတ်လုပ်မှုကျဆင်းခဲ့ခြင်းကြောင့် ဈေးနှုန်းများ မြင့်တက်မှု ဖြစ်ပေါ်ခဲ့သည်။ ပြည်တွင်း၌ ကုန်စည်ရရှိရန်လွယ်ကူမှုကို မြှင့်တင်ရန်အတွက် အစိုးရသည် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲနီလေးတို့အား အကောက်ခွန်ကင်းလွတ် လျက် တင်သွင်းခွင့်ကို ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်အထိ ခွင့်ပြုထားခဲ့သည်။ ပဲစင်းငုံ တင်သွင်းခွင့် မူဝါဒအား ယခုနောက်ဆုံးအကြိမ် ပြင်ဆင်မှုက ပြည်တွင်းဈေးကွက်အတွင်း ကုန်စည်ပေးသွင်းမှုကို ပိုမိုတိုးတက်စေမည်ဖြစ်သည်။

အစိုးရအနေဖြင့် ပဲမျိုးစုံဈေးနှုန်းများ မြင့်တက်ခဲ့မှုအပေါ် အနီးကပ်စောင့်ကြည့်ကြပ်မတ်လျက် စားသုံးသူများ ဈေးနှုန်း သက်သာစွာဖြင့် ဝယ်ယူနိုင်ရေးနှင့် ဈေးနှုန်းများ တည်ငြိမ်မှုထိန်းသိမ်းရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ ရာသီဥတုကောင်းမွန်မှုနှင့် စိုက်ပျိုးရန် သင့်လျော်သည့် မြေအစိုဓာတ်ရရှိမှုတို့အရ ကုလားပဲနှင့် ပဲနီလေးတို့အား စိုက်ပျိုးထားရှိမှုမှာ ကောင်းမွန်သည့် အနေအထားရှိပြီး အထွက်တိုးတက်မည်ဟု မျှော်လင့်ရကြောင်း အိန္ဒိယ စားနပ်ရိက္ခာရေးရာဝန်ကြီးဌာနက မကြာသေးမီက ပြောကြားထားသည်။

အစိုးရကခွင့်ပြုထားသည့် စားတော်ပဲဝါများ အကောက်ခွန်လွတ် တင်သွင်းခွင့်ကာလသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ကုလားပဲအား အကောက်ခွန်လွတ် တင်သွင်းခွင့်မှာမူ ၂၀၂၅ ခုနှစ် မတ် ၃၁ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

လက်လီဈေးကွက်အတွင်း ပဲခွဲခြမ်းများ၏ ဈေးနှုန်းများအပေါ် တိုက်ရိုက်သက်ရောက်မှု ရှိစေရေးအတွက် အစိုးရသည် ဘာရတ်အမှတ်တံဆိပ် (Bharat brand) ဖြင့် ကုလားပဲ၊ ပဲတီစိမ်းနှင့် ပဲနီလေးတို့အား ရောင်းချပေးခြင်းကို ဆက်လက်လုပ်ဆောင်လျက်ရှိပြီး အိန္ဒိယ လက်လီရောင်းချသူများအသင်း၊ လက်လီအရောင်းကွင်းဆက် လုပ်ကိုင်သူများနှင့် ပုံမှန် တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ စီမံဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ခြင်းကြောင့် ပဲမျိုးစုံ၏ စားသုံးသူဈေးဆနှုန်းကိန်း ဖောင်းပွမှုသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ၁၉ ဒသမ ၅၄ ရာခိုင်နှုန်းရှိရာမှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ၃ ဒသမ ၈၃ ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့သည်ဟု အစိုးရက မကြာသေးမီကာလအတွင်း ထုတ်ဖော်ပြောကြားထားခဲ့သည်။

**Source: The Hindu Business Line**

**UNAL, DOCA**

# ၂၀၂၅ ခုနှစ်တွင် ခရီးသွားကဏ္ဍမှတစ်ဆင့် ဘတ် ၃ ထရီလီယံရရှိရန် ထိုင်းခရီးသွားအာဏာပိုင်အဖွဲ့ ရည်မှန်း

အရှေ့တောင်အာရှ၊ အိန္ဒိယနှင့် ရုရှား အစရှိသည့် တိုးတက်လာသည့် ဈေးကွက်များကြောင့် ထိုင်းနိုင်ငံခရီးသွားအာဏာပိုင်အဖွဲ့ (TAT) သည် ယခုနှစ်တွင် ခရီးသွားကဏ္ဍမှတစ်ဆင့် ဝင်ငွေ ဘတ် ၃ ထရီလီယံရရှိရန်ခန့်မှန်းထားကြောင်း ဇန်နဝါရီလ ၂၂ ရက်က ထုတ်ပြန်ချက်အရ သိရသည်။ TAT ၏ အုပ်ချုပ်ရေးမှူး Thapanee Kiatphaibool က ဘတ် ၂ ထရီလီယံကို ပြည်ပခရီးသွား ၃၉-၄၀ သန်းထံမှ ရရှိပြီး ဘတ် ၁ ထရီလီယံအား ပြည်တွင်းခရီးစဉ် ၂၀၀-၂၂၀ သန်းထံမှ ရရှိရန် မျှော်လင့်ရကြောင်း ပြောကြားခဲ့သည်။

ထိုအလားအလာရှိသည့် ဈေးကွက်များတွင် စုစုပေါင်း လည်ပတ်မှု၏ ၃၀ ရာခိုင်နှုန်းရှိသည့် အရှေ့တောင်အာရှ အထူးသဖြင့် မလေးရှားနှင့် အင်ဒိုနီးရှားတို့ ပါဝင်ကြောင်း သိရသည်။ ၂၀၂၄ ခုနှစ်တွင် ထိုင်းနိုင်ငံသည် မလေးရှားခရီးသွား စံချိန်တင် ၄ ဒသမ ၉ သန်း ရရှိခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် TAT သည် မလေးရှားနှင့် ထိုင်းနိုင်ငံတို့အား လေယာဉ်နှင့် ကုန်းလမ်းခရီးဖြင့် လာရောက်သည့် နည်းလမ်းအပြင် ရထားနှင့် သင်္ဘောတို့ဖြင့် ခရီးသွားလာမှုကို မြှင့်တင်ရန် စီစဉ်နေကြောင်း သိရသည်။ Bangkok-Johor Bahru အစရှိသည့် တိုက်ရိုက်လေကြောင်းလိုင်းသစ်များသည် မလေးရှား ဈေးကွက်အား ပိုမိုအားကောင်းစေနိုင်ကြောင်း Ms Thapanee ကပြောကြားခဲ့သည်။ အင်ဒိုနီးရှားသည်လည်း ၎င်းတို့၏ များပြားသည့် လူဦးရေ သန်း ၂၇၀ ကြောင့် အလားအလာရှိသည့် အခြားဈေးကွက်တစ်ခုဖြစ်ကြောင်း သိရသည်။ ၂၀၂၄ ခုနှစ်က ပထမဆုံးအနေဖြင့် လာရောက်လည်ပတ်မှု တစ်သန်းကျော်ခဲ့သည့် ထိုင်ဝမ်နှင့် ၂၀၂၄ ခုနှစ်က လည်ပတ်မှု ၁ ဒသမ ၈ သန်းကျော်ခဲ့ပြီး ယခုနှစ်တွင် နှစ်သန်းကျော် လာရောက်လည်ပတ်နိုင်သည့် တောင်ကိုရီးယားနိုင်ငံတို့ ပါဝင်သည်။ အေဂျင်စီသည် နှစ်နိုင်ငံကြားလေကြောင်းလိုင်းများ များပြားလာမှုကြောင့် အိန္ဒိယနိုင်ငံထံမှ ခရီးသွား ၂ ဒသမ ၃-၂ ဒသမ ၅ သန်း လာရောက်လည်ပတ်ရန် ရည်မှန်းထားကြောင်းလည်း သိရသည်။ ၂၀၂၄ ခုနှစ်က လည်ပတ်မှု ၁ ဒသမ ၇ သန်းရှိခဲ့သည့် ရုရှားမှာ ဥရောပမှ အဓိကထိပ်တန်းဈေးကွက်တစ်ခုဖြစ်ပြီး ယခုနှစ်တွင် ၁၀ ရာခိုင်နှုန်း မြင့်တက်ရန် မျှော်လင့်ရကြောင်း သိရသည်။

၂၀ ရာခိုင်နှုန်းကျော်ထိ ကြီးထွားလာနိုင်သည့် အခြားဈေးကွက်များမှာ အရှေ့အလယ်ပိုင်းဒေသနှင့် ကာဇက်စတန်နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။ သို့သော် သဘာဝဘေးအန္တရာယ်များနှင့် ပထဝီနိုင်ငံရေးကိစ္စရပ်များ ပါဝင်သည့် ထိန်းချုပ်၍ မရသည့် အကြောင်းအရာများနှင့် စိန်ခေါ်မှုများ ရှိနေသေးကြောင်း သိရသည်။ TAT သည် မတ်လတွင် ဥရောပ၏ အကြီးဆုံးခရီးသွားပြပွဲများထဲမှ တစ်ခုဖြစ်သည့် ITB Berlin 2025 တွင် ပါဝင်ရန် စီစဉ်ထားကြောင်း သိရသည်။

ယခုနှစ်တွင် TAT သည် ဥရောပဈေးကွက် မထိုးဖောက်ဖူးသည့် ခရီးသွားလုပ်ငန်းရှင် ၂၀ ကို ဈေးကွက်မဟာဗျူဟာများ လေ့ကျင့်သင်ကြားပေးကာ ITB တွင် Booth ငှားခပေးစရာမလိုဘဲ ပထမဆုံးအနေနှင့် ပါဝင်ဆင်နွဲရန် ဖိတ်ခေါ်ရန်အလိုရှိကြောင်း သိရသည်။

**Bangkok Post**

**မြသူ (DOCA-YGN)**

# အရေးကြီးဝန်ဆောင်မှု Online Sales နှင့် စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

**ဒေါက်တာသရဖီထွန်း(ရောဝတီ)**

ယခင်က လူသားများသည် ငွေကြေးများ သတ်မှတ်သုံးစွဲမှု ပုံစံမရှိသေးသည့်အတွက် (၁၉)ရာစုလောက်မှစတင်၍ ကုန်စည်များကို ဖလှယ်၍ သုံးစွဲသည့်စနစ်အား စတင်အသုံးပြုလာကြသည်။ ယင်း နောက်ပိုင်းတွင် ငွေကြေးသုံးစွဲမှုများရှိလာသည့်အခါ ကုန်စည်များကို သတ်မှတ်ငွေကြေးများဖြင့် မျက်မြင် စိတ်ကြိုက်ရွေးချယ်ပြီး ဝယ်ယူ လာကြပြန်သည်။ ယင်းကဲ့သို့သော အခြေအနေများ ထွန်းကားလာ သည့်အလျောက် ဈေးကြီးများ၊ Super Market များနှင့် Shopping center များမှာလည်း ကမ္ဘာအနှံ့ ခေတ်မီစွာ ပေါ်ထွက်လာခဲ့သည်။ သို့သော် ၂၀၁၉ ခုနှစ် မှစ၍ ကမ္ဘာ့နေရာအနှံ့ ဖြစ်ပွားနေသော ကိုဗစ် (၁၉)ကပ်ရောဂါကြောင့် အများ ပြည်သူတို့အကြား တစ်ဦးနှင့်တစ်ဦး ခပ်ဝေးဝေး နေထိုင်ကြရသည့် ဖြစ်စဉ်များကြောင့် အီလက်ထရွန်နစ် ကုန်သွယ်ရေး (E-Commerce) လုပ်ငန်းများ၊ အွန်လိုင်းဈေးဝယ် လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

အလားတူပင် မြန်မာနိုင်ငံ၌လည်း ကိုဗစ်ကာလတွင် Online မှတစ်ဆင့် ဈေးရောင်းဝယ်မှုလုပ်ငန်းများ မြင့်တက်လာခဲ့ကြောင်း သိရသည်။ ကိုဗစ်ကာလအတွင်း အလုပ်အကိုင် ရပ်နားထားရမှု အခြေအနေများကြောင့် အနုပညာရှင်အချို့ပင် Online ရောင်းဝယ် ရေးဈေးကွက် အခြေအနေသို့ရောက်ရှိလာသကဲ့သို့ Online ပေါ်တွင် အသေးအမွှားကုန်စည်များသာမက တန်ဖိုးကြီး စိန်ရွှေရတနာများ အထိ ရောင်းချမှုများ ဆောင်ရွက်လာကြသည်ကို တွေ့ရှိရသည်။

ယခုကဲ့သို့ Online Sales ရောင်းဝယ်မှုများ တိုးတက်လာသည့် အခြေအနေတွင်စားသုံးသူများ၏ လိုလားချက်အပေါ် မူတည်၍ Online ပေါ်တွင် လိမ်လည်မှုများ ပေါ်များသည်။ ဥပမာ Online ပေါ်တွင် လိပ်စာနှင့် ဖုန်းနံပါတ်များ အတိအကျ ဖော်ပြထားခြင်းမရှိ သည့် Facebook Page အတုများဖြင့် ဈေးရောင်းချပြီး ငွေကြိုလွှဲခိုင်း ခြင်း၊ ငွေလွှဲရရှိပြီးပါက Block သွားခြင်း (သို့မဟုတ်) အဆက်အသွယ် ဖြတ်တောက်လိုက်ခြင်း၊ နောက်တစ်မျိုးမှာ မိမိရောင်းချနေသည့် Online Page သည် နာမည်ကြီးလူကြိုက်များလာပါက မိမိဈေးရောင်း ချနေသည့် Online Account သို့မဟုတ် Facebook Page တို့အား မသမာသူတို့က အတုပြုလုပ်၍ စားသုံးသူများထံ ငွေကြေးလိမ်လည်မှု များ ရယူဆောင်ရွက်နေခြင်း၊ နောက်ထပ်မတူညီသည့် လိမ်လည် နည်း တစ်မျိုးမှာတော့ Online ပေါ်တွင် Post တင်၍ ရောင်းချသော ပစ္စည်းနှင့် အမှန်တကယ်ရောက်ရှိလာသည့် ပစ္စည်းများမှာ မတူညီဘဲ အရည်အသွေး နိမ့်နေသည့် ပစ္စည်းများကို စားသုံးသူထံပေးပို့၍ လိမ် လည်ရောင်းချနေခြင်းမျိုးဖြစ်သည်။ နောက်ဆုံး လိမ်လည်မှုတစ်မျိုး မှာ ပို၍အရေးကြီးသည်ဟု ဆိုနိုင်သည်။ တားမြစ်ထားသော ကုန်စည် များ၊ ဆေးဝါးများနှင့် အလှကုန်များအား လိပ်စာနှင့် ဖုန်းနံပါတ်များ မပါရှိသည့် Page အတု များဖြင့် လိမ်လည် ရောင်းချနေခြင်းတို့ကြောင့် စားသုံးသူအချို့မှာ အသက်ဆုံးရှုံးရသည့် အခြေအနေမျိုးများပါ ရင်ဆိုင်လာရခြင်းမျိုးရှိလာသည်။ ဥပမာ Page အတု တစ်ခုသည် ကိုယ်ဝန်ဖျက်ချဆေးများအား တရားဝင် အသိအမှတ်ပြုဆေးသဖွယ် ကြော်ငြာအား ကောင်းကောင်းဖြင့် ရောင်းချခဲ့ပြီး အဆိုပါဆေးကို မသိနားမလည်ဘဲ သုံးစွဲခဲ့သည့် အမျိုးသမီးမှာ အသက်ဆုံးရှုံးခဲ့ရသည့် ဖြစ်စဉ်မျိုးဖြစ်ပေါ်ခဲ့ပြီး ယင်းအခြေအနေကို စာရေးသူကိုယ်တိုင်နှင့် သက်ဆိုင်ရာ FDA ၏ Online စောင့်ကြည့်ရေး Team တို့ဖြင့်ပူးပေါင်း ၍ နောက်ကြောင်းပြန်ခြေရာခံ စုံစမ်းဖော်ထုတ်ခြင်းများကို ဆောင် ရွက်ခဲ့ရသည်။ ထိုအခြေအနေမျိုးတွင် နောက်ကြောင်းပြန် ခြေရာခံ လိုက်ရန် ခက်ခဲခဲ့သည်။

လိမ်လည်သူများသည် လိမ်လည်မှု ဆောင်ရွက်ရန်အတွက် တမင်ရည်ရွယ်ချက်ရှိရှိဖြင့် Facebook Page နှင့် Account များအား ဖွင့်လှစ်ထားခြင်းကြောင့် ၎င်းတို့အားခြေရာခံနိုင်သည့် လိပ်စာ၊ ဖုန်း နံပါတ် အပါအဝင် အခြားသော အချက်အလက်များ အားလုံးကို ဖျောက်ထားခြင်း (သို့မဟုတ်) ဖော်ပြထားမှု မရှိခြင်းကြောင့် ဖြစ် သည်။ ထို့အပြင် ၎င်းတို့၏ Page နှင့် Account အတုများအား အလွယ်တကူ ခြေရာမခံနိုင်စေရန်အတွက် ပုံစံတူ Page နှင့် Account အတုများစွာကိုလည်း ဖွင့်လှစ်ထားတတ်ကြသေးသည်။

အဆိုပါ အခြေအနေများကို ထိန်းချုပ်နိုင်ရန်အတွက် စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် Online Sales ရောင်းဝယ်မှုများကို အရေးကြီးဝန်ဆောင်မှုအဖြစ် အမိန့်ကြော်ငြာစာ အမှတ် (၅၀/၂၀၂၃)ဖြင့် သတ်မှတ်ကြေညာခဲ့ခြင်းဖြစ်သည်။ အွန်လိုင်း စနစ်ဖြင့်ရောင်းဝယ်ခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ အမိန့်ကြော် ငြာစာနှင့် အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ခွင့်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကုန်သွယ်ရေးဦးစီးဌာနအား အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၃)ဖြင့် အာဏာအပ်နှင်းထား သည့်အတွက် ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် Online မှတစ်ဆင့် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်သည့် E-Commerce Registration Syatem (eComReg System) အားတည်ထောင်၍ http://www.ecomreg.gov.mm မှ တစ်ဆင့် ဝင်ရောက်၍ Online Sales ရောင်း ဝယ်မှု လုပ်ငန်းများ မှတ်ပုံတင်နိုင်အောင် ဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် Online အသုံးပြု၍ ဆောင်ရွက်ရသည့် Social media များဖြစ်သည့် Facebook Page၊ Youtube၊ Wechat၊ Line၊ Whatsapp၊ Tiktok၊ Instagram တို့အပြင် Mobile application၊ website တို့မှ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများကို မြန်မာနိုင်ငံအတွင်း နေထိုင်သူများကို ဦးတည်ရောင်းချနေသည့် မည်သည့် စီးပွားရေးလုပ်ငန်းမဆို Online Sales မှတ်ပုံတင်ခြင်း လုပ်ငန်းကို မဖြစ်မနေလုပ်ဆောင်ရန်ဖြစ်သည်။ ထို့အပြင် မိမိကိုယ် ပိုင် ထုတ်လုပ်သည့် ကုန်ပစ္စည်းကိုသော် လည်းကောင်း၊ ကြော်ငြာရှင် များ လာရောက်အပ်နှံထားသည့် ကုန်စည်များကိုသော်လည်းကောင်း မိမိတို့ ဖွင့်လှစ်ထားသော Social media Account များမှတစ်ဆင့် ကြော်ငြာခြင်းများ ဆောင်ရွက်နေသည့် Influencer များ အနေဖြင့် လည်း Online Sales မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ထားရမှာဖြစ် သည်။ Online Sales လုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းရှင် များအနေဖြင့် မှတ်ပုံတင်ထားခြင်းမရှိဘဲ ရောင်းချနေပါက အရေး ကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေအရ အရေးယူ ဆောင်ရွက် ခံရမည်ဖြစ်သည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သည် "အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်ဆိုင်ရာ အမိန့်"ကို အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၃)ဖြင့် ထုတ်ပြန်ခဲ့ သည်။ အဆိုပါ အမိန့်ကြော်ငြာစာ၏ အခန်း(၃) အပိုဒ် ၇(ခ)တွင် "မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ကုန်သွယ် ရေးဦးစီးဌာနသည် စားသုံးသူရေးရာဦးစီးဌာနနှင့် ညှိနှိုင်း၍ မြေပြင် အခြေအနေ စစ်ဆေးခြင်းများကို ဆောင်ရွက်ရမည်"ဟု ဖော်ပြထား သည့်အတွက် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် မှတ်ပုံတင်ထား သည့် အချက်အလက်များသည် မြေပြင်တွင် မှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ရှိလာသည်။

ထို့ကြောင့် ကုန်သွယ်ရေးဦးစီးဌာန အနေဖြင့်လည်း "အွန် လိုင်းစနစ်ဖြင့်ရောင်းချခြင်း လုပ်ငန်းမှတ်ပုံတင်လက်မှတ် စိစစ် ထုတ်ပေးခြင်း၊ မြေပြင်စစ်ဆေးခြင်းနှင့် အရေးယူခြင်း ကိစ္စရပ်များ နှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်(SOP)" ကိုလည်း ရေးဆွဲပြဋ္ဌာန်းလိုက် သည်။

အဆိုပါ အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၃) ၏ အခန်း(၃) အပိုဒ်၇(ခ) နှင့် SOP တို့တွင် ဖော်ပြထားသော တာဝန်များအရ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် Online Sales လုပ်ငန်းများနှင့် ပတ်သက်၍ အဓိက တာဝန်ကြီး(၃)ရပ်ကို ဆောင်ရွက်ရသည်။

ပထမတာဝန်တစ်ရပ်မှာ စီးပွားရေးလုပ်ငန်းရှင်များက ၎င်း တို့ရောင်းချလုပ်ကိုင်မည့် Online Sales လုပ်ငန်းများအား eComReg System မှတစ်ဆင့် မှတ်ပုံတင်လျှောက်ထားသည့် အချက်အလက် များကို မြေပြင်မှန်ကန် မှုရှိ၊ မရှိ နှင့် ၎င်းတို့ ရောင်းချနေသည့် ကုန် စည်များတွင် ကုန်အညွှန်းအမှတ်အသား ပြည့်စုံခြင်း ရှိ/မရှိ ကိုပါ တစ်ပါတည်း စုံစမ်းစစ်ဆေးပြီး အချက်အလက်များကို eComReg System ထဲသို့ Data များပေးပို့ရသော တာဝန်ဖြစ်သည်။ စားသုံးသူ ရေးရာဦးစီးဌာနက စစ်ဆေးရေးအရာရှိများက မြေပြင်ကွင်းဆင်းစစ် ဆေးပြီး ပေးပို့လိုက်သည့် အဆိုပါ အချက်အလက်များကို စစ်ဆေး ပြီးမှသာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း(သို့မဟုတ်) မှတ်ပုံတင် လက်မှတ် လျှောက်ထားခြင်းအား ပယ်ချခြင်း စသည့်လုပ်ဆောင်ချက် များကို ကုန်သွယ်ရေးဦးစီးဌာနက ဆက်လက်ဆောင်ရွက်ရ မည်ဖြစ် သည်။

> မှတ်ပုံတင် လက်မှတ်မရှိဘဲ လုပ်ငန်း ဆောင်ရွက်နေသည်ကို တွေ့ရှိရပါက အဆိုပါ လုပ်ငန်းရှင်အား စားသုံးသူရေးရာဦးစီးဌာနမှ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဒုတိယတာဝန်တစ်ရပ်မှာ Online Sale မှတ်ပုံတင်လက် မှတ်ရရှိပြီးသား စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်မည့် တာဝန်များ ပျက်ကွက်ခြင်း ရှိ/မရှိကို စစ်ဆေးရခြင်း ဖြစ်သည်။ ထို အပိုင်းကလည်း အရေးကြီးသည်ဟု ဆိုနိုင်သည်။ မှတ်ပုံတင်လက် မှတ်ရရှိထားသူ၏ရောင်းချနေသည့် ကုန်စည်/ဝန်ဆောင်မှုအပေါ် တာဝန်ယူဖြေရှင်း နိုင်ခြင်း ရှိ/မရှိ၊ အရောင်းပြေစာပေးအပ်ခြင်း ရှိ/မရှိ၊ မှတ်ပုံတင် လျှောက်ထားစဉ်ကမပါသည့် ကုန်စည်များကို ရောင်းချနေခြင်းမျိုး ရှိ/မရှိ၊ ငွေပေးချေသည့် နည်းလမ်း(သို့) ကုန် စည်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များအား ရှင်းလင်း စွာ ဖော်ပြထားခြင်းရှိ/မရှိ၊ ကုန်ပစ္စည်းကိုဝယ်ယူသွားပြီး နောက်ပိုင်း တွင် စားသုံးသူမှ မနှစ်သက်ပါက ပြန်လည်အပ်နှံနိုင်သည့်အချိန်ကာလ (သို့မဟုတ်)ဖြေရှင်းရမည့် နည်းလမ်းများအား ဖော်ပြထားခြင်း ရှိ/မရှိ၊ မှတ်ပုံတင်လက်မှတ်အား အခြားသူများထံသို့ ထပ်ဆင့် လွှဲအပ်ထားခြင်း ရှိ/ မရှိ၊ စားသုံးသူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက် အလက်များအား ထိန်းသိမ်းထားမှု ရှိ/မရှိ နှင့် အခြားဌာနဆိုင်ရာ များမှ သတ်မှတ်ထားသော စည်းကမ်းသတ်မှတ်ချက်များအား လိုက် နာခြင်းရှိ/မရှိ၊ ကုန် ပစ္စည်းနှင့်ပတ်သက်၍ အငြင်းပွားမှု ဖြစ်ပွားပါ ကလည်း တာဝန်ယူမှုနှင့် တာဝန်ခံမှု ရှိ/မရှိစသည့် အချက်အလက် များကိုလည်း စစ်ဆေး ဆောင်ရွက်ရသည်။

ထိုအချက်အလက်များကို ကျူးလွန်ကြောင်း တွေ့ရှိလျှင် "မှတ်ပုံတင်လက်မှတ်အား ပယ်ဖျက်ခြင်း (သို့မဟုတ်) ကာလအကန့် အသတ်ဖြင့် ဆိုင်းငံ့ခြင်း"တို့ကို ကုန်သွယ်ရေးဦးစီးဌာနမှ ဆောင်ရွက် သွားမည်ဖြစ်သည်။ သို့သော် စစ်ဆေးနေသည့် ကုန်စည်များထဲတွင် ရောင်းချရန်ခွင့်မပြုထားသော ကုန်စည်(သို့မဟုတ်)တားမြစ်/ ကန့် သတ်ကုန်စည်များ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာတည်ဆဲဥပဒေ များအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည်။ တတိယ တာဝန် မှာ မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ တို့ကို မြေပြင်တွင် စစ်ဆေးဆောင်ရွက်ရခြင်းဖြစ်သည်။ မှတ်ပုံတင် လက်မှတ်မရှိဘဲ လုပ်ငန်းဆောင်ရွက်နေသည်ကို တွေ့ရှိရပါက အဆိုပါ လုပ်ငန်းရှင်အား စားသုံးသူရေးရာဦးစီးဌာနမှ အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်သည်။

ယခုကဲ့သို့ ကလေးမှအစ လူကြီးအဆုံး Social Media အား Online ပေါ်တွင် တွင်တွင်ကျယ်ကျယ် အသုံးပြုနေသည့် ခေတ်ကြီး တွင် စီးပွားရေးလုပ်ငန်းရှင်များသည် မိမိတို့ ထုတ်လုပ်/ တင်ပို့ ရောင်းချလိုက်သည့် ကုန်စည်များကို ဈေးကွက်ထိုးဖောက်နိုင်ရန် အတွက် Social Media များအား နည်းပေါင်းစုံဖြင့် အသုံးပြုလာကြ သည်။ ထို့ကြောင့် Online ပေါ်ရှိ Social Media များအား အသုံးပြု ၍ တစ်ဆင့်ရောင်းဝယ်မှုလုပ်ငန်းများ ဆောင်ရွက်နေကြသည့် စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် Online Sale လုပ်ငန်း မှတ်ပုံ တင်ခြင်းများကို ဆောင်ရွက်ထားကြရန်အတွက် တိုက်တွန်းလိုပါ ကြောင်းနှင့် မှတ်ပုံတင်ဆောင်ရွက်ထားပါက စားသုံးသူများ၏ ယုံ ကြည်စိတ်ချမှုကိုရသော လုပ်ငန်းအဖြစ် အခြေတည်ရပ်တည်နိုင်မည် ဖြစ်သကဲ့သို့ လိမ်လည်သူများမှ မိမိတို့၏လုပ်ငန်း Account များအား အတုပြုလုပ်၍ ဂုဏ်သိက္ခာပိုင်းညှိုးနွမ်းအောင် ဆောင်ရွက်လာမှုများ ရှိလာပါကလည်း ဥပဒေနှင့်အညီ အကာအကွယ် ရရှိနိုင်မည်ဖြစ် သည်။

စားသုံးသူများအနေဖြင့်လည်း Online ပေါ်မှ ဈေးဝယ်မည် ဆိုပါက Online Sales မှတ်ပုံတင် လက်မှတ်ရရှိထားသည့် Page နှင့် Account များထံမှ ဝယ်ယူခြင်းဖြင့် လိမ်လည်မှုများမှ ရှောင်ရှားနိုင် မည်ဖြစ်သကဲ့သို့ စားသုံးသူနစ်နာမှုများ ရှိလာပါကလည်း လုပ်ငန်း ရှင်များမှ တာဝန်ယူမှု တာဝန်ခံမှု အပြည့်ရှိစွာဖြင့် ဖြေရှင်းဆောင် ရွက်ပေးသည့် ဝန်ဆောင်မှုကိုလည်း လက်ခံရရှိမည်ဖြစ်ကြောင်း ရေးသားတင်ပြခြင်းဖြင့် အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ် ထားသည့် Online Sales လုပ်ငန်းများ မှတ်ပုံတင်ခြင်းစနစ်နှင့် ဆက် နွယ်နေသည့် စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းတာဝန်များ အကြောင်း အများပြည်သူများ သိရှိနိုင်စေရန်အတွက် မျှဝေတင်ပြ လိုက်ရသည်။

# စင်ကာပူ၏ ပင်လယ်စာဈေးကွက်တွင် ထိပ်ဆုံး ငါးနေရာ၌ ရပ်တည်ခဲ့သည့် ဗီယက်နမ်

ဈေးကွက်တွင် ယှဉ်ပြိုင်မှုများပြင်းထန်သော်လည်း ဗီယက်နမ်သည် ၂၀၂၄ ခုနှစ်တွင် စင်ကာပူသို့ စတုတ္ထအကြီးဆုံး ပင်လယ်စာတင်ပို့သူအဖြစ် ဂျပန်ကိုကျော်ဖြတ်ကာ ရပ်တည်နိုင်ခဲ့ကြောင်း Vietnam Plus သတင်းဌာန၏ ဇန်နဝါရီ ၂၃ ရက် ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၄ ခုနှစ်တွင် စင်ကာပူသည် စင်ကာပူဒေါ်လာ ၁ဒသမ၁၇ ဘီလီယံ တန်ဖိုးရှိသော ပင်လယ်စာများကို နိုင်ငံနှင့် ဒေသပေါင်း ၁၀၀ နီးပါးမှ တင်သွင်း ခဲ့ကြောင်း သိရသည်။ စင်ကာပူ ဈေးကွက်ကို လွှမ်းမိုးထားသည့် အဓိကပင်လယ်စာ ထုတ်ကုန်များတွင် စုစုပေါင်း စားသုံးမှု၏ ၂၃ဒသမ၇၄ ရာခိုင်နှုန်းရှိသော ပုစွန်နှင့် ကဏန်း၊ ၁၈ ဒသမ ၈၄ ရာခိုင်နှုန်းရှိသော အေးခဲငါး၊ ၁၈ ဒသမ ၀၈ ရာခိုင်နှုန်းရှိသော လတ်ဆတ်သောငါး၊ ၁၆ ဒသမ ၉၄ ရာခိုင်နှုန်းရှိသော ငါးအသားပြားများနှင့် ၁၁ ဒသမ ၂၉ ရာခိုင်နှုန်းရှိသော ကမာတို့ပါဝင်ကြောင်း သိရသည်။



အခြားအမျိုးအစားများဖြစ်သည့် လတ်ဆတ်သောငါး၊ ပြုပြင်ထားသောငါးနှင့် ရေထွက်ကုန်တို့မှာ ဈေးကွက်ဝေစု၏ ၃ ဒသမ ၃၆ ရာခိုင်နှုန်း၊ ၅ ဒသမ ၀၄ ရာခိုင်နှုန်းနှင့် ၂ ဒသမ ၇၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ စင်ကာပူသို့ ထိပ်တန်းပင်လယ်စာ တင်ပို့သူ ၁၅ နိုင်ငံတွင် မလေးရှားက ဈေးကွက်ဝေစု၏ ၁၂ ဒသမ ၉၈ ရာခိုင်နှုန်းဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး အင်ဒိုနီးရှားက ၁၁ ဒသမ ၀၅ ရာခိုင်နှုန်း၊ နော်ဝေက ၁၀ ဒသမ ၁၆ ရာခိုင်နှုန်း၊ တရုတ်က ၉ ဒသမ ၉၈ ရာခိုင်နှုန်းနှင့် ဗီယက်နမ်က ၉ ဒသမ ၆၈ ရာခိုင်နှုန်းတို့ဖြင့် ရပ်တည်နေကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်၏ စင်ကာပူသို့ ပင်လယ်စာတင်ပို့မှုတန်ဖိုးမှာ စင်ကာပူဒေါ်လာ ၁၁၃ဒသမ၃၇ သန်း နီးပါးဖြင့် ၂၀၂၃ ခုနှစ်ကထက် ၄ ဒသမ ၉၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ ခရု၊ ကမာတင်ပို့မှုမှာ ၁၁၇ ဒသမ ၉၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သော်လည်း လတ်ဆတ်သော ငါး၊ အေးခဲငါးနှင့် ရေထွက်ကုန်တင်ပို့မှုမှာ ၄၈ ဒသမ ၅၉ ရာခိုင်နှုန်း၊ ၃၀ဒသမ၁ ရာခိုင်နှုန်းနှင့် ၃၁ ဒသမ ၈၂ ရာခိုင်နှုန်း အသီးသီး စံချိန်တင်ကျဆင်းခဲ့ကြောင်း သိရသည်။

စင်ကာပူရှိ ဗီယက်နမ်၏ ကုန်သွယ်ရေး အတိုင်ပင်ခံပုဂ္ဂိုလ် Cao Xuan Thang က ဈေးကွက်အတွင်း ဗီယက်နမ်၏ အရေးပါသော အခန်းကဏ္ဍကို အသားပေးပြောကြားပြီး ၎င်းတို့၏ဈေးကွက်ဝေစုနှင့် တင်ပို့မှုတန်ဖိုး တည်ငြိမ်စွာမြင့်တက်ရန်အတွက် ဗီယက်နမ်သည် ထုတ်ကုန်အရည်အသွေး ဆက်လက်မြှင့်တင်ရန်၊ ထောက်ပံ့ပို့ဆောင်ရေး အားသာချက်ကိုအသုံးချနိုင်ရန်နှင့် ကုန်ကျစရိတ်များ လျှော့ချရန်လိုအပ်ကြောင်း Thang က ပြောကြားခဲ့သည်။

**Vietnam Plus, (DOCAYGN)**

# ဖိလစ်ပိုင်နိုင်ငံ၏ ဆေးရွက်ကြီး ထုတ်လုပ်မှု မြင့်တက်လာဖွယ်ရှိ

၂၀၂၅ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံ၏ ဆေးလိပ်အရွက် (Tobacco Leaf)၊ ဆေးရွက်ကြီး ပြည်တွင်းထုတ်လုပ်မှု မြင့်တက်လာဖွယ်ရှိကြောင်း၊ ၂၇-၁-၂၀၂၅ ရက်က ကျင်းပခဲ့သည့် 2nd International Tobacco Summit တွင် ဖိလစ်ပိုင် အမျိုးသား ဆေးရွက်ကြီးဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ (National Tobacco Admistration-NTA) တွင် ပြောကြားခဲ့သည်။

ထုတ်ပြန်သည့် ကိန်းဂဏန်း အချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် ဆေးရွက်ကြီး ထုတ်လုပ်မှုမှာ ၄၂၂၄၈ ဒသမ ၅၂ မက်ထရစ်တန်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ၄၅၄၀၁ ဒသမ ၁၄ မက်ထရစ်တန်သို့ တိုးမြင့်ထွက်ရှိခဲ့သည်။ ၂၀၂၅ ခုနှစ်တွင်လည်း ၄၅၅၇၉ ဒသမ ၈၄ မက်ထရစ်တန် ထုတ်လုပ်ရရှိနိုင်မည်ဟု ခန့်မှန်းထားရှိသည်။

၂၀၂၅ ခုနှစ်အတွင်း ဆေးရွက်ကြီးစိုက်ပျိုးထုတ်လုပ်မှု ပိုမိုမြင့်တက်လာနိုင်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်ဆေးရွက်ကြီး စိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌက ပြောကြားခဲ့သည်။ အဓိကအကြောင်းအချက်များမှာ အချို့သော တောင်သူများသည် သက်ဆိုင်ရာ ပြည်နယ်အစိုးရများ၏ အားပေးကူညီမှုများကြောင့် ဆေးရွက်ကြီးစိုက်ပျိုးမှုဘက်ကို ပြောင်းရွှေ့စိုက်ပျိုးလာကြကြောင်း ဖော်ပြပါရှိသည်။

၂၀၂၄ ခုနှစ်အတွင်း ဗာဂျီးနီးယားဆေးရွက်ကြီး စိုက်ပျိုးထုတ်လုပ်သည့်တောင်သူဦးရေ ၁၄၃၅၀၊ ဘာလီ (Burley) မျိုးစိုက်ပျိုးသူ ၆၀၀၁ ဦးနှင့် Native Variety စိုက်ပျိုးသူ ၂၂၇၀၇ ဦးတို့ရှိခဲ့ကြောင်း ဖော်ပြထားသည်။

သို့ရာတွင် ဗာဂျီးနီးယားဆေးရွက်ကြီး စိုက်ပျိုးသည့်ဧရိယာမှာ ၂၀၂၃ ခုနှစ်က ၁၀၀၃၁ ဟက်တာရှိရာမှ ၂၀၂၄ ခုနှစ်တွင် ၉၈၅၃ ဟက်တာသို့ ကျဆင်းခဲ့သည်ကို တွေ့ရှိရပြီး တစ်ဖက်တွင်လည်း ဘာလီမျိုးစိုက်ပျိုးသည့်ဧရိယာမှာ ၂၀၂၃ ခုနှစ်တွင် ၁၂၀၅၆ ဟက်တာရှိရာမှ ၂၀၂၄ ခုနှစ်တွင် ၂၉၇၈ ဟက်တာသို့ မြင့်တက်ခဲ့သည်။

ပြည်တွင်း ဆေးရွက်ကြီး ပြည်တွင်းဝယ်ယူမှုဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် တစ်ကီလိုလျှင် ၁၃၇ ဒသမ၃၂ ပီဆိုမှ ၂၀၂၄ ခုနှစ်တွင် တစ်ကီလိုလျှင် ၁၂၉ ဒသမ ၀၄ ပီဆိုသို့ ကျဆင်းခဲ့သည်။ ၂၀၂၅ ခုနှစ်တွင် တစ်ကီလိုလျှင် ၉၉ ဒသမ ၇၈ ပီဆိုထိ ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားသည်။

**ကေသွယ်ခိုင် (စီးပွားရေးသံမှူး)**

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

(၂၇-၁-၂၀၂၅)ရက်နေ့မှ (၂-၂-၂၀၂၅)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်

ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 1270 |
| ငွေလဲနှုန်း | 3079 |
| Customs ငွေလဲနှုန်း | 3592.5 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 4,887,913 | 7.98 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x ငွေလဲနှုန်း | 19,551,650 | 31.93 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 20 | 12,247,800 | 20.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 228,123,750 | 372.51 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ငွေလဲနှုန်း | 9,698,850 | 15.84 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကြိုတင်ဝင်ငွေခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 2% | 91,249,500 | 149.01 |
| ၁၂ | ကန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 30 | 18,371,700 | 30.00 |
| ၁၃ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 40 | 24,495,600 | 40.00 |
| ၁၄ | ဘဏ်အတိုးနှုန်း | 1000 MTx CIF x ငွေလဲနှုန်း x 1.167 % | 45,633,551 | 74.52 |
| | **အထွေထွေစရိတ်ပေါင်း** | | **456,243,914** | **745.02** |
| ၁၅ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | **3,910,330,000** | **6,385.36** |
| | **စရိတ်စုစုပေါင်း** | | **4,366,573,914** | **7,130.38** |

# ဗီယက်နမ်၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တင်ပို့မှုသည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဘီလီယံအထိရောက်ရှိရန် မျှော်မှန်းထား

ဗီယက်နမ် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုမှ ဝင်ငွေသည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဘီလီယံ ရရှိရန်ရည်ရွယ်ထားပြီး ၂၀၂၄ ခုနှစ်၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တင်ပို့မှုမှာ ဒေါ်လာ ၇ဒသမ၁ ဘီလီယံရှိကြောင်း ဗီယက်နမ် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်လုပ်ငန်းရှင်များအသင်း၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ပြည်တွင်းမီဒီယာများက ဖော်ပြခဲ့သည်။

ကုန်သွယ်ရေးတင်းမာမှုများနှင့် ပထဝီဝင်နိုင်ငံရေး ပဋိပက္ခများသည် ၂၀၂၅ ခုနှစ်တွင် လယ်ယာပို့ကုန်အတွက် အဓိကစိန်ခေါ်မှုများဖြစ်နိုင်သော်လည်း ဒေါ်လာ ၈ ဘီလီယံရောက်ရှိရန်ဟူသော ပို့ကုန်ပစ်မှတ်သည် အဓိကဈေးကွက်များတွင် ၎င်းတို့၏ စီးပွားရေးတိုးချဲ့မှုနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် မူတည်နေကြောင်း အသင်းဥက္ကဋ္ဌ Nguyen Thanh Binh မှ ပြောကြားခဲ့သည်။

စီးပွားရေး လုပ်ငန်းများသည် ထုတ်ကုန်အရည်အသွေး မြှင့်တင်ရန်နှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန် အလေးထား ဆောင်ရွက်သင့်ပြီး နှစ်နိုင်ငံဘက်စုံ လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်များကို တင်းကျပ်စွာ လိုက်နာဆောင်ရွက်သင့်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၏ အဆိုအရ ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၇ဒသမ၁ ရာခိုင်နှုန်း တိုးလာခဲ့ပြီး ဝင်ငွေဒေါ်လာ ၇ ဘီလီယံ ကျော်လွန်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်ထုတ်ကုန်များသည် အဓိကဈေးကွက်များတွင် ၎င်းတို့၏ တည်ရှိမှုမှာ သိသိသာသာ အားကောင်းလာကာ တရုတ်ဈေးကွက်တွင်လည်း တတိယနေရာမှ ဒုတိယနေရာသို့ တက်လာကာ အမေရိကန်တွင် ၃၀ ရာခိုင်နှုန်းကျော်နှင့် ထိုင်းနိုင်ငံတွင် ၈၀ ရာခိုင်နှုန်းကျော်အထိ သိသိသာသာ တိုးတက်မှုရှိကြောင်း ဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

**Source : Xinhua**

**ဟန်ကိုကျော်(DOCAYGN)**

# ငွေချေးစာချုပ်ဈေးကွက်နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု (၁)

ထွန်းသက်ထွန်း




မကြာသေးခင်နှစ်များက ဖြစ်ပွားခဲ့သည့် နိုင်ငံတကာငွေကြေး အကျပ်အတည်းများကြောင့် ကမ္ဘာတစ်ဝန်းမှ မူဝါဒချမှတ်သူများအနေနှင့် ပြည်တွင်း ငွေချေးသက်သေခံလက်မှတ် ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရန် အထူးသဖြင့် ငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရန် အာရုံစိုက်လာကြသည်။ အဆိုပါငွေချေးစာချုပ်ဈေးကွက် (Bond Market) တိုးတက်ဖွံ့ဖြိုးရေးအတွက် ကမ္ဘာ့အဖွဲ့အစည်းအသီးသီးမှ မူဝါဒဆိုင်ရာ အကြံပြုမှုများစွာပေါ်ထွက်ခဲ့သည်။ အစိုးရတစ်ရပ်၏ ကြွေးမြီစီမံခန့်ခွဲမှုစနစ်တစ်ရပ်သည် ပြည်တွင်းငွေချေး သက်သေခံလက်မှတ်ဈေးကွက် (Domestic Securities Market) ဖွံ့ဖြိုးမှုနှင့် တိုက်ရိုက်ဆက်နွယ်ပတ်သက်လျက်ရှိသည်။ သို့ဖြစ်ရာ ကမ္ဘာ့ဘဏ် (World Bank) နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) တို့သည်ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ငွေချေးစာချုပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ချက်များချမှတ်ကာ နည်းပညာအကူအညီများ ပေးအပ်လျက်ရှိသည်။

ငွေချေးသက်သေခံလက်မှတ် ဖွံ့ဖြိုးတိုးတက်မှုသည် ရှုပ်ထွေးနက်နဲသော လုပ်ငန်းများဖြစ်ပြီး ယင်း၏ အောင်မြင်မှုသည် နိုင်ငံတစ်ခုချင်း၏ ဘဏ္ဍာရေးစနစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘဏ္ဍာရေးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများအပေါ်မူတည်သည်။ နိုင်ငံအတော်များများတွင် ငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်မှုမှာ ယင်းနိုင်ငံများ၏ စတော့ရှယ်ယာဈေးကွက် အကောင် အထည်ဖော်ဆောင်မှု၊ မူဝါဒရေးရာ အားနည်းမှုများကြောင့် အခက်အခဲ အတားအဆီးများစွာ ဖြစ်ပေါ်နေရသည်။ ဥပမာအားဖြင့် အချို့သော အဖွဲ့အစည်းများသည် ဘဏ္ဍာငွေဖြည့်တင်းရေးအတွက် ပြည်တွင်းကူးသန်းရောင်းဝယ်ရေးဘဏ် အနည်းစုကိုသာ အားကိုးအားထား ပြုနေကြခြင်းကြောင့် ပြိုင်ဆိုင်မှုအားနည်းကာ တစ်ဖက်တွင်လည်း လုပ်ငန်းဆောင်ရွက်မှုစရိတ်စကများ ကြီးမားစေသည်။ ခိုင်မာသည့်ဈေးကွက်အခြေခံအဆောက်အအုံများ မရှိခြင်းက ငွေချေးသက်သေခံလက်မှတ်ဈေးကွက် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်အခက်အခဲများစွာ ကြုံတွေ့နိုင်သည်။

အဖွဲ့အစည်းအလိုက် ရင်းနှီးမြှုပ်နှံသူများ နည်းပါးခြင်း၊ ပြည်တွင်းစုဆောင်းမှုနှုန်း လျော့ကျခြင်း၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ နည်းပါးခြင်းက ဈေးကွက်ဖွံ့ဖြိုးမှုတစ်ခု ဖြစ်ပေါ်စေရေးအတွက် အတားအဆီးများဖြစ်သည်။ ထို့အပြင် စီးပွားရေးတည်ငြိမ်မှုမရှိခြင်း၊ ကြီးမားသော ဘဏ္ဍာရေးလိုငွေပြနေခြင်း၊ လှည့်လည်ငွေကြေးပမာဏ မြင့်တက်လာခြင်း၊ ငွေလဲလှယ်မှုနှုန်းများ တည်ငြိမ်မှုမရှိခြင်း စသည်များက ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုများကို လျော့ကျစေကာ ငွေချေးစာချုပ်ဈေးကွက် တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆုံးရှုံးနိုင်ခြေရှိမှု (Risk) များပြားစေသည်။

ငွေချေးစာချုပ်ဈေးကွက် (Bond market) သည် ထုတ်ဝေသူများအတွက် ကာလရှည်ဘဏ္ဍာငွေ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသော နေရာတစ်ခုဖြစ်သည်။ ငွေချေးစာချုပ်သည် ကြွေးမြီဝန်ခံချက် (IOU) နှင့်တူညီသည်။ ငွေချေးစာချုပ် ထုတ်ဝေသူသည် ငွေချေးယူသူဖြစ်သည်။ ငွေချေးစာချုပ်ဝယ်ယူသူ သည် ငွေချေးငှားသူဖြစ်သည်။ သို့သော် ကြွေးမြီဝန်ခံချက်နှင့် ခြားနားသည်မှာ ငွေချေးစာချုပ်များသည် တစ်ဦးမှတစ်ဦးသို့ လွှဲပြောင်းနိုင်သည့်အခွင့်အလမ်းရှိသည်။ Secondary market တွင် ရောင်းဝယ်ဖောက်ကားနိုင်သည်။ ငွေချေး စာချုပ်တွင်စာချုပ်၏သက်တမ်း၊ အတိုးနှုန်း၊ အတိုးပေးမည့်ကာလ စသည်တို့ဖြင့် ပြည့်စုံစွာပါရှိသည်။ ငွေချေးစာချုပ်သည် ပုံမှန်အတိုးပေးရပြီး သက်တမ်းစေ့သည့်အချိန်တွင် အရင်းပြန်ဆပ်ရသည်။

အစိုးရငွေ ချေးစာချုပ် (Government Treasury Bond ) များသည် အစိုးရ၏ ဘဏ္ဍာငွေလိုအပ်ချက်အရ ထုတ်ဝေသော စာချုပ်စာတမ်းများဖြစ်ပြီး အာမခံမှု အပြည့်အဝရရှိသည်။ ဆုံးရှုံးနိုင်ခြေလုံးဝမရှိနိုင်သော ငွေချေးစာချုပ်များဖြစ်ပြီး ငွေချေးစာချုပ်များအားလုံး၏ စံနမူနာပြပြန်ရနှုန်းမျဉ်းကွေး (Benchmark Yield Curve) တစ်ခုအဖြစ် သတ်မှတ်ထားကြသည်။ ကော်ပိုရိတ်ငွေချေးစာချုပ် (corporate bond) များသည် ကုမ္ပဏီများမှ ထုတ်ဝေသော ငွေချေးစာချုပ်များဖြစ်ပြီး သတ်မှတ်ထားသော သက်တမ်းပြည့်လျှင် အတိုးနှင့် အရင်းကို ပြန်လည်ပေးအပ်မည်ဟု ကတိပြု၍ ထုတ်ဝေသော ငွေချေးစာချုပ်များဖြစ်သည်။ အတိုးငွေများကို တစ်နှစ်လျှင် နှစ်ကြိမ်သော်လည်းကောင်း၊ လေးကြိမ်သော်လည်းကောင်း ထုတ်ပေးလေ့ရှိသည်။ အစိုးရမှ ထုတ်ဝေသော ငွေချေးစာချုပ်များထက် အနည်းငယ်ခိုင်မာမှု အားနည်းသည်ဟု သတ်မှတ်ထားကြသည်။

ခိုင်မာသော ငွေချေးစာချုပ်ဈေးကွက်တစ်ခုသည် အစိုးရနှင့် ကော်ပိုရေးရှင်းများအတွက် ကျယ်ပြန့်များပြားသော ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ပေးနိုင်စွမ်းရှိသည်။ အစိုးရငွေချေးစာချုပ်ဈေးကွက်သည် ပုံသေဝင်ငွေရရှိသော ငွေချေးသက်သေခံလက်မှတ်အားလုံး၏ အခြေခံကျောရိုးတစ်ခုဖြစ်ကာ စံနမူနာတစ်ခုလည်းဖြစ်သည်။ အစိုးရ ငွေချေးစာချုပ်အားလုံးသည် အစိုးရအပေါ် ယုံကြည်စိတ်ချရမှု တစ်ခုတည်းအပေါ် အခြေခံထားကာ ထုတ်ဝေပြီး အခြားသော ရုပ်ဒြပ်ပိုင်ဆိုင်မှုများကို ကျောထောက်နောက်ခံပြုထားခြင်း မရှိပါ။ သို့သော်လည်း အစိုးရမှလွဲ၍ အခြားသော ပုဂ္ဂလိကများမှထုတ်ဝေသော ငွေချေးစာချုပ်များအတွက်မူ ထုတ်ဝေသောပမာဏ၏ အပြည့်သော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကို လည်းကောင်း အပေါင်ပစ္စည်း (Mortgage) ဟုခေါ်သော ပိုင်ဆိုင်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းများကို အာမခံကာ ထုတ်ဝေကြရသည်။ ထို့အတူ အခြားသောပုံသဏ္ဌာန်အမျိုးမျိုးမှ ရရန်ရှိပစ္စည်းများကိုလည်း အပေါင်အဖြစ်ထားကာ ထုတ်ဝေနိုင်ကြပသည်။

ကမ္ဘာတစ်ဝန်းလုံးမှ ငွေချေးစာချုပ်ထုတ်ဝေသူများသည် အခြေခံမှုများဖြစ်သည့် ကာလရှည်လိုအပ်သော ငွေကြေးအရင်းအနှီးအတွက် ထုတ်ဝေခြင်း၊ ရင်းနှီးမြှုပ်နှံသူများအနေနှင့် စုဆောင်းမှုမှသည် ငွေဖြစ်လွယ်သော အရင်းအနှီးအဖြစ်ပြောင်းလဲခြင်း၊ ဘဏ္ဍာရေး ကြားခံအဖွဲ့များက ထုတ်ဝေသူနှင့် ရင်းနှီးမြှုပ်နှံသူတို့ အကြား ပေါင်းကူးပေးခြင်းနှင့် အခြေခံအဆောက်အအုံများဖြစ်သည့် ရောင်းဝယ်ရေးစနစ်များ၊ ဥပဒေထိန်းကျောင်းမှုများနှင့် စာရင်းရှင်းလင်းရေးစနစ်များ စသည်တို့ကို လိုက်နာဆောင်ရွက်ကြရသည်။

ငွေချေးစာချုပ်ဈေးကွက်ကို အခြေခံအားဖြင့် ဥပဒေစည်းမျဉ်းများ ရေးဆွဲကာ ထိန်းကျောင်းပေးပြီး ယင်းဥပဒေဖြင့်ပင် အရင်းအနှီးဈေးကွက် သို့မဟုတ် စတော့ရှယ်ယာဈေးကွက်ကြီး တစ်ခုလုံးကို ထိန်းကျောင်းပေးသည်။ ထိရောက်သွက်လက်သော ငွေချေးစာချုပ်ဈေးကွက်တွင် ထူးခြားသောသွင်ပြင်လက္ခဏာများစွာရှိပြီး ယင်းတို့မှာ ယှဉ်ပြိုင်မှု အပြည့်အဝရှိသော ဈေးကွက်ပုံသဏ္ဌာန်ရှိခြင်း၊ လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ် နည်းပါးခြင်း၊ ခိုင်မာပြီး စိတ်ချရသည့် ဈေးကွက်အခြေခံအဆောက်အအုံရှိခြင်း၊ အရွယ်အစား စုံလင်လှသော ရင်းနှီးမြှုပ်နှံသူမျိုးစုံရှိခြင်း စသည်တို့ဖြစ်သည်။

နိုင်ငံတစ်ခုတွင်ခိုင်မာသော ငွေချေးစာချုပ်ဈေးကွက်တစ်ခုသာရှိမည်ဆိုပါက ယင်းမှ နိုင်ငံတော်နှင့် ရင်းနှီးမြှုပ်နှံသူတို့အတွက် မြောက်မြားစွာသော အကျိုးကျေးဇူးများကိုပေးနိုင်စွမ်းရှိသည်။ မေခရိုစီးပွားရေး မူဝါဒအဆင့်တွင် ငွေချေးစာချုပ်သည် နိုင်ငံတော်အတွက် လိုအပ်နေသော ဘတ်ဂျက်လိုငွေကို ဖြည့်ဆည်းပေးကာ အစိုးရမှ ငွေစက္ကူများ ငွေကြေးစနစ်အတွင်းသို့ ဖြည့်တင်းနေရမှုကို လျော့နည်းသက်သာစေသည်။ ထို့အပြင် အစိုးရအနေဖြင့် ပြည်ပနိုင်ငံများမှ ကြွေးမြီလိုအပ်ချက်များကိုလည်း လျော့နည်းသက်သာစေသည်။

ထို့အပြင် အစိုးရငွေချေးသက်သေခံလက်မှတ်ဈေးကွက်သည် နိုင်ငံ၏ငွေကြေးမူဝါဒ (Monetary Policy) များဖြစ်သည့် ငွေကြေး စနစ်ခိုင်မာရေးနှင့် ငွေဖောင်းပွမှုနှုန်းလျော့နည်းစေရေး စသည်တို့ကိုလည်း အထောက်အကူပြုသည်။ နောက်ဆုံးအနေနှင့် နိုင်ငံတစ်ခုအား ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲရာတွင် လိုအပ်သည့်ကာလတို၊ ကာလရှည် ငွေကြေးများအတွက် ဘဏ္ဍာငွေဖြည့်တင်းမှုကို ရရှိစေသော ဈေးကွက်တစ်ခုကို ဖြစ်ပေါ်စေသည်။

မိုက်ခရိုစီးပွားရေးမူဝါဒ အဆင့်တွင်လည်း ပြည်တွင်းငွေချေး သက်သေခံလက်မှတ် ဈေးကွက်ဖွံ့ဖြိုးမှုသည် ဘဏ္ဍာရေးစနစ် အားလုံး၏ တည်ငြိမ်မှုကိုရရှိစေကာဘဏ္ဍာရေး ကြားခံအဖွဲ့များအနေနှင့် ကြီးမား သော ယှဉ်ပြိုင်မှုများကိုဖြစ်ပေါ်စေပြီး ယင်းနှင့် ဆက်နွယ်နေသော ဘဏ္ဍာရေးအခြေခံအဆောက်အအုံများ၊ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအားလုံးကို ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်စေသည်။ ငွေချေးသက်သေခံလက်မှတ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်မှုမှသည် မူလဘဏ်အခြေခံသောစနစ်မှသည် အဆင့်များစွာပါဝင်သည့် ဘဏ္ဍာရေးစနစ်များကို ဖြစ်ပေါ်စေသည်။ အစိုးရနှင့် ဆက်နွယ်သည့် ပုဂ္ဂလိက ကဏ္ဍတို့တွင် ငွေချေးသက်သေခံလက်မှတ်ဈေးကွက် ဖွံ့ဖြိုးတိုး တက်လာသည်နှင့်အမျှ ကူးသန်းရောင်းဝယ်ရေးဘဏ်များကိုလည်း ပိုမိုစုံလင်သည့် ဘဏ္ဍာရေး စာချုပ်စာတမ်းများတွင် ပါဝင်ပတ်သက်ရန် အခွင့်အလမ်းများစွာကို ရရှိစေနိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့် ငွေချေးသက်သေခံလက်မှတ် ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုမှသည် ကျယ်ပြန့်သည့် သတင်းအချက်အလက်စနစ်များ၊ ဥပဒေရေးရာများ၊ အခြေခံအဆောက်အအုံဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာကာနိုင်ငံ၏ ဘဏ္ဍာရေးစနစ်ကြီး တစ်ခုလုံးကို အောင်မြင်မှုရရှိစေမည်ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)


ရွှင်လန်းကျန်းမာ မိသားစုကမ္ဘာ
WellFamily နဲ့ တည်ဆောက်ပါ
wellman ORIGINAL
essential vitamins & minerals, amino acids, bio-elements & ginseng
to help maintain health, vitality, energy release for men of all ages
UK's No1 FOR MEN
VITABIOTICS
Vitabiotics wellkid 4-12 years
MULTI-VITAMIN SMART CHEWABLE
21 nutrients
with iodine to contribute to normal growth
with iron to contribute to normal cognitive development of children
VITABIOTICS SCIENCE OF HEALTHY LIVING
GREAT TASTING natural mixed fruit flavour
30 Capsules
Vitabiotics wellwoman original
To help maintain health, vitality & wellbeing
including vitamins B6, B12 & iron which contribute to normal energy release & immune function
plus Micronutrients Evening Primrose & Starflower Oils
UK's No1 FOR WOMEN
VITABIOTICS
Marketed & Distributed in Myanmar by:
ASHRO MYANMAR LTD.
Tel: 01-9559403(-406), 02-4036561
VITABIOTICS SCIENCE OF HEALTHY LIVING


YUKIOH
MYANMAR
Yukioh Myanmar Co.,Ltd
Raw Materials and Gelato Factory
မြန်မာရာသီပေါ်သီးနှံများကို ဂျပန်နည်းပညာဖြင့် အသီးအနှစ်များပြုလုပ်၍ ပြည်တွင်း၊ ပြည်ပ ဖြန့်ဖြူးပေးနေသော ဂျပန်စက်ရုံဖြစ်ပါသည်။ ထို့အပြင် မိမိကိုယ်ပိုင် Brand ဖြင့်ရောင်းချလိုသူများ အတွက်လည်း OEM စနစ်ဖြင့် ထုတ်လုပ်ပေးပါသည်။ စက်ရုံမှထုတ်လုပ်ထားရှိသော အသီးအနှစ် များကို အသုံးပြုကာ အီတလီနိုင်ငံ၏ အကျော်ကြားဆုံး အချိုပွဲများထဲမှ တစ်ခုဖြစ်သော ဂျလပ်တို (ရေခဲမုန့်) များကိုလည်း ထုတ်လုပ်ရောင်းချလျက်ရှိပါသည်။
www.yukioh-mm.com
BH 2-2, Industrial Area, Zone B, Thilawa SEZ, Yangon, Myanmar.
01 - 2309337
info@yukioh-myanmar.com


ESSENTIAL MOTORS
Impressive look for your lifestyle
BYD ATTO 3

BIZOL
Made in Germany
A.ONE.TOP
&
STARLIGHT
MANNOL
SCT LUBRICANTS
Head Office
No.C 10/11, Thiri Yadanar Wholesale Market,
North Oakkala Township Yangon
Office : 09 785 411 288
Bizol : 09 772 928 187, 09 250 411 288
Mannol : 09 674 709 699, 09 775 682 911
info@aonetopandstarlight.com


PYEI PHYO AUNG CO., LTD.
Office : No. 74, Wadan St, Lanmadaw Township, Yangon, Myanmar.
Phone No. : +95 1 8228584, 8211124, 8223097, 2316119, 2316260
Fax No. : +95 1 8211821
E-mail : ppaoffice@gmail.com.
Website : www.ppagroups.com
အဓိပတိလယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလီမိတက်
ဆန်နှင့် ဆန်ထွက်ပစ္စည်းများ ကြိတ်ခွဲထုတ်လုပ်၍ ပြည်တွင်း/ပြည်ပသို့ဖြန့်ဖြူးတင်ပို့ရောင်းချသည်။
SATAKE Corporation ထုတ် ဆန်စက်ပစ္စည်းများအား တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်ဖြန့်ဖြူးရောင်းချသည်။
Head Office: Satsan (12) Compound, Upper Pazundaung Road, Mingalar Taung Nyunt Township, Yangon
+951 292 895, +951 292 803. Fax: +951 292 819, mail : adipatilimited@gmail.com, website: www.adipatiagri.com
Show Room: Corner of BayintNaung Road and Parami Road, Hlaing Township, Yangon, +959 449957760, +959 250253328

# AUNG NAING THITSAR GROUP OF COMPANIES

## RICE WHOLE SUPPLY CHAIN




## MULTI MODEL TRANSPORT & LOGISTICS



## RICE CONTRACT FARMING



**Dagon Center II, Pyay Road,**
**No. 268 Room 14(C,E),**
**14th Floor, Sanchaung Township,**
**Yangon, Myanmar.**

**+95 1 2317836**
**+95 1 2317837**
**+95 1 2314053**
**+95 1 2314054**

**ant.bdmanager@aungnaingthitsar.com**
**export@aungnaingthitsar.com**
**export2@aungnaingthitsar.com**

# DeepSeek Chatbot အပလီကေးရှင်းအသစ် ထွက်ပေါ်




DeepSeek Chatbot အပလီကေးရှင်း အသစ် ပေါ်ထွက်လာမှုကြောင့် နိုင်ငံတကာ အေအိုင် နည်းပညာကုမ္ပဏီများ၏ အစုရှယ်ယာဈေးနှုန်းများ ကျဆင်းခဲ့ရကြောင်း CNN သတင်းဌာန၏ ရေးသားဖော်ပြချက်အရ သိရသည်။

လူငယ်ပညာရှင်များ ဦးဆောင်သည့် တရုတ်နိုင်ငံအခြေစိုက် စွန့်ဦးနည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သည့် DeepSeek အမည်ရှိ ကုမ္ပဏီ၏ လူ့ဉာဏ်ရည်တု(အေအိုင်) နည်းပညာသုံး Chatbot ဆော့ဖ်ဝဲ အပလီကေးရှင်းသစ်တစ်ခု ပေါ်ထွက်လာခြင်းကြောင့် ကမ္ဘာ့နည်းပညာ ကုမ္ပဏီကြီးများ၏ စတော့ရှယ်ယာဈေးနှုန်းများမှာ သိသိသာသာ ကျဆင်းခဲ့ကြောင်း သတင်းတွင် ဖော်ပြထားခြင်းဖြစ်သည်။

အဆိုပါ DeepSeek Chatbot အပလီကေးရှင်းအသစ်သည် အေအိုင်နည်းပညာ လောကအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာခဲ့ပြီး ဈေးကွက်ပြိုင်ဆိုင်မှု ပြင်းထန်ကာ တခြားအေအိုင် နည်းပညာကုမ္ပဏီများအတွက် စိုးရိမ်ဖွယ်ရာ အနေအထားတစ်ရပ် ဖြစ်လာခဲ့သည်။

နည်းပညာကဏ္ဍတွင် ရှေ့ပြေးကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နေသည့် ချစ်ပ်ပြားထုတ်လုပ်သော Nvidia ကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်းများမှာ ဇန်နဝါရီ ၂၇ ရက်တွင် ၁၇ ရာခိုင်နှုန်းအထိပင် ကျဆင်းခဲ့ရပြီး ယင်းကုမ္ပဏီ၏ ဈေးကွက်တန်ဖိုးအရ အမေရိကန်ဒေါ်လာ ၅၉၃ ဘီလီယံ လျော့ကျခဲ့ရသည်ဟု အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောဆိုထားသည်။

DeepSeek Chatbot ဆော့ဖ်ဝဲ အပလီကေးရှင်းသည် ကုန်ကျစရိတ်နည်းပါးမှုကြောင့် အခြားနည်းပညာ ကုမ္ပဏီကြီးများ၏ စတော့ရှယ်ယာဈေးနှုန်းများမှာ ရုတ်တရက်ဆိုသလို ကျဆင်းခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် DeepSeek Chatbot ဆော့ဖ်ဝဲ အပလီကေးရှင်း ပေါ်ထွက်လာမှုကြောင့် အမေရိကန်ပြည်ထောင်စုရှိ အေအိုင်နည်းပညာကုမ္ပဏီကြီးများသည်လည်း သိသာစွာ လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့ရသည်ဟု CNN သတင်းက ဆက်လက်ဖော်ပြထားသည်။

DeepSeek Chatbot ဆော့ဖ်ဝဲ အပလီကေးရှင်းသစ်ကို စတင်မိတ်ဆက်ချိန်မှာပင် စိတ်ဝင်စားမှု မြင့်တက်လာခဲ့ကြောင်း၊ အဆိုပါ အပလီကေးရှင်းသည် အက်ပဲလ်၏ အပလီကေးရှင်းစတိုးများတွင် အမေရိကန်အခြေစိုက် Open AI ကုမ္ပဏီ၏ ChatGPT ဆော့ဖ်ဝဲ အပလီကေးရှင်းကို ကျော်ဖြတ်၍ နေရာရယူမှုအများဆုံး Chatbot အပလီကေးရှင်းအဖြစ် အချိန်တိုတိုအတွင်း၌ပင် ရပ်တည်နိုင်ခဲ့သည်ဟု ဆိုသည်။

တရုတ်နိုင်ငံမှ တီထွင်ထုတ်လုပ်လိုက်သည့် DeepSeek Chatbot ဆော့ဖ်ဝဲ အပလီကေးရှင်းသည် အမေရိကန်ပြည်ထောင်စုမှ အေအိုင် နည်းပညာကုမ္ပဏီများအတွက် အချက်ပေး ခေါင်းလောင်းသံဖြစ်ကြောင်း တစ်ကျော့ပြန်အမေရိကန်သမ္မတဖြစ်လာသည့် ဒေါ်နယ်ထရန့်က ဇန်နဝါရီ ၂၈ ရက်တွင် ပြောဆိုထားသည်။ **Source; CNN**




## Apple iPhone တွင် Starlink ဂြိုဟ်တုအင်တာနက် စတင်အသုံးပြုနိုင်ပြီဖြစ်

အမေရိကန်ပြည်ထောင်စုမှ ထုတ်လုပ်သည့် Apple iPhone များတွင် SpaceX ၏ Starlink ဂြိုဟ်တု အင်တာနက်ကို ချိတ်ဆက်၍ စတင်စမ်းသပ်အသုံးပြုနိုင်ပြီဖြစ်ကြောင်း ယင်းစီမံကိန်းတွင် ပါဝင်သည့် T-Mobile မှ တာဝန်ရှိသူတစ်ဦးက ပြောသည်ဟု ရိုက်တာသတင်းဌာနက ရေးသားဖော်ပြထားသည်။

နည်းပညာသူဌေးကြီး Elon Musk ၏ SpaceX သည် အမေရိကန်ဆက်သွယ်ရေးကော်မရှင်၏ ခွင့်ပြုချက်ကို ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ရရှိခဲ့ပြီးနောက် T-Mobile နှင့် SpaceX သည် Starlink ၏ ဂြိုဟ်တုအင်တာနက်ကို ၎င်းတို့၏ iPhone များတွင် စတင်စမ်းသပ်နေပြီဖြစ်ကြောင်း၊ အဆိုပါ စမ်းသပ်မှုအရ T-Mobile က ဂြိုဟ်တုအင်တာနက်ဖြင့် စာများပေးပို့နိုင်ပြီဖြစ်ကြောင်းနှင့် ယင်းမှတစ်ဆင့် အနာဂတ်တွင် ဖုန်းပြောနိုင်မည်ဖြစ်သလို အင်တာနက်လည်း သုံးနိုင်လာတော့မည်ဟု ဆိုသည်။

အစောပိုင်း ကာလများက T-Mobile အနေဖြင့် ဂြိုဟ်တုအင်တာနက်ကို အသုံးပြုနိုင်သည့် Android စမတ်ဖုန်း အနည်းငယ်ကိုသာ ကြေညာထားသော်လည်း ယခုတွင်မူ iOS 18.3 Software Update ရရှိသည့် iPhone များကိုပါ ထည့်သွင်းပေးလိုက်ခြင်းဖြစ်သည်။

**Source; Reuters**

စိုင်းဗညား - စုစည်းသည်

## ကမ္ဘာလှည့်ခရီးသွားများ၏ လုံခြုံရေးဆိုင်ရာ တိုးမြှင့်မှုရရှိရန် ထိုင်းကြိုးပမ်း

ယခု ပွင့်လင်းရာသီတွင် ထိုင်းနိုင်ငံတွင်းသို့ လာရောက်မည့် ကမ္ဘာလှည့်ခရီးသွားများ ဘေးကင်းလုံခြုံရေးနှင့် ပတ်သက်ပြီး တိုးမြှင့်ဆောင်ရွက်သွားရန် ထိုင်းအာဏာပိုင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဗန်ကောက်ပို့စ်သတင်းဌာန၏ ဇန်နဝါရီ ၃၀ ရက် ရေးသားဖော်ပြချက်အရ သိရသည်။

တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်၏ ထိုင်းနိုင်ငံသို့ မကြာမီလာရောက်မည့် ခရီးစဉ်အတွင်း တွေ့ဆုံကာ မိမိတို့နိုင်ငံတွင်း၌ ကမ္ဘာလှည့်ခရီးသွားများ၊ အထူးသဖြင့် တရုတ်ခရီးသွားများ ဘေးကင်းလုံခြုံရေးနှင့် စိုးရိမ်မှုများကို ဖြေရှင်းရန် ပြင်ဆင်ထားကြောင်း ထိုင်းနိုင်ငံဝန်ကြီးချုပ် ပေတွန်သန်ရှင်နာဝပ်က ပြောသည်။

ထိုင်း-မြန်မာ နယ်စပ်ရှိ ကျားဖြန့်လုပ်ငန်းသို့ ရောက်ရှိကာ လူကုန်ကူးခံရသည့် တရုတ်သရုပ်ဆောင်တစ်ဦး ဖြစ်ရပ်နှင့်ပတ်သက်ပြီး ခရီးသွားအချို့က ၎င်းတို့၏ ထိုင်းနိုင်ငံသို့ သွားရောက်မည့် ခရီးစဉ်များကို ကြိုတင်ငွေများ အဆုံးခံကာ ဖျက်သိမ်းမှုများရှိနေကြောင်း သတင်းတွင် ဖော်ပြထားသည်။

ထို့ပြင် ထိုင်းနိုင်ငံဝန်ကြီးချုပ် ပေတွန်သန်ရှင်နာဝပ်သည် ဖေဖော်ဝါရီ ၅ ရက်မှ ၈ ရက်အထိ တရုတ်နိုင်ငံ ပေကျင်းသို့ သွားရောက်ရန် စီစဉ်ထားရာ ဝန်ကြီးချုပ်၏ ယင်းခရီးစဉ်တွင်လည်း တရုတ်ခရီးသွားများ၏ ဘေးကင်းလုံခြုံရေးအတွက် ထိုင်းအစိုးရက အာမခံမှုပေးနိုင်ကြောင်း ထပ်လောင်း အာမခံရန်ရှိသည်ဟု ဆိုသည်။

အခြားတစ်ဖက်တွင် ထိုင်းနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားအများဆုံး လာရောက်သည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ခြင်းကြောင့် ထိုင်း၏ ခရီးသွားအရင်းအမြစ်ကြီးတစ်ခု ဖြစ်သည့် ထိုင်းခရီးသွားကဏ္ဍကို ထိခိုက်မည်ကို ထိုင်းအာဏာပိုင်များက အထူးစိုးရိမ်ပူပန်လျက်ရှိနေသည်။ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ ဝင်ရောက်ခဲ့သည့် ကမ္ဘာလှည့်ခရီးသွား ၃၅ ဒသမ ၅ သန်းအနက် ၆ ဒသမ ၇ သန်းမှာ တရုတ် ခရီးသွားများဖြစ်ကြောင်း စစ်တမ်းများအရ သိရသည်ဟု ဗန်ကောက်ပို့စ် သတင်းဌာနက ရေးသားဖော်ပြထားခြင်းဖြစ်သည်။

**Source; Bangkok Post**

